# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၁)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၁) သို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၈

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၂၁) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ က Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၁)သို့ ပေးပို့သည့် အမှာစကား Video ကို ပြသသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် အမှာစကားကို စာမျက်နှာ- ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ဒုတိယသမ္မတ က အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် စတင်ကျင်းပသည့် ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်မှာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြရန်နှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြရန်

*စာမျက်နှာ ၄ ကော်လံ ၁* ❑





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) သို့ တက်ရောက် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားဘဏ် ဘဏ်ခွဲ သုံးခုအား ထပ်မံဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံခြားဘဏ် ဘဏ်ခွဲများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေးလုပ်ငန်းစဉ်အရ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ခုကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ တတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေးအစီအစဉ်အရ တရုတ်နိုင်ငံ(ထိုင်ဝမ်)မှ Mega International Commercial Bank Co., Ltd. အား ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ The Korea Development Bank နှင့် တရုတ်နိုင်ငံ (ထိုင်ဝမ်)မှ Cathay United Bank Co., Ltd. တို့အား ဇန်နဝါရီ ၆ ရက်တွင် လည်းကောင်း နိုင်ငံခြားဘဏ် ဘဏ်ခွဲလိုင်စင်များကို ထုတ်ပေးခဲ့သည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း၏ လက်ကား ဘဏ်လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ (Corporates) သို့ မည်သည့်ချေးငွေပံ့ပိုးမှု (Any Financing) ကိုမဆို ဖြည့်ဆည်းပေးနိုင်မည့်အပြင် အခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများ(Other Banking Services)ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ယခုအခါ ပြည်တွင်းတွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၆ ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ပြည်တွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ချေးငွေအရင်းအမြစ်များကို ရရှိလာမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းများကိုလည်း ငွေကြေးအရင်းအမြစ်များ ပံ့ပိုးပေးနိုင်မည်ဖြစ်သောကြောင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ သတင်းအညွှန်း


**ကာကွယ်ဆေးစတင်ထိုးနှံသည့်အချိန်မှစကာ ဂျာမနီနိုင်ငံတွင် လူပေါင်းလေးသိန်းကျော် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်** (စာ-၁၃)

**COVID - 19 ကပ်ရောဂါ၏ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍအပေါ် ထိခိုက်မှုများနှင့် လတ်တလောဖြေရှင်းမှုများအပါအဝင် ငါးစားသုံးမှုမြှင့်တင်ရေး** (စာ-၂၁)

မြန်မာ့အလင်း

# အရှုံးကိုရင်ဆိုင်ရဲသည့် သတ္တိ

လောကဓံနှင့် ကြုံရသောအခါ စိတ်ဓာတ် မတုန်လှုပ်ခြင်း၊ စိုးရိမ်ကြောင့်ကြမှုမရှိခြင်း၊ တပ်မက်မှု မရှိခြင်း၊ ကိလေသာအပြစ်မြူကင်းစင်ခြင်း၊ ကြောက်ခြင်းဟူသည့် ဘေးမရှိခြင်းတို့သည် မင်္ဂလာရှိ၏ဟု မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတွင် ဆိုသည်။

လောကလူ့ဘုံအနေဖြင့်ဆိုရလျှင် လောကဓံတရားဟူသည် လူတို့ကြုံကြရမြဲဖြစ်၏။ လောက၌ နေထိုင်ကြရာတွင် အောင်မြင်သည့်အခါရှိသလို ရှုံးနိမ့်သည့်အခါလည်း ရှိမည်။ အနိုင်ရသည့်အခါ အောင်မြင်ခြင်းကို ခံစားရာတွင် တည်ငြိမ်ဖို့လိုသလို အရှုံးနှင့် တွေ့ကြုံရသည့်အခါ ဣန္ဒြေမပျက် ရင်ဆိုင်နိုင်သည့် သတ္တိလိုသည်ပင်။

အမေရိကန်နိုင်ငံ၏ ရွေးကောက်ပွဲကို အကြောင်းပြု၍ မဲရှုံးသူတို့က အဓိကရုဏ်းများဖန်တီးကာ ဆူပူကြရင်း သေသူသေ၊ ဒဏ်ရာရသူ ရကြသည်။ မဲရှုံးသူအင်အားစုက လွှတ်တော်အဆောက်အအုံအတွင်းသို့ ဝင်ရောက်စီးနင်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဤသည်က အမေရိကန်သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး အဆိုးရွားဆုံးဖြစ်ရပ်ဟူ၍ စာနယ်ဇင်းများနှင့် နိုင်ငံတကာ နိုင်ငံရေးဝေဖန်သူများက ညွှန်းဆိုပြောကြ၏။ ဆန္ဒပြသူများသည် အဓိကရုဏ်းအဖြစ်မှသည် အကြမ်းဖက်မှုအဖြစ်ဆီသို့ ကူးသွားခဲ့သည်။ လွှတ်တော်ပြတင်းမှန်များကို ရိုက်ခွဲ၊ တားဆီးနေသည့်ရဲများကို ရန်ပြု စသည်ဖြင့် ဖြစ်ပွားခဲ့လေသည်။ လွှတ်တော်အမတ်များ လွှတ်တော်အတွင်းတွင် လေးနာရီခန့်ကြာအောင် ပုန်းအောင်းနေခဲ့ရပြီးသည့်နောက် ဆန္ဒပြသူများကို ရှင်းလင်းပြီးသည့်အခါ လွှတ်တော်အတွင်း မဲပေးခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

မဲရှုံးနိမ့်သည့် ပါတီဖြစ်သော ရီပတ်ဘလီကန်ပါတီ၏ ခေါင်းဆောင်ဖြစ်သူ မက်ကောနယ်က ထရမ့်သည် ၎င်းတို့ပါတီ၏ သမ္မတပင်ဖြစ်သော်လည်း ပါတီအနေဖြင့် မဲပေးခဲ့ကြသော ပြည်သူလူထုဘက်ကသာ ရပ်တည်သွားမှာဖြစ်သည့်အကြောင်း ကြေညာပြောဆိုသည်။ ထို့နောက် လက်ရှိ ဒုသမ္မတဖြစ်သူ မိုက်ပန့်စ်က မဲနိုင်သူ ဂျိုးဘိုင်ဒင်နှင့် ဟဲရစ်ကို သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ကြေညာလိုက်သည်။

လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်က နိုဝင်ဘာလက ပြုလုပ်သော ရွေးကောက်ပွဲတွင် ၂၃၂ မဲရရှိပြီး ယခုရွေးချယ်ခံရသူ သမ္မတဘိုင်ဒင်က ၃၀၆ မဲ ရရှိခဲ့ခြင်းဖြစ်သည်။ ထိုမဲရလဒ်များသည် မမှန်ကန်ကြောင်း၊ မဲစာရင်းမသမာမှုများရှိကြောင်း ရှုံးနိမ့်သူ ထရမ့်က ပြည်နယ်တရားရုံးများတွင် ကန့်ကွက်ခဲ့သည်။ ပြည်နယ်အချို့တွင် မဲပြန်လည်ရေတွက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ကန့်ကွက်ခဲ့သမျှ တရားရုံးတိုင်းတွင် ထရမ့် ရှုံးနိမ့်ခဲ့ပြီး ဘိုင်ဒင်သာ အနိုင်ရရှိခဲ့သည်။

ကုန်လွန်ခဲ့သော ၄ နှစ် သက်တမ်းကာလတုန်းက ဟီလာရီကလင်တန်နှင့် ဒေါ်နယ်ထရမ့်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး လူများစုပေးသော မဲအရေအတွက်အရ ဟီလာရီနိုင်ခဲ့သော်လည်း ပြည်နယ်အချိုးအစားအရ သတ်မှတ်သည့် မဲအရေအတွက်တွင် ထရမ့်က မဲအသာရခဲ့သည်။ လူထုအကြား အငြင်းပွားမှုများ ရှိနေသော်လည်း ဟီလာရီ ကလင်တန်က ထရမ့်ကို သမ္မတအဖြစ် အသိအမှတ်ပြု လက်ဆွဲနှုတ်ဆက်ကာ ကြေညာပေးခဲ့ခြင်းဖြစ်သည်။ မိမိအနိုင်ရစဉ်က ရှုံးသူက လူကြီးလူကောင်းပီသမှုကို ဖော်ပြခဲ့သည်ကို မိမိရှုံးနိမ့်သည့်အခါ မေ့လျော့သွားခဲ့ခြင်းဖြစ်မည်။

ယခုရွေးကောက်ပွဲတွင် ပေးခဲ့ကြသော မဲအရေအတွက်များအရ အလွန်ထင်ရှားပြီးဖြစ်သည့်ပြင် ဥပဒေအရ ရင်ဆိုင်ရာတွင်လည်း တရားရုံးများက အဖြေပေးပြီးဖြစ်ပါသည်။ အရှုံးကို မျက်နှာချင်းဆိုင်ရန် ခက်ခဲနေမှုက ပိုမိုဆိုးရွားသော အရှုံးများကို ရင်ဆိုင်ရဖွယ်ဖြစ်လာသည်။

မဲရှုံးသည်ဆိုခြင်းမှာ နိုင်ငံရေးအရ အလုံးစုံ ရှုံးနိမ့်သွားခြင်း မဟုတ်။ နောက်တစ်ကြိမ် ပြန်လည်ယှဉ်ပြိုင်နိုင်ခွင့် ရှိနေဆဲဖြစ်၏။ သို့သော်လည်း ယခုအခါ မိမိ၏ပါတီကပါ မိမိကို ပြန်လည်ဆန့်ကျင်ခြင်းကို ခံနေရခြင်း၊ နိုင်ငံတကာရင်ပြင်တွင် နိုင်ငံရေးဂုဏ်သိက္ခာဆုံးရှုံးရခြင်းတို့က ပိုမိုခါးသီးသော အရှုံးများဖြစ်လာခဲ့ပြီ။

အမျိုးမျိုးသော တရားစွဲဆိုမှုများကို ခံရဖွယ်ရှိကြောင်းကိုလည်း အနိုင်ရပါတီကရော၊ ထရမ့်၏ ပါတီကပါ တွက်ဆပြင်ဆင်နေသည်ဟုဆိုရာ မဲရှုံးမှုမှသည် နိုင်ငံရေး၊ လူပုဂ္ဂိုလ်ရေးရာ အရှုံးကြီးဆီသို့ ဦးတည်သွားနေခဲ့ပြီ ဆိုရမလို ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ နိုင်ငံရေးရာ အဆုံးအဖြတ်ဟူသည် ပြည်သူလူထုလက်ထဲတွင်သာ ရှိနေရမည်မှာ ဧကန်မုချဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမြင့်ဇော် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (ခ) | ဦးငွေအောင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# Coronavirus Disease 2019(COVID–19)
# ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထု တစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃၀– ၁၂–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ် | ၅၀၀၀.၀၀ |
| ၂။ | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန | ၃၀၀၀.၀၀ |
| ၃။ | ဒေါ်စောခင်(၈၆)နှစ်ပြည့်မွေးနေ့အလှူ၊ ကျော်ကျော်စတိုး ၊ ညောင်တုန်းမြို့ | ၈၇.၀၀ |
| ၄။ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၆၀.၀၀ |
| ၅။ | RIT 1984–93 Friends Foundation (ဒုတိယအကြိမ်) | ၄၆.၀၀ |
| ၆။ | Seinn Lan Shwe Myay Company Ltd | ၂၀.၀၀ |
| ၇။ | အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၅၆) (အထက်မြန်မာပြည်)မှ သူငယ်ချင်းများ | ၁၅.၀၀ |
| ၈။ | (၁၉၈၄) လက်ထောက်မန်နေဂျာ (ရောင်း/စက်) အဖွဲ့၊ မြန်မာ့သစ်လုပ်ငန်း | ၁၃.၅၀ |
| ၉။ | ဦးစိုးကျော်(ညွှန်ကြားရေးမှူး-ငြိမ်း–MOGE )၏ (၈၄) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် | ၁၀.၀၀ |
| ၁၀။ | U Kyi Lin, Kai Lin, Daniel Lin, Eileen family | ၁၀.၀၀ |
| ၁၁။ | အောင်လံခိုင်ဖို့ မဲပေးစို့( နယူးဇီလန် ၂၀၂၀) | ၉.၃၀ |
| ၁၂။ | CSA (5) (Upper Myanmar) သင်တန်းဆင်းအရာရှိများ | ၈.၅၀ |
| ၁၃။ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စီမံခန့်ခွဲရေးဌာန မိသားစုများ | ၈.၀၀ |
| ၁၄။ | Intergrated Trading Co.,Ltd | ၇.၀၀ |
| ၁၅။ | ပါမောက္ခ ဒေါက်တာမေမေရီ၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆေးသုတေသနဦးစီးဌာန | ၅.၀၀ |
| ၁၆။ | ဉာဏ်ထူးတင် မွေးနေ့အလှူအဖြစ် ဒေါ်မြတ်မြတ်မူ၊ သင်းသီရိစွမ်းရည်တင်၊ ရန်ကုန် | ၅.၀၀ |
| ၁၇။ | ဒေါ်ခင်စိန် (ဗန်းမော်) (၉၉)နှစ်ပြည့်မွေးနေ့အလှူ (၇) မိုင် ၊ မရမ်းကုန်း | ၅.၀၀ |
| ၁၈။ | ဦးလှမိုးနိုင်၊ ကထိက အင်္ဂလိပ်စာဌာန၊ ရွှေဘိုတက္ကသိုလ်နှင့် စေတနာအလှူရှင်များ | ၃.၅၀ |
| ၁၉။ | တိရစ္ဆာန်ဆေးကုဆရာဝန်များ | ၃.၀၀ |
| ၂၀။ | ကွယ်လွန်သူဖခင်ကြီး ဦးမောင်မောင်လတ် (၉၉)နှစ် (၃)လ ပြည့်အား ရည်စူး၍ ဒေါက်တာမျိုးမင်းမိသားစု | ၃.၀၀ |
| ၂၁။ | ဖခင်ကြီး ဦးစိန်၊ မိခင်ကြီး ဒေါ်လှမြိုင်တို့အား ရည်စူး၍ ဦးဝင်းအောင် + ဒေါ်တင်တင်စိန် သမီး မဆုမြတ်သွယ်၊ မအေးချမ်းဆု၊ ဗဟန်း | ၃.၀၀ |
| ၂၂။ | Dr ရဲညွှန့် + ဒေါ်ယဉ်ယဉ်ရွှေ သားသမီး မြေးမိသားစု ကောင်းမှု | ၂.၀၀ |
| ၂၃။ | ဦးစိန်မောင် + ဒေါ်ချိုချိုမာ ၊ ဗဟိုလမ်း ၊ စမ်းချောင်းမြို့ | ၁.၀၀ |
| | **စုစုပေါင်း** | **၈၃၂၄.၈** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ ထူထောင်ထားရှိမှုနှင့် ပတ်သက်၍ အသိပေးကြေညာချက်

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသည် COVID–19 ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီကို (၃၀–၁၂–၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ၎င်းဆပ်ကော်မတီမှ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်ပါသည်–

(က) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေ၊ ကျပ် ၃၃၈ ဘီလီယံခန့်နှင့် ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို စတင်ထည့်သွင်းပေးထားမည်ဖြစ်ပါသည်။

(ခ) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ(မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ်သန်း ၁၀၀၀ ကို စတင်ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့် နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည် –

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇ ၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၆၇ ၃၄၁၀၁၅၈ |

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၁)အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကား

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ဒီနေ့ကျင်းပတဲ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်တွေအားလုံးကို ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမှာ COVID-19 သက်ရောက်မှုတွေ ကုစားရေးကိုပါ ထည့်သွင်းထားတဲ့ မြန်မာ့စီးပွားရေးနာလန်ထူရေးနဲ့ ပြုပြင်ပြောင်းလဲရေးစီမံချက်ကို မကြာခင် ထုတ်ပြန်သွားဖို့ရှိပါတယ်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီတို့ရဲ့ အကြံပြုချက်တွေနဲ့အတူ ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီးဌာနက လုပ်ငန်းအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံကို ရေးဆွဲခဲ့ပါတယ်။ ကာလတို၊ ကာလလတ်၊ ကာလရှည် မဟာဗျူဟာရည်မှန်းချက်တွေ ပါဝင်ရေးဆွဲထားတဲ့ ဒီလမ်းပြမြေပုံကို COVID-19 ကာလ မြန်မာ့စီးပွားရေးလုပ်ငန်း ပြန်လည်ကုစားရေးအစီအစဉ်နဲ့ ချိတ်ဆက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြန်လည်ရှင်သန်ရေးလုပ်ငန်းစဉ်မှာ အရေးအကြီးဆုံးကိစ္စကတော့ ခရီးသွားတွေနဲ့ ဝန်ဆောင်မှုပေးတဲ့ဝန်ထမ်းတွေ ဘေးကင်းလုံခြုံရေးပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ထုတ်ပြန်ထားတဲ့ COVID-19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ရေး လမ်းညွှန်ချက်တွေနဲ့ ပေါင်းစည်းပြီး COVID-19 ရောဂါ ကင်းစင်ရေးဆိုင်ရာ အမျိုးသားခရီးသွားလုပ်ငန်းလမ်းညွှန်ကို လက်စွဲအဖြစ် ထုတ်ပြန်ဖို့ ဆောင်ရွက်နေပါတယ်။

လုံခြုံစိတ်ချရတဲ့ မြန်မာ့ခရီးသွားအမှတ်တံဆိပ်အတွက် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ"၊ ကျန်းမာရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်တွေကိုလည်း အတည်ပြုထားပြီးဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းတွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ အသိအမှတ်ပြုအမှတ်တံဆိပ်ရရှိရေးအတွက် သက်သက်သာ မဟုတ်ဘဲ အလေ့အထတစ်ရပ်လို စနစ်တကျ လိုက်နာဆောင်ရွက်နိုင်တဲ့အထိ လေ့ကျင့် သွားကြရမှာ ဖြစ်ပါတယ်။ အခါအားလျော်စွာ စစ်ဆေးတာတွေ၊ ကြပ်မတ်တာတွေ လုပ်ဆောင်သွားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ကောက်ရိုးမီးလိုမျိုး တစ်ခဏတာမဟုတ်ဘဲ စနစ်တစ်ခုအဖြစ် အမြဲတမ်းတည်ရှိနေအောင် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

အခုအချိန်မှာ ဒီလုပ်ထုံးလုပ်နည်းတွေနဲ့အညီ အပျော်စီးလေယာဉ် ခရီးစဉ်တွေ၊ မြစ်တွင်းရေယာဉ်ခရီးစဉ်တွေ စတင်ပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ကမ်းခြေဒေသတွေကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ စီမံချက်တွေလည်း ရေးဆွဲနေပါတယ်။ ခရီးသွားလုပ်ငန်းဟာ ကမ္ဘာနဲ့ချီပြီး အခက်အခဲတွေ တွေ့ကြုံနေရပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေဖို့ဆိုရင် ကျွန်မတို့ရဲ့ ရှေးအစဉ်အလာတွေ၊ တိုင်းရင်းသားယဉ်ကျေးမှုတွေအပြင် ပြည်သူတွေရဲ့နေ့စဉ် လူမှုဘဝတွေကိုပါ ဖော်ကျူးပြသနိုင်တဲ့ လူထုအခြေခံခရီးသွားလုပ်ငန်းတွေကို ဆက်ပြီးအားပေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၁)အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

မြှင့်တင်သွားကြစေချင်ပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသရဲ့အငွေ့အသက်တွေ၊ ဒေသတစ်ခုစီရဲ့ထူးခြားမှုတွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကို ခရီးသွားတွေစိတ်ပါဝင်စားအောင် စီစဉ်ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ ကျေးလက်ဒေသတွေမှာ သန့်ရှင်းမှု၊ လုံခြုံမှု၊ ကျန်းမာရေးနဲ့ညီညွတ်မှု၊ ဈေးနှုန်းသင့်တင့်မှု၊ ရှေးရိုးလည်းမပျက်ဘဲ တီထွင်ဆန်းသစ်မှုတွေ ပေါ်ထွက်လာစေမယ့် အသေးစားလုပ်ငန်းလေးတွေ၊ ဒေသခံစားသောက်ဖွယ်ရာတွေ၊ တည်းခိုခန်းလေးတွေ၊ ဟိုတယ်လေးတွေ ထွန်းကားလာအောင်လည်း အားထုတ်ကြရမှာ ဖြစ်ပါတယ်။

လုံခြုံစိတ်ချရပြီး နှစ်လိုဖွယ်ရာကောင်းတဲ့ ခရီးသွားဒေသတစ်ခု ဖြစ်လာဖို့ဆိုရင် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိက အသင်းအဖွဲ့တွေ၊ ဒေသခံပြည်သူတွေအားလုံး ပူးပေါင်းပြီး ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒေသအလိုက် ရှိရင်းစွဲအားသာချက်တွေကို အကောင်းဆုံးဖြစ်အောင်ဖော်ထုတ်ပြီး ဆွဲဆောင်နိုင်ဖို့အတွက် အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးအသစ်တွေနဲ့ ဆောင်ရွက်သွားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ခရီးသွားဈေးကွက်မြှင့်တင်ကြရာမှာလည်း ခေတ်နဲ့အညီ ကမ္ဘာလုံးဆိုင်ရာ ဒီဂျစ်တယ်ပလက်ဖောင်းတွေကို ထိုးဖောက်နိုင်ကြဖို့လည်း လိုပါတယ်။ တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဈေးကွက်မြှင့်တင်မှုတွေကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြနိုင်မှ ခရီးသွားလုပ်ငန်းဈေးကွက်မှာ တိုးနိုင်မှာဖြစ်ပါတယ်။

"မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေဖို့ဆိုရင် ကျွန်မတို့ရဲ့ ရှေးအစဉ်အလာတွေ၊ တိုင်းရင်းသား ယဉ်ကျေးမှုတွေအပြင် ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝတွေကိုပါ ဖော်ကျူးပြသနိုင်တဲ့ လူထုအခြေခံ ခရီးသွားလုပ်ငန်းတွေကို ဆက်ပြီးအားပေး မြှင့်တင်သွားကြစေချင်ပါတယ်"

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ခရီးသွားလုပ်ငန်းနဲ့ ပြည်ထောင်စုရဲ့အကျိုးပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ တည်ထောင်ထားတဲ့ နိုင်ငံဖြစ်တဲ့ အတွက် ဘာလုပ်ငန်းပဲလုပ်လုပ်၊ ပြည်ထောင်စုအကျိုးကို နှလုံးသွင်း ဆောင်ရွက်ကြဖို့ လိုပါတယ်။ ခရီးသွားလုပ်ငန်းကို မြှင့်တင်ကြရာမှာလည်း နေရာဒေသတစ်ခုတည်းကို ကွက်ကွက်လေးမကြည့်ဘဲ ပြည်ထောင်စုကြီး တစ်ခုလုံး ဆက်စပ်အကျိုးဖြစ်ထွန်းစေမယ့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြဖို့ကိစ္စဟာ အင်မတန်မှ အရေးကြီးပါတယ်။ ခရီးသွားတွေအတွက် ခရီးစဉ်လမ်းကြောင်းတွေကို စိတ်ဝင်စားစရာကောင်းအောင် ဒေသတစ်ခုနဲ့တစ်ခု ချိတ်ဆက်စည်းစားဖော်ဆောင်ခြင်းနဲ့ ခရီးသွားလုပ်ငန်းကြောင့် တိုင်းရင်းသားပြည်သူတွေအကြား ပိုပြီးနီးစပ်၊ ပိုပြီးညီညွတ်လာနိုင်စေမှာ ဖြစ်ပါတယ်။

စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်နေရတဲ့ မြန်မာ့ခရီးသွားလုပ်ငန်းတွေ အမြန်ဆုံးပြန်လည်ရှင်သန်ပြီး ဘေးကင်းလုံခြုံစွာ ပြန်လည် လည်ပတ်နိုင်ဖို့ အားလုံးက ညီညီညွတ်ညွတ်နဲ့ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျန်းမာ၊ ချမ်းသာကြပါစေ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ယမန်နေ့ နံနက် ၈ နာရီခွဲက တာဝန်ရှိသူများနှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးရာ အကျဉ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ အကျဉ်းထောင် တာဝန်ခံအရာရှိနှင့် အကျဉ်းထောင် တာဝန်ရှိသူများက အကျဉ်းထောင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အကျဉ်းထောင်အတွင်းနှင့် အပြင်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုကင်းပေါ်သို့ တက်ရောက်၍ အကျဉ်းထောင်အတွင်း အဆောက်အအုံများကြည့်ရှုခြင်း၊ အကျဉ်းထောင်အတွင်း ဝင်ရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမှုစစ်ဆေးနေမှုအခြေအနေနှင့် ကျသစ်၊ ချုပ်သစ်များအား အသွားအလာကန့်သတ်ထားရှိသည့်အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို တွေ့ဆုံမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ Command and Control Center တွင် မီးဘေးနှင့်အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက လျင်မြန်စွာထိန်းချုပ်ကွပ်ကဲတုံ့ပြန်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိသည့် အဆင့်မြင့်နည်းပညာရပ်များ၊ အထောက်အကူပြုနည်းစနစ်များနှင့် အထပ်မြင့် အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အခြားသော လုပ်ငန်းများအတွက် မီးဘေးလုံခြုံရေးစစ်ဆေး အကြံပြုချက်များနှင့် မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်များ ရယူလျှောက်ထားဆောင်ရွက်ရာတွင် အွန်လိုင်းစနစ်မှ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်



မီးသတ်စခန်းသို့ရောက်ရှိပြီး မီးသတ်စခန်းတွင်ထားရှိသည့် မီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေး၍ တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်ဖွဲ့ဝင်များကို ခွန်အားဖြည့်ရိက္ခာများ ပေးအပ်ကာ မီးသတ်စခန်းအတွင်းရှိ တပ်ဖွဲ့ဝင် နေအိမ်လိုင်းခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြောင်း သိရသည်။ **သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်


ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း


ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

❑ *ရှေ့ဖုံးမှ*

ဖြစ်ပါကြောင်း၊ မကြာမီ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်ထားကြရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးကြမည် ဖြစ်ပါကြောင်း။

### ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့

COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုသည် မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံး၏ လူမှုစီးပွားရေးကဏ္ဍအားလုံးကို သက်ရောက်မှုရှိခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် အပြင်းထန်ဆုံး အကျိုးသက်ရောက်မှု ဖြစ်ပေါ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ခရီးသွားလုပ်ငန်းကို မှီခိုနေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ပတ်သက်သည့် အလုပ်အကိုင် သန်း (၁၀၀)ခန့် ဆုံးရှုံးနေသည်ဟု သိရှိရပါကြောင်း၊ အမျိုးသမီးများနှင့် လူငယ်အများစု လုပ်ကိုင်နေသော အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအပေါ် အဓိက ထိခိုက်နေပြီး စီးပွားရေးအခြေအနေ၊ လူမှုရေးနှင့် ကျန်းမာရေး အခြေအနေများကိုသာမက ယဉ်ကျေးမှုကဏ္ဍမှ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် လူမှုအသိုင်းအဝိုင်းများအပေါ်၌ပါ ဖိအားပေးမှုနှင့် ရေရှည်အကျိုးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

### စီမံချက်ရေးဆွဲဆောင်ရွက်

မြန်မာနိုင်ငံ၌ COVID-19 ရောဂါ စတင်ရောက်ရှိလာချိန်တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ၏ နောက်ဆက်တွဲအဖြစ် အဆင့်(၃)ဆင့်ပါဝင်သည့် COVID-19 မြန်မာ့ခရီးသွားလုပ်ငန်း ထိခိုက်မှုသက်သာရေးစီမံချက် (၂၀၂၀)ကို ရေးဆွဲအတည်ပြုချက်ရယူ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ပထမအဆင့်ဖြစ်သည့် Survival တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၏ လိုင်စင်ကြေးများကို တစ်နှစ်တာကင်းလွတ်ခွင့်ပြုပေးခဲ့ရာ ဟိုတယ်နှင့် တည်းခိုခန်းများ သက်သာခွင့် ငွေကျပ်သန်း ၅၀၀ ကျော်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများ သက်သာခွင့် ငွေကျပ်သန်း ၄၅၀ နီးပါးနှင့် ဧည့်လမ်းညွှန်များသက်သာခွင့် ငွေကျပ်သန်း ၁၀၀ နီးပါး ရရှိစေခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများက ပေးဆောင်ရန်ရှိသည့် အခွန်အခများကို (၆)လ ရွှေ့ဆိုင်းပေးခဲ့ပါကြောင်း၊ FDI ဟိုတယ်များ၏ ငှားရမ်းခ ၅၀ ရာခိုင်နှုန်းကို (၉)လအထိ လျှော့ချပေးခဲ့ရာ အမေရိကန်ဒေါ်လာ ၆ သန်းနီးပါး သက်သာခွင့်ရရှိခဲ့ပြီး နိုင်ငံပိုင်ဟိုတယ်များအနေဖြင့် ငွေကျပ်သန်း ၁၈၀၀ နီးပါး သက်သာခွင့်ရရှိစေခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် တစ်နှစ် ချေးငွေ ၁ ရာခိုင်နှုန်းအတိုးဖြင့် ငွေကျပ်သန်း ၂၁၀၀၀ ကျော် ရရှိရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ ရပ်တန့်သွားရမှုကြောင့် အလုပ်လက်မဲ့ဖြစ်ရသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများမှ ဝန်ထမ်းများနှင့် ဆက်စပ်လုပ်ငန်းများမှ အခြေခံပြည်သူများ ဝင်ငွေရရှိစေရန် ခရီးသွားလုပ်ငန်းအခြေခံနှင့် အဆင့်မြင့် cash for training သင်တန်းများ ဖွင့်လှစ်ခဲ့ပြီး တက်ရောက်သူ ၃၀၀၀ နီးပါးကို သင်တန်း ၁ ရက်လျှင် ငွေကျပ် ၄၈၀၀၊ နည်းပြအဖြစ် ဆောင်ရွက်ပေးသော ဧည့်လမ်းညွှန်များနှင့် ဝါရင့်ဟိုတယ်နှင့်ခရီးသွားဝန်ထမ်း ၁၂၀၀ နီးပါးကို ငွေကျပ်တစ်သောင်း ချီးမြှင့်ပေးခဲ့ပါကြောင်း၊ Cash for training အတွက် ငွေကျပ်သန်း ၂၃၀ အသုံးပြုပေးခဲ့ပါကြောင်း။

ဒုတိယအဆင့် Reopening တွင် ပြည်တွင်းခရီးသွားများနှင့် လုပ်ငန်းပြန်လည်စတင်ရာ၌ ခရီးသွားများနှင့် ဝန်ဆောင်မှုပေးမည့်ဝန်ထမ်းများ ဘေးကင်းလုံခြုံစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသော COVID-19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ရေးလမ်းညွှန်မှုများကို စုပေါင်းထုတ်ပြန်ထားသည့် COVID-19 ရောဂါကင်းဝေးရေးဆိုင်ရာ အမျိုးသားခရီးသွားလုပ်ငန်းလမ်းညွှန်ကို လက်စွဲအဖြစ်ထုတ်ပြန်၍ သင်တန်းများပေးခြင်း၊ လိုက်နာစိစစ်မှုဆောင်ရွက်၍ လုပ်ငန်းပြန်လည်စတင်ခွင့်ပေးခြင်းတို့ကို ဒေသန္တရအာဏာပိုင်များ၊ ဆက်စပ်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်း၌ လုံခြုံစိတ်ချစွာ ခရီးသွားနိုင်သော destination များအကြောင်းကို social media မှတစ်ဆင့် ပြည်တွင်းခရီးသွားများ သိရှိအောင် digital marketing ဖြင့် လုပ်ဆောင်ခဲ့ပါကြောင်း။

တတိယအဆင့် Relaunching ဆောင်ရွက်နိုင်ရန် နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံကို safe tourism destination အဖြစ် ယုံကြည်စိတ်ချလာစေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ အသိအမှတ်ပြုတံဆိပ်ရရှိရေးကို ဦးတည်သည့် Enchanting Myanmar Health & Safety Protocol ကို COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ ရေးဆွဲတင်ပြ အတည်ပြုချက်ရယူပြီးဖြစ်ပါကြောင်း၊ ယင်း protocol နှင့် အညီ ဘေးကင်းလုံခြုံစွာ ခရီးသွားနိုင်ကြောင်းကို အများပြည်သူ သိမြင်လက်ခံလာရန် non-landing sightseeing flight နှင့် river cruise များကို ယခင်လကစ၍ Public Relation Campaign အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ caravan tour နှင့် day trip flight to ငပလီနှင့် ပုဂံကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### သင်တန်းများ စတင်ပို့ချပေးနေ

ယင်း protocol နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရန်၊ သင်တန်းပေးရန်နှင့် လုပ်ငန်းလုပ်ဆောင်မှုကို စစ်ဆေးရန် လိုအပ်သော ကျွမ်းကျင်သူများမွေးထုတ်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ cash for training သင်တန်းများ စတင်ပို့ချပေးနေပါကြောင်း၊ သင်တန်းဆရာ ၃၀၀ ဦးနှင့် ဆင့်ပွားသင်တန်းတက်ရောက်သူ ၁၀၀၀ ကျော်ကို ငွေကျပ်သန်း ၁၄၀ အသုံးပြုသင်ကြားပို့ချသွားမည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် International flight များ စတင်ပျံသန်းရေး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းမှုများ လုပ်ဆောင်နေပါကြောင်း၊ Business traveller များနှင့်စတင်၍ package tour များကို COVID-19 ရောဂါ ကူးစက်မှုထိန်းသိမ်းနိုင်သည့် နည်းလမ်းများဖြင့် မိတ်ဖက်နိုင်ငံများအကြား travel bubble များအဖြစ် စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေပါကြောင်း။

COVID-19 ကူးစက်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်ရသည်မှာ မှန်ကန်သော်လည်း တစ်ဖက်တွင် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာလုံခြုံမှုရှိပြီး တာဝန်ယူမှုရှိသော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းအနေဖြင့် သဘာဝသယံဇာတများနှင့် ဂေဟစနစ်အပေါ် သက်ရောက်မှုကို လျှော့ချပြီး ခရီးသွားလုပ်ငန်းမှ ရရှိသောအကျိုးအမြတ်များကို မျှတစွာခွဲဝေသုံးစွဲနိုင်အောင် စီမံခန့်ခွဲရေးအခွင့်အလမ်းများကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Sustainable Development Goals)နှင့်အညီ သဘာဝအရင်းအမြစ်များအပေါ် မှီခိုနေရသည့် အခြေအနေမှ လွတ်မြောက်ရေးနှင့် ပိုမိုဒဏ်ခံနိုင်ပြီး အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းကို အကျိုးရှိစွာအသုံးချနိုင်မည့်အနာဂတ်သို့ ရောက်ရှိစေရေး ခရီးသွားလုပ်ငန်းနယ်ပယ်မှ Stakeholders များအကြား စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### နိုင်ငံတကာစံနှုန်းများ ရေးဆွဲ

တစ်ကမ္ဘာလုံးရှိ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဦးဆောင်မှုပေးနေသော အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၃)ရပ်အဖြစ် စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများကို လျှော့ချရေး ဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်းကို လုံခြုံစိတ်ချစွာ ပြန်လည်စတင်ရေးနှင့် ကုစားမှုပေးရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရန်နှင့် ခရီးသွားများအတွက် လုံခြုံစိတ်ချမှုပေးနိုင်သော နိုင်ငံတကာစံနှုန်းများ ရေးဆွဲခြင်းဖြင့် ခရီးသွားလာသူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ပေးရန်တို့ကို ချမှတ်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်များ ကြီးကြပ်ဆောင်ရွက်ရန် နိုင်ငံတကာအစိုးရများနှင့် ပုဂ္ဂလိက Stakeholder များ ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း အကျပ်အတည်းဆိုင်ရာကော်မတီ (Global Tourism Crisis Committee)ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ယင်းကော်မတီက ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လမ်းညွှန်မှုများပေးနိုင်ရန်၊ အနာဂတ်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်ရန်၊ လူသားများ သာယာဝပြောစေရေးအတွက် စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်လာရန်၊ တာဝန်သိခရီးသွားလုပ်ငန်းဖော်ဆောင်ရန်၊ ခရီးသွားလုပ်ငန်း ဂေဟစနစ်များနှင့် ဆက်စပ်နေမှုအခြေအနေများကို ပြန်လည်ဆန်းစစ်ရန်နှင့် လူမှုစီးပွားပြန်လည်ထူထောင်ရေးအစီအစဉ်များကို ဖော်ဆောင်ရေးအတွက် အထောက်အပံ့ပေးသွားရန် ရည်ရွယ်ပါကြောင်း။

Global Tourism Crisis Committee က ကိုဗစ်-၁၉ ကြောင့် ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့် အနာဂတ်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲ၍ ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်ရန် UN-WTO Priorities for Global Tourism Recovery နှင့် UNWTO Global Guidelines to Restart Tourism ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် ဒေသတွင်း စီးပွားရေးပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ခရီးသွား


ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို

လုပ်ငန်းကဏ္ဍသည် အဓိကကျသော ကဏ္ဍဖြစ်သည့်အားလျော်စွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပခဲ့သည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် “ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်းဆိုင်ရာ အာဆီယံကြေညာချက်”ကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါကြေညာချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းအခွင့်အလမ်းများရရှိရန်၊ အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍတွင် လုံခြုံစိတ်ချစွာလည်ပတ်နိုင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော စံသတ်မှတ်ချက်နှင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုကောင်းများ ထောက်ပံ့ပေးနိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရှိရင်းစွဲ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရန်နှင့် နည်းပညာတီထွင်ဆန်းသစ်မှုအစရှိသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ASEAN နိုင်ငံများ၏ ခရီးသွားလုပ်ငန်းအပေါ် COVID -19 အကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် ASEAN Comprehensive Recovery Framework (ACRF)ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ခရီးသွားကဏ္ဍ ပြန်လည်ဦးမော့လာရေး

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားကဏ္ဍ ပြန်လည်ဦးမော့လာရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အထောက်အကူပြုမည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)ကို ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း သတင်းအချက်အလက်များဖလှယ်ရေး၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများအတွက် အင်တာနက်မှတစ်ဆင့် လေ့လာသင်ယူနိုင်ရေး ဖော်ဆောင်ပေးခြင်း၊ Digital စနစ်ဖြင့် ခေတ်မီဆန်းသစ်သော ခရီးသွားလုပ်ငန်းဂေဟစနစ် တည်ဆောက်ခြင်းတို့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေး လမ်းညွှန်ချက်များ၊ ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် ASEAN Comprehensive Recovery Framework လမ်းညွှန်မှုများနှင့်အညီ ရေးဆွဲပြုစု၍ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူပြီး ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

# ပြည်သူ့သာလျှင် အဓိက



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ သန်းမြင့်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မြင့်ထွေး

*စာမျက်နှာ ၄ မှ*

ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ခရီးသွားများ၏ ရွေးချယ်မှုသည် ယခင်နှင့်မတူ ပြောင်းလဲသွားပြီး လူပြည့်ကျပ်သော မြို့ပြဘဝခရီးသွားထက် physical distancing ဖြင့် နေထိုင်သွားလာခြင်းနှင့် nature tourism, ethnic tourism, environmental tourism ကဲ့သို့ လူစည်ကားသောနေရာမဟုတ်သည့် နေရာများကို သွားလာရန် ပိုမိုလိုလားလာကြလိမ့်မည်ဟု ခန့်မှန်းထားသည့်အတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းမဟာဗျူဟာ လမ်းပြမြေပုံများကို ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မိမိတို့ ဒေသအလိုက်၊ ဇုန်အလိုက် ရေးဆွဲတင်ပြသွားကြရန် လိုအပ်ပါကြောင်း။

### ပူးပေါင်းအကောင်အထည်ဖော်

ကိုဗစ် – ၁၉ အလွန်ကာလတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ ပြောင်းလဲမှုဖြစ်စဉ်များအတွက် ခရီးသွားများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေပြီး လိုက်လျောညီထွေဖြစ်အောင် ရေရှည်တည်တံ့၍ ခံနိုင်ရည်ရှိသော ခရီးသွားလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းကော်မတီများ၊ ပုဂ္ဂလိကခရီးသွား လုပ်ငန်းအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များက ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံတွင် ရေးဆွဲထားရှိသည့် မဟာဗျူဟာနှင့် လုပ်ဆောင်ချက်များအတိုင်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်များအပေါ် ခရီးသွားလုပ်ငန်းကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်က ကိုဗစ်ကာလ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအပေါ် သက်ရောက်မှုများ၊ ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ၏ လတ်တလောအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်များ မှတ်တမ်းတင်ပေးနိုင်ရေး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပြင်ဆင်ဖွဲ့စည်းနိုင်ရေး၊ Myanmar Tourism Strategic Recovery Roadmap (MTSRR) (၂၀၂၁–၂၀၂၅) ကို အတည်ပြုပေးနိုင်ရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မိမိဒေသလိုအပ်ချက်အပေါ်ထင်ဟပ်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စကိုအတည်ပြုနိုင်ရေး၊ Enchanting Myanmar Health and Safety Protocol အစီအစဉ်အရ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အတည်ပြုနိုင်ရေးနှင့် အားကစားခရီးသွားလုပ်ငန်းကော်မတီနှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက Myanmar Tourism Strategic Recovery Roadmap (MTSRR) (၂၀၂၁–၂၀၂၅) နှင့် Enchanting Myanmar Health and Safety Protocol တို့အား စက်ခလုတ်နှိပ်၍ Online Official Launching ပြုလုပ်ပေးသည်။

### ရှင်းလင်းဆွေးနွေးတင်ပြ

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဒေါက်တာ ဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်တို့က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းဥပဒေများနှင့်အညီ ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်သွားမည့်အစီအမံများ၊ ကိုဗစ်–၁၉ ကြောင့် စီးပွားရေးထိခိုက်ခံရသည့်လုပ်ငန်းများအပေါ် ပြန်လည်ကုစားရေးအစီအစဉ်ဆောင်ရွက်နေမှုများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အကြံပြုချက်များ၊ အဆိုပြုချက်များနှင့် သိပညာပေးခြင်းဆိုင်ရာများ၊ သာသနာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းနေရာများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိ ကျွမ်းကျင်လုပ်သားဆိုင်ရာများ၊ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်များအပေါ် ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများဖော်ဆောင်ရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် ခရီးသွားများလိုက်နာဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် စပ်လျဉ်းသည့် ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ၁/၂၀၂၀ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများ၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ ဗဟိုကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို လည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ဇမ္ဗူသီရိ၊ ပျဉ်းမနား (ဘောဂဝတီ)၊ ပုဗ္ဗသီရိ၊ တပ်ကုန်းမြို့နယ် အားကစားကွင်းများ ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်အားကစားကွင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန နှစ်ထပ်ရုံး၊ အား/ကာမှူးနေအိမ်တစ်ထပ်နှင့် RC ခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဇမ္ဗူသီရိမြို့နယ် (ရွှေကြာပင်အားကစားကွင်း) မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ပန္နက်ကိုးချက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဘောဂဝတီအားကစားကွင်း တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနား၊ ပုဗ္ဗသီရိမြို့နယ် ပုဗ္ဗသီရိအားကစားကွင်း တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် တပ်ကုန်းမြို့နယ် (A) အားကစားရုံ တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားများကို ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ (စိုးလျှပ်စစ်ဖောင်ဒေးရှင်း)ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ၊ သတ်မှတ်နေရာများအလိုက် ပန္နက်ကိုးချက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။ **မိုး/ဇလ**

# နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် ကိန်းဂဏန်းများ

မောင်မုဒိတာ

**ယခုကာလသည် ကမ္ဘာ့နိုင်ငံအသီးသီးက COVID-19 ရောဂါ ကာကွယ်ဆေးရရှိရေးအတွက် အစွမ်းကုန်ကြိုးစားနေကြပြီး အချို့နိုင်ငံကြီးများသည် ကာကွယ်ဆေးကို စတင်ထိုးနှံသည့်အဆင့်ပင်လျှင် ရောက်ရှိနေပြီဖြစ်သည်။ သို့သော် ကာကွယ်ဆေးမရခင်၊ မသုံးနိုင်ခင်တော့ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ နေထိုင်ကြရင်း ကျဆင်းနေသော စီးပွားရေးကို ပြန်လည်ဦးမော့ တိုးတက်စေရေး နည်းမျိုးစုံဖြင့် ကြံဆဆောင်ရွက်နေကြပြီဖြစ်သည်။ လူတစ်ဦးချင်း အသိဖြင့် Mask တပ်ရေး၊ လက်ကို မကြာခဏဆေးကြောရေး၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေးနှင့် လူစုလူဝေးရှိရာသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရေး စသည့် ဆောင်ရွက်ချက်များ ကျင့်သုံးကာ COVID-19 နှင့်အတူ ရှင်သန်နေထိုင်နိုင်ရေးကိုလည်း စီစဉ်နေကြသည်။ COVID-19 ကြောင့် ရရှိနေကြသည့် စိတ်ဒဏ်ရာများကို ကုစားနိုင်ရေးအတွက် အမျိုးမျိုးစီစဉ်နေကြသကဲ့သို့ နိုင်ငံအလိုက် စီးပွားရေးပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဘက်ဘက်က သုံးသပ်ဆောင်ရွက်နေကြချိန်လည်းဖြစ်သည်။**

မြန်မာနိုင်ငံတွင်လည်း COVID-19 ကပ်ရောဂါကို ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပြင် ဒေသအတော်များများ၌ ဖြစ်ပွားလျက်ရှိနေသည်။ Stay at Home သတ်မှတ်လိုက်သည့် မြို့နယ်များ၊ အသွားအလာကန့်သတ်မှုများ၊ စက်ရုံ၊ အလုပ်ရုံများ ရပ်နားပိတ်သိမ်းထားရမှုများကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်ခဲ့သည်။ ယင်းလုပ်ငန်းများနှင့်ပတ်သက်သည့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြသည်။ အစိုးရရုံးဌာနများပင် အသွားအလာကန့်သတ်မှုများရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်မှုအားလုံး ရပ်ဆိုင်းခဲ့သည်။ လုပ်ငန်းခွင်အားလုံးနီးပါး ရပ်ဆိုင်းခဲ့သည့်အတွက် အလုပ်လက်မဲ့ဦးရေတိုးပွားပြီး စီးပွားရေးလုပ်ငန်းများထိခိုက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့သည်။ ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရေးနှင့် ပြည်သူများ စိတ်ဒဏ်ရာသက်သာစေရေးအတွက် စီမံဆောင်ရွက်နေချိန်ဖြစ်သည်။ ဖြေလျှော့ပေးနိုင်သည်များကို ပြန်လည်သုံးသပ်ဖြေလျှော့ ဆောင်ရွက်ပေးနေသကဲ့သို့ ကိုဗစ်အလွန်ကာလတွင် အရှိန်အဟုန်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်နှင့်အတူ ရှင်သန်နေထိုင်ခြင်းအဖြစ် ကျန်းမာရေးအသိရှိရေးကိုလည်း နှိုးဆော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် ဆောင်ရွက်ရာတွင် ကောင်းမွန်သောစီးပွားရေးစီမံကိန်းများ၊ မှန်ကန်သည့် မူဝါဒရေးရာ လမ်းညွှန်ချက်များ ရေးဆွဲချမှတ် ဆောင်ရွက်ရမည်ဖြစ်သည်။ ကောင်းမွန်သော စီမံကိန်းများဖြစ်စေရေးသည်လည်း တိကျမှန်ကန်ပြီး ယုံကြည်ကိုးစားနိုင်သည့် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များပေါ် အခြေခံရေးဆွဲချမှတ်ရမည်မှာ မလွဲကေန်ဖြစ်သည်။

**တိတိကျကျ ရေးဆွဲချမှတ်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်သကဲ့သို့ ယင်းနိုင်ငံ၏ စာရင်းအင်း ကိန်းဂဏန်းအချက်အလက်များသည် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်မှုရှိရေးသည်လည်း မဖြစ်မနေ လိုအပ်ကြောင်း တွေ့ရှိရသည်။ သို့မှသာ တည်ငြိမ်အေးချမ်းသည့် အခြေအနေတွင် တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်း အချက်အလက်များကို အခြေတည်၍ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစီမံကိန်းများနှင့် မူဝါဒများ တိတိကျကျ ရေးဆွဲချမှတ်ကာ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။ နိုင်ငံနှင့်ပတ်သက်သည့် လူဦးရေဆိုင်ရာ စာရင်းအင်း ကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက် နိုင်ငံတိုင်းသည် လူဦးရေသန်းခေါင်စာရင်း ကောက်ကြသည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ငွေကုန်ကြေးကျများသည့်အတွက် နှစ်စဉ် မကောက်ယူနိုင်ကြဘဲ (၁၀) နှစ်တစ်ကြိမ်သာ ကောက်ယူကြကာ ကျန်နှစ်များကို လူဦးရေပညာဖြင့် ခန့်မှန်းတွက်ချက်အတည်ပြုဆောင်ရွက်ကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတချို့ကတော့ တိကျမှန်ကန်မှု ပိုမိုနီးစပ်စေရန် ငါးနှစ်တစ်ကြိမ် ကောက်ကြသည်လည်းရှိသည်။

**အသုံးပြုဆောင်ရွက်နေကြပြီ**

မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ နှစ်ပေါင်း ၃၀ ကျော်ကြာပြီး ၂၀၁၄ ခုနှစ်တွင်မှ ပြန်လည်ကောက်ယူနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းသည် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှု၊ တိုင်းရင်းသားညီအစ်ကိုများ၏ လက်တွဲဖော်ဆောင်မှုတို့ကြောင့် တစ်နိုင်ငံလုံးလိုလို လွှမ်းခြုံကောက်ယူနိုင်ခဲ့ပြီး တိကျမှန်ကန်သည့် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ ရရှိခဲ့သည်။ နိုင်ငံတကာ စံချိန်စံနှုန်းနှင့်အညီ လုပ်ငန်းပမာဏ ၉၈ ရာခိုင်နှုန်း အောင်မြင်ခြင်းကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အသိအမှတ်ပြုခဲ့ကြသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံပြီး သုတေသနစာတမ်းများ၊ အစီရင်ခံစာများ အဆင့်ဆင့် ထုတ်ပြန်နိုင်ခဲ့ရာ အချက်အလက်အသုံးပြုသူများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် လွယ်ကူထိရောက်စွာ ရယူအသုံးပြုဆောင်ရွက်နေကြပြီ ဖြစ်သည်။

သန်းခေါင်စာရင်း အချက်အလက်များသည် ကောက်ယူမှုနယ်ပယ်အဆင့်အလိုက် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်နိုင်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေအစိတ်အကျဲ၊ အိမ်ထောင်စုအလိုက်ဖြစ်တည်မှု၊ ဒေသ၏ သယံဇာတအရင်းအမြစ်တို့အပေါ် အခြေခံတွက်ချက်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်သည်။ ဒေသတစ်ခု၏ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်သည်။

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကို ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူရန် လျာထားသည့်အတွက် ယခင် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ထပ်မံကောက်ယူရမည်ဖြစ်သည်။ သို့သော် နေရာတိုင်း၊ ဒေသတိုင်း၏ အခြေအနေအရပ်ရပ်သည် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်တည်လျက်ရှိနေသည်။ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူမည့် ကြားကာလငါးနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ်တွင် နိုင်ငံအတွင်း ပြောင်းလဲဖြစ်တည်မှုများနှင့် လိုက်လျောညီထွေသည့် စာရင်းအင်းဆိုင်ရာအချက်အလက်များ ရရှိစေရေးအတွက် ကြားဖြတ်သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်များမှာ ၂၀၁၄ နှင့် ၂၀၂၄ ခုနှစ် ကြားကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံး မှန်ကန်စွာခန့်မှန်းနိုင်ရန်၊ ၂၀၁၄ ခုနှစ် စာရင်းအင်းအချက်အလက်များ၏ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာသုတေသနပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework – NIF) အတွက် အခြေခံအချက်အလက်များရရှိရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals – SDGs) အတွက် ချမှတ်ထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏တိုးတက်မှုများကို အကဲဖြတ်နိုင်ရန်တို့ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွက်လည်း ကြိုတင်ပြင်ဆင်ထားမှုတစ်ခုလည်းဖြစ်သည်။

**အထောက်အပံ့ဖြစ်စေ**

ကိုဗစ်ကို အန်တုရင်ဆိုင်နေသည့် မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အခြေခံအသုံးပြုနိုင်ရန် အထောက်အပံ့ဖြစ်စေမည့် အချက်အလက်များ မကြာမီထုတ်ပြန်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ကောက်ယူခဲ့သည့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း၏ ပင်မအစီရင်ခံစာများဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ရှေ့ပြေးအစီရင်ခံစာ ထုတ်ပြန်ပြီးဖြစ်သည်။



၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူစဉ်။

> ❒ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်သကဲ့သို့ ယင်းနိုင်ငံ၏ စာရင်းအင်းကိန်းဂဏန်းအချက်အလက်များသည် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်မှုရှိရေးသည်လည်း မဖြစ်မနေလိုအပ်ကြောင်း တွေ့ရှိရသည်။ သို့မှသာ တည်ငြိမ်အေးချမ်းသည့် အခြေအနေတွင် တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်း အချက်အလက်များကို အခြေတည်၍ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစီမံကိန်းများနှင့် မူဝါဒများ တိတိကျကျ ရေးဆွဲချမှတ်ကာ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဖြစ်**

ရှေ့ပြေးအစီရင်ခံစာနှင့် ယခုပင်မအစီရင်ခံစာ ထုတ်ပြန်သည့်အချိန်သည် မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်သည်။ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူစဉ်က COVID-19 ရောဂါသည် မြန်မာနိုင်ငံသို့ မရောက်ရှိသေးပေ။ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံတွင် COVID-19 ရောဂါမဖြစ်ပွားမီ အနီးစပ်ဆုံးကာလ၌ ကောက်ယူရရှိခဲ့သည့် တစ်ခုတည်းသော စာရင်းအင်းအချက်အလက်များဟု ဆိုရမည်ပင်။

**ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းသည် ပြည်လုံးကျွတ်အဆင့် ကောက်ယူခြင်းမျိုး မဟုတ်ဘဲ ခရိုင်အဆင့်ကိုယ်စားပြု အညွှန်းကိန်းများရရှိနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း ၃၉၆၀၊ အိမ်ထောင်စု ၁၃၂၀၉၂၊ လူဦးရေ ၅၄၈၅၅၃ ကို ကောက်ယူနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်ကောက်ယူမှုနှင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်ကောက်ယူမှုတို့က အခြေအနေချင်း ကွာခြားသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် နိုင်ငံအတွင်းနေထိုင်သူအားလုံးကို ကောက်ယူပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်စာရင်းသည် ခရိုင်အဆင့်ကိုယ်စားပြုသည့် အညွှန်းကိန်းများရရှိရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ နမူနာကောက်ကွက်များ ရွေးချယ်ကောက်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် မေးခွန်းပေါင်း ၄၁ ခု မေးမြန်းခဲ့ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် မေးခွန်းပေါင်း ၁၁၀ ခု မေးမြန်းခဲ့သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား စာရင်းစစ်/ စာရင်းကောက် ခန့်ထားကောက်ယူခဲ့ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကို နည်းပညာအကျွမ်းတဝင်ရှိပြီး စာရင်းကောက်လုပ်ငန်းများကို စိတ်ပါဝင်စားသည့် လူငယ်များအား နည်းပြ/ စာရင်းစစ်/ စာရင်းကောက်များအဖြစ် ရွေးချယ်ခန့်အပ်တာဝန်ပေး ကောက်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်း မေးခွန်းပုံစံဖြင့်သာ ကောက်ယူခဲ့ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် ( Computer Assisted Personnel Interviewing – CAPI ) နည်းစနစ်ကို အသုံးပြု၍ Mobile Tablet ဖြင့် ကောက်ယူခဲ့သည်။ ထို့ပြင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် သောက်ရေ (Drinking Water) အရည်အသွေး စစ်ဆေးခြင်းကို အိမ်ထောင်စု ၁၉၀၇၇ စုအား ပထမဦးဆုံးအဖြစ် UNICEF ၏ အကူအညီဖြင့် ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးဆောင်ရွက်နိုင်ခဲ့သည်။

**ထိထိရောက်ရောက် အသုံးပြုနိုင်**

ကြားဖြတ်သန်းခေါင်စာရင်းတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းပြောင်းရွှေ့ သွားလာခြင်း အကြောင်းအရာ၊ ပညာရေးအကြောင်းအရာ၊ လုပ်သားအင်အားအကြောင်းအရာ၊ ကလေးမွေးဖွားမှုအကြောင်းအရာ၊ မသန်စွမ်းမှုအကြောင်းအရာ၊ သက်ကြီးရွယ်အိုအကြောင်းအရာ၊ ပါဝင်လှုပ်ရှားမှု၊ အထောက်အပံ့ရရှိမှုနှင့် ဘဝပျော်ရွှင်မှုအကြောင်းအရာ၊ ပြည်ပပြောင်းရွှေ့သွားလာခြင်း အကြောင်းအရာ၊ အိမ်အကြောင်းအရာ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်းအရာ၊ သေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုအကြောင်းအရာ စသည့် အကြောင်းအရာ ၁၂ ခုဖြင့် မေးခွန်းပေါင်း ၁၁၀ ကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထည့်သွင်းမေးမြန်းခဲ့သည့်အတွက် ကောက်ယူရရှိခဲ့သောရလဒ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အပံ့အဖြစ် ထိထိရောက်ရောက် အသုံးပြုနိုင်မည့် ယုံကြည်ကိုးစားရသည့် စာရင်းအင်းဆိုင်ရာ အညွှန်းကိန်းများဖြစ်သည်။ သို့သော် ကြားဖြတ်သန်းခေါင်စာရင်းသည် သမားရိုးကျအိမ်ထောင်စုများ၏ လူဦးရေအခြေအနေကိုသာ ကောက်ယူခြင်းဖြစ်သဖြင့် အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများနှင့် အိမ်ခြေရာခြေမဲ့လူဦးရေများ မပါဝင်သည်ကို အချက်အလက်အသုံးပြုသူများအနေဖြင့် သတိပြုကြရမည်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

# အမျိုးသားဇာတ်ရုံ(ရန်ကုန်) အကြီးစားပြုပြင်မွမ်းမံနေမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစားမွမ်းမံ ပြင်ဆင်နေမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co.,Ltd. မှ အင်ဂျင်နီယာများ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသားဇာတ်ရုံ (ရန်ကုန်) ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၀ ရက်မှစ၍ ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အချိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်း၏ ၅၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတလီရှန်နင့် မြန်မာနိုင်ငံသို့ လာရောက်စဉ် မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ခဲ့ပြီး ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြီးတည်ဆောက်ပေးခဲ့၍ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ၏ ပင်မအဆောက်အအုံ ကြွခိုင်မှု၊ ခေတ်မီအသံစနစ်နှင့် မီးအလင်းအမှောင်စနစ်၊ LED စနစ်၊ 4K ရုပ်ရှင်ပြစက်စနစ်၊ လေအေးပေးစနစ်၊ မီးငြိမ်းသတ်ရေးစနစ်၊ လုံခြုံရေးစနစ်များအား အဆင့်မြှင့်တင်ထားသော နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတစ်ရုံ ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ယခုလို နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတစ်ရုံအဖြစ် ကူညီဆောင်ရွက်ပေးကြသည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့်တကွ မြန်မာနိုင်ငံသားများ၏ ကိုယ်စား တရုတ်ပြည်သူ့ သမ္မတနိုင်ငံကို ချစ်ကြည်ရင်းနှီးစွာ ကျေးဇူးတင်ရှိကြောင်း၊ အထူးအားဖြင့် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် Corona-virus Disease 2019 (COVID-19) အချိန်ကာလအတွင်းတွင် ဆောင်ရွက်ဆဲလုပ်ငန်းများ ရပ်တန့်မသွားစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ လုပ်အားရှင်များကို စခန်းသွင်း၍ လုပ်ငန်းအရှိန်အဟုန်မပျက် ဆောင်ရွက်နေကြသည်ကိုလည်း အထူးပင် ဝမ်းမြောက်မိပါကြောင်း ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက နိုင်ငံတိုင်းနိုင်ငံတိုင်း၌ နိုင်ငံကိုယ်စားပြု အထိမ်းအမှတ် အဆောက်အအုံများရှိကြောင်း၊ မြန်မာနိုင်ငံ၌လည်း National ဟု သတ်မှတ်သည့် အမျိုးသားအဆင့် အဆောက်အအုံများရှိပြီး အမျိုးသားဇာတ်ရုံသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြုပြင်မွမ်းမံရေး စာချုန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာများ သာမက ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အမြဲပူးပေါင်းဆောင်ရွက်သည့်အတွက် မြန်မာနိုင်ငံ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co.,Ltd.မှ တာဝန်ရှိသူတို့က အမျိုးသားဇာတ်ရုံ (ရန်ကုန်) အကြီးစား ပြုပြင်မွမ်းမံနေမှုများနှင့်စပ်လျဉ်း၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက Beijing Constr-uction Engineering Group Co.,Ltd ၏ လိုအပ်သည့် အကူအညီများ ဆက်လက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်း၌ ပြုလုပ်မည့် အမျိုးသားဇာတ်ရုံအသစ်ဖွင့်လှစ်ပွဲအခမ်းအနားတွင် ပျော်ရွှင်ကျန်းမာစွာဖြင့် ပြန်လည်တွေ့ဆုံရန် မျှော်လင့်ကြောင်းနှင့် နှစ်သစ်မင်္ဂလာ အခါသမယတွင် Beijing Constru-ction Engineering Group Co.,Ltd မှ အင်ဂျင်နီယာများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရှိကြစေရန် ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေရှားပါးလာမှုကိုဖြေရှင်းနိုင်ရန် ရေရရှိရေးဆောင်ရွက်နေသည့် လုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၈**

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကြုံတွေ့လာရသည့် ရေရှားပါးလာမှုကို ဖြေရှင်းနိုင်ရန် ရေရရှိရေး ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အလေအလွင့်နည်းစွာသုံးစွဲနိုင်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တာဝန်ခံ အင်ဂျင်နီယာများအနေဖြင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများထံ တင်ပြလမ်းညွှန်မှုခံယူပြီး ရေအရင်းအမြစ်များ ရှာဖွေထိန်းသိမ်း၊ စနစ်တကျ သုံးစွဲနိုင်ရေးတို့အတွက် စည်းကမ်း နည်းလမ်းကျသည့် ဦးဆောင်မှုများ ပေးသွားခြင်းဖြင့် လုပ်ငန်းခွင် အကျိုးရှိထိရောက်စွာ ဆောင်ရွက်ပြီး ဆည်မြောင်းကဏ္ဍ တိုးတက်စေရေးကို ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးမှုပြဿနာ အခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် မြေအောက်ရေရရှိ ထိန်းသိမ်းမှု၊ ကျေးလက်သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာ ရရှိနိုင်ရေးတို့အတွက် ရေအရင်းအမြစ်ရရှိမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ရှိပြီးသား ရေအရင်းအမြစ်များကို မပျောက်ပျက်အောင် အကျိုးရှိထိရောက်စွာနှင့် အလေအလွင့် နည်းပါးစွာ သုံးစွဲနိုင်ရေးလုပ်ငန်းများကို တိကျခိုင်မာသည့် စီမံချက်များ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စားနပ်ရိက္ခာဖူလုံရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာတွင် နွေစပါး၊ မိုးစပါး၊ အခြားသီးနှံ၊ သောက်သုံးရေနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ရေသုံးစွဲနိုင်ရန် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါးနှင့် မြစ်ရေတင်လုပ်ငန်းများက အကျိုးပြုပေးဝေလျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတွင်လည်း မိုးရွာသွန်းမှုပုံစံပြောင်းလဲပြီး ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းကျဆင်းလျက်ရှိနေကြောင်း၊ ထို့ကြောင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု နည်းပါး၍ သိုလှောင်ရေ ကျဆင်းလာခြင်းကြောင့် ရေသွင်းစိုက်ပျိုးဧက၊ သောက်သုံးရေများ လျော့နည်းခြင်း မဖြစ်ပေါ်စေရန် ရေတို၊ ရေရှည်ဆောင်ရွက်ရန် လုပ်ငန်းများနှင့် တည်ဆောက်ပြီး တမံများ၏ ဘေးကင်းလုံခြုံမှု လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရန် ယနေ့ အစည်းအဝေးကို ကျင်းပခြင်းဖြစ်၍ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ရေသွင်းစိုက်ပျိုးဧက တိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ရေရရှိရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မိုးရေခံနည်းပညာ (Rain Water Harvesting) ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ ရေသိုလှောင်ထားရှိခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်၊ ယာယီတမံငယ်များပိတ်၍ ရေပေးဝေခြင်း၊ ရေခေါ်မြောင်း ရေပေးမြောင်းများ တူးဖော်စေခြင်း၊ တည်ဆောက်ဆဲ ဆည်ရေသောက်စနစ်များ ပြီးစီးအောင် တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ကာလကြာမြင့်သည့် ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်း စသည့် လတ်တလော အကျိုးပြုလုပ်ငန်းများကို လည်းကောင်း၊ မြေအောက်ရေဖြည့်တင်းခြင်း (Ground Water Recharge) နည်းပညာကို ဖြစ်နိုင်ခြေရှိသောနေရာများ ရွေးချယ်ဆောင်ရွက်ခြင်း၊ ရေစီးရေလာသေချာသည့်နေရာများတွင် ရေလွှဲဆည်၊ ကန်၊ ရေတံခါးနှင့် ရေလှောင်တမံငယ်များ တည်ဆောက်ခြင်း၊ မြစ်ရေတင်စခန်းသစ်များ တည်ဆောက်ခြင်း စသည့် နှစ်တို(ကာလတို) ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ဖြစ်နိုင်စွမ်းရှိသည့် ရေလှောင်တမံများရွေးချယ်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကာလတို ကာလလတ် လုပ်ငန်းစဉ်များနှင့်အတူ တည်ဆောက်ထားရှိပြီးဖြစ်သည့် ရေလှောင်တမံများသို့ ရေကူဖြည့်တင်းပေးနိုင်သည့် ရေကူရေလှောင်တမံများ တည်ဆောက်ခြင်းနှင့် ရေကူ၊ ရေသွယ်မြောင်းများ ဆောက်လုပ်ခြင်း၊ Dam Series များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နှစ်ရှည်ဆောင်ရွက်ရန် လိုအပ်သည့် ရေလှောင်တမံစီမံကိန်းများအတွက် စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခြင်း၊ ဖြစ်နိုင်စွမ်းရှိသည့် ရေလှောင်တမံများကို စိစစ်ရွေးချယ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စသည့် နှစ်ရှည်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း၊ တည်ဆောက်ပြီး တမံများ၏ ဘေးကင်းလုံခြုံမှုလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မည်သို့ပင်ဆိုစေကာမူ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းသည် COVID-19 မဖြစ်ပွားမီ အနီးကပ်ဆုံးကာလ၌ ကောက်ယူခဲ့သည့် စာရင်းအင်းများဖြစ်သည့်အတွက် COVID-19 မတိုင်ခင်နှင့် COVID-19 အလွန်ကာလ ပြောင်းလဲမှုများ၊ COVID-19 ၏ နောက်ဆက်တွဲအကျိုးဆက်များကို နှိုင်းယှဉ်ဆန်းစစ်လေ့လာရန်နှင့် ပြန်လည်ကုစားရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေမည့် အညွှန်းကိန်းများဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်ကြမည့်သူများ၊ သုတေသနဆန်းစစ်လေ့လာဆောင်ရွက်ကြသူများ စသည့် အချက်အလက် အသုံးပြုသူများအနေဖြင့် ကြားဖြတ်သန်းခေါင်စာရင်း၏ ရလဒ်များသည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ပကတိလူမှုစီးပွားရေးအခြေအနေမှန်ကို ပြဆိုနေသည့် အရင်းအမြစ်များအဖြစ် ယုံကြည်စိတ်ချစွာ အသုံးပြုဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ယခုလို အချိန်ကာလတွင် ရေးဆွဲချမှတ်မည့် စီမံကိန်းများ၊ မူဝါဒများအတွက် မဖြစ်မနေ အခြေခံအသုံးပြုရမည့် အညွှန်းကိန်းများကို ထုတ်ပြန်နိုင်သည့်အတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သူများအတွက် ဂုဏ်ယူရမည်ဖြစ်သည်။ ယခုကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ပြီးနောက် ယင်းအစီရင်ခံစာပါ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်းများနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကိုလည်း ဆက်လက်ပြုစုဆောင်ရွက်လျက်ရှိရာ နိုင်ငံ့အကျိုးအတွက် များစွာအထောက်အပံ့ဖြစ်သည့် ဆောင်ရွက်ချက်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှတ်တမ်းပြုရမည်ပင်။ သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်မှန်သမျှကိုလည်း အလွယ်တကူ ရယူအသုံးပြုနိုင်ရန် ပြည်သူ့အင်အားဦးစီးဌာန၏ Website ဖြစ်သည့် www.dop.gov.mm ၌လည်း လွှင့်တင်ထားသည်။ ပင်မအစီရင်ခံစာ ထုတ်ပြန်ချက်များသည် ခရိုင်အဆင့်ကိုယ်စားပြုအညွှန်းကိန်းများဟု ဆိုသော်လည်း ယခင်ရရှိပြီးသား စာရင်းအင်းအချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ကာ အနီးစပ်ဆုံး အခြေအနေမှန်ကို တွက်ချက်ဖော်ထုတ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအကျိုးအတွက် ထိထိရောက်ရောက် အသုံးပြုနိုင်သည့် ရလဒ်များဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာကြီးအတွက် အထိတ်တလန့်များစွာ ကြုံတွေ့ခဲ့သည့်နှစ်။ ကမ္ဘာသူ ကမ္ဘာသားများ စိုးရိမ်ပူပန်မှုများဖြင့် နေထိုင်ရှန်းကန်လှုပ်ရှားခဲ့ရသည့်နှစ်။ ကမ္ဘာပေါ်တွင် COVID-19 ကပ်ရောဂါကြောင့် လူဦးရေ ၈၁ သန်းကျော် ရောဂါကူးစက်ခံရပြီး လူဦးရေ ၁ သန်း ၇ သိန်း ကျော် သေဆုံးခဲ့ရသည့်နှစ်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ်သည် နိုင်ငံအတွက် အထင်ကရ အမှတ်တရ ဂုဏ်ပြုရမည့် နှစ်ပတ်လည်အထိမ်းအမှတ် နေ့ရက်များဖြင့် ပြည့်နှက်နေသည့် နှစ်တစ်နှစ်ဖြစ်သော်လည်း COVID-19 ကြောင့် စည်ကားသိုက်မြိုက်စွာ မကျင်းပနိုင်ဘဲ အကျဉ်းချုံး အခမ်းအနားများအဖြစ်သာ အကန့်အသတ်များဖြင့် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ်ကို ကျော်ဖြတ်ပြီးနောက် ရောက်ရှိလာသည့် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ကြားဖြတ်သန်းခေါင်စာရင်းရလဒ်များကို အခြေခံ၍ ကောင်းမွန်သော စီးပွားရေးစီမံကိန်းများနှင့် မူဝါဒလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ကာ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကိုဗစ်အလွန်ကာလအဖြစ် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှဒိတာပွား ရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

### နိုင်ငံတော်သမ္မတထံသို့ စပိန်နိုင်ငံ၊ ဆဋ္ဌမမြောက် ဘုရင် ဖီလစ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စပိန်အစိုးရ၊ စပိန်ပြည်သူ ပြည်သားများနှင့်အတူ ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ၊ ဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ၊ ဘုရင် တာမန် ဘင်ဟာမဒ် အယ်လ်-သာနီထံမှ ပေးပို့လာသော လွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပိုမို ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ကာတာပြည်သူပြည်သားများကိုယ်စား မိမိမှ ရင်းနှီးချစ်ကြည်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတထံသို့ မွန်ဂိုလီးယားသမ္မတ ကော့ထ်မက်ဒင် ဘတ်ချောလ်ဂါထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် သမ္မတနှင့် ခင်မင်ရင်းနှီးဖွယ် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဒီမိုကရေစီ၏တန်ဖိုးကို အခြေခံမှုဝေ၍ မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေရန် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် ဆန္ဒရှိပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူပြည်သားများ တိုးတက်သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတထံသို့ အီရန်အစ္စလာမ်သမ္မတနိုင်ငံ၊ သမ္မတ ဟန်ဆန် ရိုဟာနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အီရန်အစ္စလာမ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် လွန်ခဲ့သည့်နှစ်များကပင် ရေရှည်တည်တံ့သည့် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား ကဏ္ဍစုံ အကျိုးစီးပွားတိုးတက်ရေးအတွက် ပိုမိုခိုင်မာသည့် ဆက်ဆံရေးကို တိုးချဲ့သွားနိုင်မည်ဟု အလေးထားမျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ကျက်သရေအပေါင်းနှင့် ပြည့်စုံ၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ၊ ဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ၊ ဒုတိယဘုရင် အဗ္ဗဒူလာ ဘင် ဟာမဒ် အယ်လ်-သာနီ ထံမှ ပေးပို့လာသော လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း မိမိမှ ရင်းနှီးချစ်ကြည်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ကာတာနိုင်ငံ၊ ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ခါလက် ဘင် ခါလီဖာ ဘင် အက်ဘ်ဒူလာဇီ အယ်လ်- သာနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်း၊ မြန်မာပြည်သူ ပြည်သားများအနေဖြင့်လည်း ပိုမို ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောကြပါစေကြောင်း ကာတာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသတွင် ဖော်ဆောင်မည့် စီမံကိန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ ဒေသတွင် ဖော်ဆောင်မည့် စီမံကိန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ (ယာပုံ)




အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဒုတိယဝန်ကြီး ဦးလှမော်ဦးတို့က အမှာစကားပြောကြားကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ ဦးစီးဌာနတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများတွင် ဖော်ဆောင်မည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ မဆုံးရှုံးစေရေး၊ ထိခိုက်နစ်နာမှု မရှိစေရေးတို့အတွက် ဥပဒေကြောင်းအရ အလေးထားဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၏ အဆင်ပြေချောမွေ့စေရေး ကိစ္စရပ်များ၊ လုပ်ငန်းကြန့်ကြာမှု မရှိစေရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားသောကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကိစ္စရပ်များ ဆွေးနွေးကြသည်။

စီမံကိန်း၏ အကျိုးအပြစ်နှင့် အကြောင်းအရာများကို စီမံကိန်းအကောင်အထည်ဖော်မည့် ဒေသရှိ အခြေချနေထိုင်သူ ဒေသခံတိုင်းရင်းသားများ သိရှိနားလည်စေရန် ၎င်းတို့နားလည် သဘောပေါက်နိုင်မည့် ဘာသာစကားနှင့် နည်းလမ်းများကို အသုံးပြုလျက် ရှင်းလင်းချပြပေးသွားမည်ဖြစ်သည်။ အလားတူ အဆိုပါဒေသများရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝတို့အပေါ် ထိခိုက်ပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်ခြင်း ရှိ/ မရှိ သိရှိနိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှု ဆန်းစစ်ခြင်းတို့ကို သက်ဆိုင်ရာဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများဖြစ်သည့် စီမံကိန်းဦးစီးဌာနက စီမံကိန်းလုပ်ငန်း(၃)ခု၊ စိုက်ပျိုးရေးဦးစီးဌာနက စီမံကိန်းလုပ်ငန်း (၇)ခု၊ စက်မှုလယ်ယာဦးစီးဌာနက စီမံကိန်း လုပ်ငန်း(၈)ခု၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက စီမံကိန်းလုပ်ငန်း (၂၅)ခု၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနက စီမံကိန်း လုပ်ငန်း(၁)ခုနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနက စီမံကိန်းလုပ်ငန်း (၄) ခု၊ စုစုပေါင်း စီမံကိန်းလုပ်ငန်း (၄၈) ခုကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ ဒေသများနှင့် နီးနွှယ်ဆက်စပ်မှုရှိသည့် ဒေသများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*ကျောဖုံးမှ*

လက်ခြောက်အထူးတန်း ကော်ဖီထုတ်လုပ်ကာ ပြည်တွင်းပြည်ပ ဝယ်လက်များကို တိုက်ရိုက်ပို့ဆောင်ရောင်းချခြင်းဖြစ်သည်။ ရွှေတောင်သူ ကော်ဖီအဖွဲ့ တည်ထောင်ခဲ့သည့် ရည်ရွယ်ချက်မှာ တောင်သူများအနေဖြင့် အထူးတန်းကော်ဖီများ ထုတ်လုပ်ပြီး တင်ပို့ရောင်းချနိုင်ရန်၊ အထူးတန်းကော်ဖီဈေးကွက် ပိုမိုခိုင်မာလာစေရန် ကော်ဖီစိုက်တောင်သူများအတွက် ကော်ဖီနှင့်ပတ်သက်သည့် နည်းပညာများ ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ ရွှေတောင်သူ စတင်တည်ထောင်လာသည်မှာ လေးနှစ်ပြည့်ပြီး ငါးနှစ်ထဲရောက်ရှိလာကာ တစ်နှစ်လျှင် အထူးတန်းကော်ဖီတန်ချိန် ၈၀ အထိ ထုတ်လုပ်ခဲ့ကြောင်း၊ ထုတ်လုပ်လာသည့် သက်တမ်းတစ်လျှောက်တွင် အထူးတန်း ကော်ဖီတစ်ပေါင်ကို ၃ ဒေါ်လာမှ ၄ ဒသမ ၅ ဒေါ်လာအကြား ရောင်းချခဲ့ရကြောင်း၊ ၂၀၁၉-၂၀၂၀ ရာသီတွင် ကိုဗစ်ကြောင့် တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ကော်ဖီရောင်းချမှု အခက်အခဲကြုံတွေ့ခဲ့ရကြောင်း။

၂၀၂၀-၂၀၂၁ ရာသီတွင် ပိုမိုခိုင်မာသည့် ဝယ်လက်များနှင့် ချိတ်ဆက်နိုင်ခဲ့မှုကြောင့် အထူးတန်းကော်ဖီတန်ချိန် ၁၀၀ ထိထုတ်လုပ်ရန် ပြင်ဆင်ထားကြောင်း၊ တင်ပို့ရောင်းချသည့် ၁၅ နိုင်ငံရှိပြီး အဓိကပုံမှန်တင်ပို့သည့် အမေရိကန်၊အင်္ဂလန်၊ ယူအေအီး၊ ဩစတြေးလျ၊ စင်ကာပူ စသည့်နိုင်ငံများသို့ ချိတ်ဆက်တင်ပို့ရောင်းချနေကြောင်း ရွှေတောင်သူဥက္ကဋ္ဌ ဦးဇော်ဝင်းကိုက ပြောသည်။

အထူးတန်းကော်ဖီပြုလုပ်ရာတွင် ရင့်မှည့်သည့်အသီးများကို ရွေးခူးရပြီး အချိုဓာတ် ၁၉ /၂၀ အထက် ရှိသည့် အသီးများကို ခူးဆွတ်ရကာ ရေတွင်သုံးကြိမ်လဲလှယ်ဆေးကြောပြီး ရေပေါ်သီးများကို ဖယ်ထုတ်၍ ခြင်တွယ်ကာ စင်တင်နေလှန်းရကြောင်း၊ အမြင့် သုံးပေ၊ အလျား ၄၅ ပေ၊ အကျယ် လေးပေစင်ပြုလုပ်ပြီး စင်ပေါ်တွင် ပိဿာချိန် ၁၂၀ လှန်းရကြောင်း၊ အခြောက်ညီစေရန် တစ်နာရီ တစ်ကြိမ် မွှေနှောက်ရပြီး နေလှန်းရက် ၁၈ ရက်မှ ၂၀ ရက်အထိ လှန်းရကြောင်း၊ အစိုဓာတ် ၁၀ နှင့် ၁၁ ကြား ဖြစ်လာသည့် ကော်ဖီလုံးခြောက်များကို လေလုံအိတ်တွင်ထည့်၍ ဂိုဒေါင်တွင် တစ်လခန့် သေချာသိုလှောင်ကာ စက်ရုံ၌ ကြိတ်ခွဲရွေးသန့်ပြီး အရည်အသွေးကောင်းသည့် နိုင်ငံတကာအဆင့်မီ အထူးတန်းကော်ဖီအဖြစ် ရရှိလာကာ နိုင်ငံအများအပြားသို့ တင်ပို့နေရကြောင်း ရွှေတောင်သူကော်ဖီအမှုဆောင် ဦးထွန်းထွန်းက ပြောသည်။

ရှာငံမြို့နယ်တွင် ကော်ဖီစိုက် ဧက ၉၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၁၀၀၀ ကျော် ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

**(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

**ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း(မူကြမ်း)နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Virtual meeting စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ညှိနှိုင်းဆွေးနွေးပွဲသည် ရခိုင်ပြည်နယ်အတွက် အထူးအရေးပါပြီး အလိုအပ်ဆုံးဖြစ်နေသည့် အရာများထဲက တစ်ခုဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကာလကြာရှည်စွာ ဖွံ့ဖြိုးမှုဆိုင်ရာ အကျပ်အတည်း၊ လူ့အခွင့်အရေး အကျပ်အတည်း၊ လုံခြုံရေး အကျပ်အတည်းဆိုသည့် အကျပ်အတည်း (၃)ခု ကြုံတွေ့နေရပါကြောင်း၊ ယင်းအကျပ်အတည်းများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများစွာထဲမှ ဒေသအတွင်း နေထိုင်သူအားလုံး၏ အသိဉာဏ်ပညာ ဝေဖန်ပိုင်းခြားနိုင်မှု၊ မှန်ကန်စွာ သုံးသပ်နိုင်မှု၊ ကြောင်းကျိုးဆင်ခြင်နိုင်မှု မြင့်မားတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ ထိုအရာများ မြင့်မားတိုးတက်နိုင်ရန် ပညာတတ်များရန် ပညာရည်တိုးတက်မှုနှုန်း မြင့်မားရန် လိုအပ်ပါကြောင်း၊ ပညာရည်မြင့်မားမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ၊ စီးပွားရေးကဏ္ဍများ၊ ကြောင်းကျိုးဆင်ခြင်နိုင်မှုများ မြင့်တက်လာကာ လူမှုစီးပွားဘဝများပြောင်းလဲလာပြီး တွေ့ကြုံနေရသည့် အကျပ်အတည်းများကို လျော့နည်းလာစေမည် ဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)သည် ထူးခြားသော အပြောင်းအလဲတစ်ခုကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် (၈၈) ချက်ကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ရခိုင်ပြည်နယ်အစိုးရနှင့် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းပြီး အကြံပြုချက်ပါ လုပ်ငန်းများကို ကဏ္ဍများအလိုက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ အကြံပြုချက်များတွင် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရန် အကြံပြုချက်(၅) ချက်ရှိသည့်အနက် အကြံပြုချက် အမှတ်စဉ်(၃၄) တွင် ပါသော အစိုးရသည် ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍ အထူးမြင့်မား တိုးတက်စေရန် စီမံချက်တစ်ရပ်ကို ပြည်နယ်အတွင်း နေထိုင်သူအားလုံး တူညီသော ပညာသင်ကြားခွင့်ရရှိရေး၊ ပညာရေးဂုဏ်မြင့်မားရေး၊ စာသင်ကျောင်းများနှင့် သင်ထောက်ကူပစ္စည်းများ တိုးတက်ကောင်းမွန်လာစေရေး စသည့်အချက်များကို အခြေခံပြီး ဘက်ပေါင်းစုံ ထည့်သွင်းစဉ်းစားကာ စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က တိုက်တွန်းထားသည်များ ရှိပါကြောင်း။

ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းဆိုသည့် အတားအဆီးတံခါးကို ဖွင့်နိုင်မည့် သော့ဖြစ်ပါကြောင်း၊ လူတိုင်းလက်လှမ်းမီပြီး ဖွံ့ဖြိုးမှု နောက်ကျခြင်းတံခါးမှနေ လူတိုင်းဖွင့်ထွက်နိုင်ရန် လိုပါကြောင်း၊ ပညာရည် မြင့်မားလာခြင်းကြောင့် ပြဿနာအပေါ် ချဉ်းကပ်မှုပုံစံများလည်း ပြောင်းသွားနိုင်ပြီး ဖြေရှင်းဆောင်ရွက်နည်း အမျိုးမျိုးတို့မှတစ်ဆင့် ပဋိပက္ခများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရင်းဖြင့် ထာဝရငြိမ်းချမ်းရေး လမ်းစပေါ်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ ဆွေးနွေးမည့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (Comprehensive Education Plan for Rakhine State – CEPR) (မူကြမ်း) သည် ကိုဖီအာနန်၏ အကြံပြုချက်နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (The Independent Commission of Enquiry – ICOE) ၏ အကြံပြုချက်များတွင် ပါဝင်သည့် ပညာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးမှု ချိတ်ဆက်နေရေးအတွက် အထူးအလေးထား အကောင်အထည်ဖော်ရန် လိုအပ်သည့် သဘောတရားများကို အခြေခံထားသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့ ပူးပေါင်းပြီး ပြန်လည်လက်ခံရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဖော်ထုတ်ထားသော ကနဦး လေ့လာဆန်းစစ်ချက် အစီရင်ခံစာ Preliminary Needs Assessment (PNA) တွင်လည်း ထိုအချက်ကို အထူးပြု ဖော်ပြထားပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးက အဓိက အကြောင်းအချက်ဖြစ်သည့် အတွက် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်းက အရေးကြီးပါကြောင်း။

ရခိုင်ဒေသတွင် နေထိုင်သူများ ပညာရည် မြင့်မားလာပြီဆိုပါက နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိစ္စရပ်နှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကြီးမားသော အထောက်အကူဖြစ်စေပြီး လွတ်လပ်စွာ သွားလာခွင့်နှင့် လူမှုသဟဇာတဖြစ်ရေးတို့ကို ဆက်လက် တိုးတက်စေမည်ဖြစ်ပါကြောင်း၊ လူမှုသဟဇာတဖြစ်မှု တိုးတက်လာပြီဆိုလျှင် လုံခြုံရေး ကဏ္ဍများ၊ ကျန်းမာရေးကဏ္ဍများပါ တိုးတက်လာပြီး ရခိုင်ပြည်နယ်၏ ကြုံတွေ့နေရသော အကျပ်အတည်းများ တဖြည်းဖြည်းလျော့ပါးလာကာ ဒေသ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ဟုန်ထိုး ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း) အကြောင်းကို အလွှာအသီးသီးက သိရှိနားလည်ထောက်ခံရေး၊ ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ နောက်ဆုံး အခြေအနေများနှင့်အညီ ရှေ့ဆက် ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရခိုင်ပြည်နယ်တွင် မစ္စတာကိုဖီအာနန် ဦးဆောင်သော အကြံပေးအဖွဲ့၏ အစီရင်ခံစာအရ ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း) ကို ပြုစုလျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်း (မူကြမ်း) တွင် အဓိက ဆောင်ရွက်မည့် နယ်ပယ် (၅) ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိပါကြောင်း၊ အဆိုပါ ဆောင်ရွက်မည့် နယ်ပယ် (၅) ခုမှာ ကျန်းမာ၊ လုံခြုံ၊ ဘေးကင်း၍ အရည်အသွေး ကောင်းမွန်သော ပညာရေး၊ မည်သည့်ခွဲခြားမှုမျှမရှိဘဲ လူတိုင်း အကျုံးဝင် အတူတကွ သင်ယူနိုင်သော ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာ သင်တန်း (TVET) နှင့် တစ်သက်တာ လေ့လာသင်ယူမှု အပါအဝင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်မှုကို အလေးထားသော ပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခွင့်အလမ်းများ ရရှိရေး၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် လေ့လာသင်ယူမှုကို ဖြစ်ထွန်းစေရေးတို့ ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၁)အရ ပညာရေးကဏ္ဍတွင် လိုအပ်ချက်များကို ဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်မှုကို ပိုမိုအားကောင်းစေရေး အတွက် အတူသင်စီမံချက်ကို အတူတကွ ကျောင်းသွားခြင်း၊ အတူစာဖတ်ခြင်း (Reading together)၊ အတူတကွ ကစားခြင်း၊ ကျောင်းတွင်း ရေနှင့် သန့်ရှင်းရေးကဏ္ဍကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆရာ၊ ဆရာမများကို အတူတကွ ထောက်ပံ့ပေးခြင်း စသောအဓိကအစီအစဉ် (၅) ရပ်ဖြင့် ဆောင်ရွက်အကောင်အထည် ဖော်လျက်ရှိပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍအသီးသီးတွင် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို စိစစ်အကဲဖြတ်ပြီး ထောက်ပံ့ပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေး စီမံကိန်း(မူကြမ်း)နှင့် ချိတ်ဆက်ကာ ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေး အကြံပြုကြစေ လိုပါကြောင်း၊ ဆက်လက်၍လည်း ရခိုင်ပြည်နယ် အကြံပေးအဖွဲ့၏ အစီရင်ခံစာ၏ အကြံပြုချက်နှင့်အညီ ကျန်းမာ၊ လုံခြုံ၊ ဘေးကင်း၍ အရည်အသွေးရှိသည့် ပညာရေးကို ဦးတည် အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်း ညှိနှိုင်းဆွေးနွေး အကြံပြုချက်များ ရယူပြီး ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာ ဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် လိုအပ်ချက် စစ်ဆေးအကဲဖြတ်ချက်များနှင့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)နှင့် ဆက်စပ်ပံ့ပိုးဆောင်ရွက် အကောင်အထည်ဖော်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နိဂုံးချုပ်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ရှေ့လာမည့်(၅)နှစ်အတွင်း ဆောင်ရွက်မည့် အစီအမံများအား နှစ်အပိုင်းအခြားအလိုက် စီမံချက်များရေးဆွဲခြင်းအပေါ် သုံးသပ်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၈

**အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ရှေ့လာမည့် (၅) နှစ်အတွင်း ဆောင်ရွက်မည့် အစီအမံများအား နှစ်အပိုင်းအခြားအလိုက် စီမံချက်များ ရေးဆွဲခြင်းအပေါ် သုံးသပ်တင်ပြခြင်း အစည်းအဝေးကို အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။**

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် (အားကစား) ဦးသိန်းထွန်းလတ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယခုကျင်းပသည့် အစည်းအဝေးသည် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လာမည့် (၅)နှစ် အတွင်း ဆောင်ရွက်မည့် အစီအမံများအား နှစ်အပိုင်းအခြားအလိုက် စီမံချက်များကို ဌာနခွဲများ၊ အားကစားသိပ္ပံကျောင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တင်ပြမှုများကို ပြန်လည်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သုံးသပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ တာဝန်ခံ ညွှန်ကြားရေးမှူးများအနေဖြင့် နိုင်ငံ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်မံတင်ပြလိုပါက ဖြည့်စွက်တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦးတို့က ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် စီမံချက်အသီးသီး၏ ဆွေးနွေးတင်ပြမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆွေးနွေးသုံးသပ်ပြောကြားရာတွင် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံတိုးချဲ့မှု ပြင်ဆင်ရေး ကိစ္စရပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကြီး (၄) ခုတွင် ဝန်ထမ်းဖွဲ့စည်းပုံတိုးမြှင့်ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များ၊ ဟားခါး၊ စစ်တွေ သိပ္ပံကျောင်းများတွင် ဝန်ထမ်းတိုးမြှင့်ခန့်အပ်နိုင်ရေး ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြက်ဖြတ်စက်တောင်းခံထားရှိမှု အခြေအနေများ၊ အားကစား ကွင်း/ရုံများ ပြုပြင်ထိန်းသိမ်းမှု အခြေအနေ၊ သဘာဝဘေးဒဏ်ကျရောက်မှု၊ ပြုပြင်ထိန်းသိမ်းမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစား ကွင်း/ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဘောလုံးကွင်း၊ အားကစားရုံ လိုအပ်မှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ထပ်မံတည်ဆောက်ရန် လိုအပ်မှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရေကူးကန် ထပ်မံတည်ဆောက်ရန် လိုအပ်မှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ ဌာနခွဲများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအလိုက် အားကစားလှုပ်ရှားမှု မြင့်မားစွာ ဆောင်ရွက်နိုင်ရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင် အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှု အခြေအနေများ၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာနိုင်စေရေးကိစ္စရပ်များ၊ အားကစားနှင့် ကာယပညာ ကျောင်းသားအသစ် ရွေးချယ်ရာတွင် ပညာရေးနှင့် အားကစား အခြေခံကောင်းမွန်ပြီး ဉာဏ်ရည်မြင့် သင်တန်းသားများ ရွေးချယ်နိုင်ရေးကိစ္စရပ်များ၊ သိပ္ပံကျောင်းများ စာသင်ခန်းတိုးချဲ့မှု၊ ကွန်ပျူတာအခန်းထားရှိမှု ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ လတ်တလောအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် သတင်းမီဒီယာများနှင့် နိုင်ငံတော်သမ္မတအိမ်တော် Press Briefing Room ၌ Physical Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး နိုင်ငံတော်၏ လတ်တလော အခြေအနေများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပထမအချက်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအပြင် NCA လက်မှတ်မရေးထိုးထားသည့် အဖွဲ့များ ပူးပေါင်းပါဝင်ကာ ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ချဉ်းကပ်မှုအသစ်များနှင့် ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် အများပြည်သူ ပါဝင်ပတ်သက်ခွင့်ရှိရမည့် လူထုအခန်းကဏ္ဍကိုလည်း အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တတိယအချက်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်ဖော်ဆောင်သည့်အခါ မူဘောင်လမ်းညွှန်မှု၊ လိုအပ်သည့် စုဖွဲ့မှု၊ စနစ်နှင့် ယန္တရားတည်ဆောက်မှု စသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဒီဇိုင်းကိုလည်း မိမိတို့ အာရုံစိုက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထအချက်အနေဖြင့် လုပ်ငန်းစဉ်ပိုင်း၊ ဒီဇိုင်းပိုင်းနှင့် အားလုံးပါဝင်နိုင်မှု အကျုံးဝင်သည့် အပိုင်းများကိုလည်း လာမည့်ငါးနှစ်တာကာလတွင် လက်တွေ့ကျကျ အသက်ဝင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားမည်

ပဉ္စမအချက်အနေဖြင့် ပညာရပ်၊ စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အကူပြုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများအပါအဝင် အဓိကအင်အားစုအများဆုံး အကျေအလည် ဆွေးနွေးနိုင်မည့် ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဘက်စုံစဉ်းစားပြီး ကိုယ်စားပြုမှုနှင့် ထိရောက်မှုဟန်ချက်ညီမျှတစေမည့် ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေး ဖွဲ့စည်းတည်ဆောက်မှုအသစ် (NEW PEACE ARCHITE-CTURE) ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ယင်းအပိုင်းမှာ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပါဝင်ပတ်သက်နေသည့်အဖွဲ့များနှင့် ဆွေးနွေးနေပါကြောင်း၊ ကိုဗစ်ကာလဖြစ်သည့်အတွက် Zoom Meeting များဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့သည်များလည်း များစွာရှိပါကြောင်း၊ ဆက်လက်ပြီး ဆွေးနွေးညှိနှိုင်းမှုများလည်း လုပ်ဆောင်သွားရန်ရှိပါကြောင်း။

ယင်းသို့လုပ်ဆောင်ရခြင်းမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အားသာချက်၊ အားနည်းချက်များကို နားထောင်ပါကြောင်း၊ Insight Review နှင့် Outsight Review ရှိပါကြောင်း၊ Insight Review ဆိုသည်မှာ ကိုယ့်အတွင်းထဲမှ လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်သူများ၏ သုံးသပ်ချက်များအပြင် ယင်းလုပ်ငန်းစဉ်ပြင်ပမှ စောင့်ကြည့်နေသည့် ပုဂ္ဂိုလ်များ၏ အမြင်များကို မိမိတို့ နားထောင်ပါကြောင်း၊ ယခုလက်ရှိတွင် Insight Review, Outsight Review များကို ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ ယင်းအပေါ်မူတည်ပြီး NEW PEACE ARCHITECTURE သစ်ကို ရေးဆွဲနေသည့် အချိန်ဖြစ်ပါကြောင်း၊ ယခုလအတွင်းမှာလည်း NEW PEACE ARCHITECTURE မှာ ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားပါကြောင်း။

သို့သော်လည်း ဆက်လက်ပြီး ညှိနှိုင်းဆွေးနွေးမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ များစွာကျန်သေးပါကြောင်း၊ ထို့ကြောင့် လာမည့်အပတ်တွင် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆဋ္ဌမအချက်နှင့် သတ္တမအချက်သည် အရေးကြီးပါကြောင်း၊ ဆဋ္ဌမအချက်အနေဖြင့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးမှု နှစ်ပေါင်း ၇၅ နှစ်ပြည့်မည့် စိန်ရတုနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် ပြည်ထောင်စု၏ ပန်းတိုင်ကို မိမိတို့အတူတကွ ဆက်ပြီးလျှောက်လှမ်းသွားမည့် လမ်းကြောင်းများ ခိုင်ခိုင်မာမာထင်ထင်ရှားရှား လှမ်းမြင်နေရသည့် အားတက်ဖွယ်အခြေအနေတစ်ရပ် ရောက်ရှိလာရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အလွန် ၂၀၂၁ ခုနှစ်မှစတင်ပြီး လာမည့်တစ်နှစ်တာအတွင်း နောက်ထပ်အဆင့်တစ်ဆင့် မည်သည့် အခြေအနေသို့ ရောက်ရှိမည်ကို ညှိနှိုင်းရန်ရှိပါကြောင်း၊ အစိုးရပိုင်း၌ မည်သည့်အဆင့်ဟု သတ်မှတ်ထားသော်လည်း ကျန်သည့် State Holder များနှင့်ညှိနှိုင်း၍ ယင်းအဆင့်ကို ရောက်အောင်သွားမည်ဖြစ်ပြီး မိမိတို့ကြားတွင် ဆက်လက်ညှိနှိုင်းရန်ရှိပါကြောင်း။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ လတ်တလော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

သတင်းစဉ်

သတ္တမအချက်အနေဖြင့် လွတ်လပ်ရေး စိန်ရတုနှစ်ဖြစ်ပါကြောင်း၊ စိန်ရတုနှစ်ပြည့်မည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်ကာလတွင် မိမိတို့နိုင်ငံကို မည်သည့်နိုင်ငံမျိုးဖြစ်စေချင်သည်၊ မိမိတို့နိုင်ငံမှာ မည်သို့ ရှင်သန်နေထိုင်သွားမည်ကို ပုံဖော်ရန်အတွက် စိန်ရတု မရောက်ခင်ကာလအတွင်း နိုင်ငံတော်အစိုးရ၏ အဓိကလုပ်ငန်းစဉ် တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းအချက်များသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံတကာနှစ်သစ်ကူးအထိမ်းအမှတ်တွင် ပြောကြားသွားခဲ့သည့် မိန့်ခွန်းထဲမှ အဓိကကောက်နုတ်ချက် ၇ ချက် ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေး အစီအစဉ်သစ် ရှိပါကြောင်း၊ ထိုအစီအစဉ်သစ်တွင် လုပ်ငန်းစဉ် ၃ ရပ်ပါဝင်ပြီး ယင်းတို့ကိုလည်း ရှင်းလင်းထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို အကျုံးဝင် ဖော်ဆောင်သွားမည်ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ မည်သည့်ကြောင့် အရေးကြီးသည်ဆိုသည်မှာ ဖဆပလ၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ တပ်မတော်အစိုးရ၊ USDP အစိုးရ၊ ယခုလက်ရှိ NLD အစိုးရကာလများတွင် တကယ့်နိုင်ငံရေးပြဿနာများကို ဖြေရှင်းကြသည့်အခါ ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးစားပွဲဝိုင်းမှာ အရေးကြီးပါကြောင်း၊ ယင်းစားပွဲဝိုင်းကို ဝင်ရောက်နိုင်ခဲ့ပြီး နိုင်ငံရေး ဆွေးနွေးပွဲအဆင့်ကို မတက်လှမ်းနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ နှစ်ပေါင်းများစွာ တာရှည်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနှင့် ကြုံတွေ့နေရခြင်းဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင်လည်း ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို အခြေခံပြီး သွားမည့်လုပ်ငန်းစဉ် ၃ ရပ်ဖြစ်ပါကြောင်း၊ ယင်းအချက်များသည်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ငြိမ်းချမ်းရေးညီလာခံ မိန့်ခွန်းများနှင့်NCA နှစ်ပတ်လည်မိန့်ခွန်းများမှ ကောက်နုတ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေး အစီအစဉ်သစ် NEW PEACE ARCHITECTURE ကို အခြေခံပြီး ဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ တစ်ဖက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ရှိပါကြောင်း၊ ၁၀ ဖွဲ့မှာ NCA မှာ လက်မှတ်ရေးထိုးပြီး Union Accord သုံး အထိ ရောက်ရှိပြီဖြစ်ပါကြောင်း။

### နောက်တစ်ကြိမ် ဆွေးနွေးရန်လျာထား

တစ်ဖက်တွင်လည်း NCA လက်မှတ်မရေးထိုးရသေးသည့် KNPP နှင့် Joint Statement ထိုးပြီးပါကြောင်း၊ ပြီးခဲ့သည့် လပိုင်းတွင် KNPP ဖြင့် Bilateral အွန်လိုင်းမှ ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးသည့်အခါ NCA မထိုးခင် နောက်တစ်ဆင့်အနေဖြင့် KNPP ဘက်မှ ဆောင်ရွက်လိုသည့် အချက်များကို မိမိတို့ကို ပြောပြပါကြောင်း၊ ယခု ဇန်နဝါရီလထဲတွင် နောက်တစ်ကြိမ်အဖြစ် ဆွေးနွေးရန် လျာထားပါကြောင်း။

Bilateral တွင် လေးဖွဲ့ရှိပါကြောင်း၊ "ဝ"၊ မိုင်းလား၊ SSPP နှင့် KIA/ KIO ဖြစ်ပါကြောင်း၊ ယင်းတွင် တပ်မတော်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားသည့်အတွက် Bilateral ပျက်သလိုဖြစ်သွားသည်မှာ KIA တစ်ဖွဲ့ရှိပါကြောင်း၊ အောက်တွင် AA ၊ TNLA ၊ MNDAA သုံးဖွဲ့ရှိပါကြောင်း၊ ယင်းသုံးဖွဲ့နှင့် မိမိတို့ စတင်ဆွေးနွေးစဉ်ကပင် ထုတ်ပြန်ကြေညာချက် ထုတ်ပြန်နိုင်သည့်အဆင့်ကျော်လွန်သွားပြီဖြစ်ပါကြောင်း၊ ယင်းသို့ ကျော်လွန်သွားပြီး Bilateral ဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးသည့်အခါတွင် ရှေ့ဆက်၍ NCA မည်သို့သွားမည်ဆိုသည့် process အပေါ်တွင် အကျေအလည် ဆွေးနွေးခဲ့ပါကြောင်း၊ နောက်ဆုံး ကူမင်းတွေ့ဆုံပွဲတွင် အလွတ်သဘောဆွေးနွေးပါကြောင်း၊ ယင်းသို့ ဆွေးနွေးပြီးသည့် အချိန်တွင် မိမိတို့မည်သို့သွားမည်ဆိုသည့် process အပေါ်တွင် ၎င်းတို့နှင့် အနည်းငယ် သဘောထားကွဲလွဲခဲ့ပါကြောင်း။

ယင်းကွဲလွဲသည့်အပေါ်တွင် ပြန်လည်ဆွေးနွေးခဲ့ပြီး ယခုနောက်ဆုံးအခြေအနေတွင် အဆင့်သုံးဆင့်ပါသည့် လမ်းကြောင်းအပေါ်တွင် နှစ်ဦးနှစ်ဖက်စာဖြင့် ကတိကဝတ်ရထားပြီဖြစ်ပါကြောင်း၊ ကတိကဝတ် ရထားပြီဖြစ်သည့်အတွက် ၎င်းသုံးဖွဲ့နှင့်ယခုလတွင် တွေ့ဆုံဆွေးနွေးနိုင်ရန် အစိုးရဘက်မှ ကမ်းလှမ်းထားပါကြောင်း၊ ထို့နောက် ယခုသုံးဖွဲ့ အပြင် KIA အပါအဝင် လေးဖွဲ့နှင့် အဆင့်သုံးဆင့်ဖြင့် သွားမည်ဖြစ်ပါကြောင်း၊ "ဝ"၊ မိုင်းလား၊ SSPP အဖွဲ့များနှင့် NCA case အောက်ရောက်ရန် မျှော်မှန်းထားပါကြောင်း၊ တစ်ဆက်တည်းတွင် NCA ထိုးထားသည့် EAO များနှင့် Union Accord သုံးခုရထားပြီ ဖြစ်ပါကြောင်း၊ ထူးခြားချက်အနေဖြင့် ပြီးခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း - ၃ တွင် အဓိကအပိုင်းကြီးသုံးပိုင်း ပါဝင်ပါကြောင်း၊ နံပါတ်(၁)အနေဖြင့် NCA အကောင်အထည်ဖော်မှုဆိုင်ရာမူဘောင်သဘောတူညီချက် ဖြစ်ပါကြောင်း။

### အဆင့်လိုက်အကောင်အထည်ဖော်မည်

ဒုတိယပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဖြစ်ပါကြောင်း၊ ယင်းအပိုင်းတွင် သဘောတူညီချက်များ ရရှိထားပါကြောင်း၊ အပိုင်း(၃)အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာလမ်းညွှန် အခြေခံမူဖြစ်ပါကြောင်း၊ ယင်းသုံးပိုင်းကိုရထားပြီး တချို့ဆွေးနွေးရန်ကျန်ရှိသည့် အချက်အနည်းငယ်ကျန်သေးပါကြောင်း၊ Union Accord တွင် ထူးခြားချက်အနေဖြင့် ယခု process ကို သွားသည့် အချိန်တွင် အဆင့်လိုက်သွားပြီး အဆင့်လိုက်အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ ယင်းအနေအထားဖြစ်သွားသည့်အတွက် ယခင်က မျှော်မှန်းထားသကဲ့သို့ ဖက်ဒရယ်မူနှင့် ဒီမိုကရေစီမူများ ဆွေးနွေးရရှိလာသည်များကို အားလုံးပေါင်း၍ အကောင်အထည်ဖော်သည့်အဆင့် မဟုတ်ပါကြောင်း၊ လက်တွေ့ကျကျ တစ်ဆင့်ပြီးတစ်ဆင့် သဘောတူညီချက်များရရှိပါက မည်သို့ဆောင်ရွက်မည်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မည်သို့သွားမည်နှင့် ယင်းအပေါ်တွင် မူတည်ပြီး ပြည်နယ်များ၏ အခြေခံဥပဒေ ရေးဆွဲခွင့်များကို မည်သို့လုပ်ဆောင်မည်တို့ ဖြစ်ပါကြောင်း။

ယခု ၂၀၀၈ အခြေခံဥပဒေတွင် အာဏာခွဲဝေမှု၌ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုစာရင်းပါဝင်ပါကြောင်း၊ နောင်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပါ ပူးတွဲကျင့်သုံးမည့် ပူးတွဲအာဏာမျိုးကို မည်သို့သတ်မှတ်မည်နှင့် လက်တွေ့တွင်လည်း အစိုးရပိုင်းတွင် ကြုံတွေ့နေသည့် တချို့ကိစ္စရပ်များသည် ပြည်ထောင်စုနှင့်လည်းသက်ဆိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်နှင့်လည်း သက်ဆိုင်ပါကြောင်း၊ ယခုကဲ့သို့ ကိစ္စရပ်များ မည်သို့ခွဲဝေမည်တို့ကို အသေးစိတ်ဆွေးနွေးသွားရန်ရှိပါကြောင်း၊ ယင်းသို့ ဆွေးနွေးသည့်အခါတွင် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် အနေအထားတစ်ခုသို့ သွားသည့်အတွက် မိမိတို့သွားမည့် လုပ်ငန်းစဉ်သည်လည်း မူလကလုပ်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် များစွာကွဲပြားသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကွဲပြားမှုလည်း လုပ်ဆောင်၍ရမည်ဖြစ်သည့်အတွက် မိမိတို့၏ နိုင်ငံရေးဆွေးနွေးပွဲတွင်ရှိသည့် ညီလာခံ၊ UPDJC ၊ လုပ်ငန်းကော်မတီ၊ National Dialogue တို့၏ လုပ်ငန်းတာဝန်များသည်လည်း ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ ပုံစံအသစ်၊ ချဉ်းကပ်မှုအသစ်ဖြင့် လုပ်ငန်းစဉ်အသစ်များသည် မကြာမီကာလတွင် ပေါ်ထွက်လာမည်ကိုလည်း တင်ပြလိုပါကြောင်း။

### အာဏာခွဲဝေမှုများ လုပ်ဆောင်ရမည်

ယင်းတွင် Union Accord မှ ခွဲထားသည်မှာ ငြိမ်းချမ်းရေး တည်ဆောက်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မည်ဆိုသည်မှာ ပြန်လည်တင်ပြရပါက ပထမလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ Ceasefire များရရှိရန် လုပ်မည်ဖြစ်ပါကြောင်း၊ မရရှိသေးသည့် အဖွဲ့များနှင့် ရအောင်လုပ်မည်ဖြစ်ပါကြောင်း၊ ရပြီးသား Ceasefire ကို ပိုမိုခိုင်မာစေရန် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ ခိုင်မာအောင်ဆောင်ရွက်နေသည့် Ceasefire ကို Monitoring လုပ်သည့်ကိစ္စရပ်များကို မည်သို့ခိုင်မာစေရန် ဆောင်ရွက်မည်နှင့် တစ်ချိန်တည်းတွင် အပစ်ရပ်ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ IDP return program များကို များစွာဆောင်ရွက်ရန်ရှိပါကြောင်း၊ ယင်းသို့ ရှိသည့်အတွက် ငြိမ်းချမ်းရေးတည်ဆောက်သည့်အဆင့်အဖြစ် သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် State Building ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ အားကောင်းစေရန် ဆောင်ရွက်လိုပါကြောင်း၊ ဆိုလိုသည်မှာ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များ ပိုမိုတိုးမြှင့်ရရှိလာရန် ဆောင်ရွက်လိုပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးယန္တရားများကို ပို၍ခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပို၍ အာဏာခွဲဝေမှုများ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

### ဟန်ချက်ညီသွားရမည်ဖြစ်

ယင်းကို State Building ဟု သတ်မှတ်ပါကြောင်း၊ နောက်ဆုံးတစ်ဆင့်မှာ ပြည်ထောင်စုကြွန်အင်လက္ခဏာတည်ဆောက်သည့် Nation Building ဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ မိမိတို့နိုင်ငံအနေဖြင့် Nation Building ကိုသွားရန် ယခင်က ဆွေးနွေးခဲ့ပါကြောင်း၊ တချို့နိုင်ငံကြီးများကဲ့သို့ လူမျိုးတစ်မျိုးတည်း၊ Identity တစ်ခုတည်း နိုင်ငံလုပ်၍ မရပါကြောင်း၊ မိမိတို့တွင် မျိုးနွယ်စုပေါင်းရာကျော်ရှိပါကြောင်း၊ ယင်းမျိုးနွယ်စုများ၏ စုပေါင်းထားသည့် ကြွန်အင်လက္ခဏာကို အားလုံးလက်ခံသဘောတူသည့် အနေအထားကို Nation Building အဆင့်ဟု ခေါ်ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် အကောင်အထည်ဖော်မှု နှစ်ဆင့်ရှိပါကြောင်း၊ ယင်းတို့မှာ နိုင်ငံရေးအပိုင်းနှင့် စစ်ရေးအပိုင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးအပိုင်းတွင် ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်ရှိပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း NCA အပိုဒ် ၃၀ နှင့်အညီ ဆောင်ရွက်မည့် အပိုင်းရှိပါကြောင်း၊ ယင်း process နှစ်ခုသည် ဟန်ချက်ညီသွားရမည်ဖြစ်ပါကြောင်း၊ ပြီးပါက ယင်းအတိုင်း အကောင်အထည်ဖော်၍မရသည့်အတွက် ယန္တရားများ လိုအပ်ပါကြောင်း၊ ယင်းယန္တရားများကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယန္တရားနှစ်ခုမှ နိုင်ငံရေးအပိုင်းနှင့် တပ်ပိုင်းတို့ကို ဟန်ချက်ညီညီဖော်ဆောင်ပြီးပါက မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု Democratic Federal Union ရောက်လာမည်ဆိုသည့် သဘောဖြင့် တင်ပြထားခြင်းဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် မြောက်ပိုင်းအဖွဲ့ လေးဖွဲ့ဖြင့် ပထမအဆင့် ယာယီပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ဖြစ်ပါကြောင်း၊ ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မူကြမ်းကို မိမိတို့အနေဖြင့် မြောက်ပိုင်းလေးဖွဲ့ကို ပို့ထားပြီးဖြစ်ပါကြောင်း။

ယင်းအပေါ်တွင် မြောက်ပိုင်းလေးဖွဲ့၏ သဘောထားကို မြန်မြန်ဆန်ဆန်ပြန်ပို့စေပြီး တွေ့ဆုံဆွေးနွေးမည် ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးခြင်းကို မြစ်ကြီးနား သို့မဟုတ် ကျိုင်းတုံ၌ ဆောင်ရွက်ရန် ကမ်းလှမ်းထားပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် တစ်ဖွဲ့ချင်းနှင့် Bilateral Cease-fire Aggrement ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်များကို တစ်ဖွဲ့ချင်းနှင့် သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့တစ်ဖွဲ့ချင်းနှင့်သွားသည့်အခါတွင် IDP ကိစ္စရပ်များ၊ ဖွံ့ဖြိုးရေးကိစ္စရပ်များ ပါဝင်မည်ဖြစ်ပါကြောင်း၊ ဥပမာ ရွေးကောက်ပွဲ မကျင်းပရသေးသည့် ဒေသများကိစ္စရပ်လည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**“နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေနှင့် မညီညွတ်သည့်ကိစ္စ တစ်ခုမျှလုပ်ဆောင်ခဲ့ခြင်း မရှိပါကြောင်း”**

နောက်တစ်ချက်အနေဖြင့် ထိရောက်ခိုင်မာသည့် Ceasefire ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို မည်သို့ ဆောင်ရွက်မည်များ ပါဝင်မည်ဖြစ်ပါကြောင်း၊ နှစ်ဖက်တပ်များ ထိပ်တိုက်တွေ့ဆုံမှုမှ ရှောင်ရှားနိုင်ရန် သဘောတူညီချက်များ ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အကယ်၍ ယင်းသဘောတူညီချက်များကို တစ်ဖက်ဖက်က ချိုးဖောက်မှုများရှိလာပါက မည်သို့ဆောင်ရွက်မည်ဆိုသည့် Confilct resolution ကို မည်သို့ဆွေးနွေးကြမည်ဆိုသည့် အပိုင်းများ ပါဝင်မည်ဖြစ်ပါကြောင်း၊ တိုက်ပွဲများမဖြစ်ပွားရေးအတွက် တပ်နေရာချထားရေးကိစ္စဖြစ်ပါကြောင်း။

ရွေးကောက်ပွဲရလဒ်အပေါ်တွင် မြောက်ပိုင်းအဖွဲ့သုံးဖွဲ့၊ လေးဖွဲ့၊ FPNCC ခုနစ်ဖွဲ့လုံးက ကြိုဆိုထားပါကြောင်း၊ တက်လာမည့် အစိုးရအသစ်နှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်သည် ဆိုသည့် အကြောင်းကိုလည်း အားတက်ဖွယ်ရာ တွေ့ရပါကြောင်း၊ ယင်းအနေအထား၌ လာမည့်ဆွေးနွေးပွဲများတွင် ဆွေးနွေးသည့် ပုံစံများသည် ယခင်နှင့် အနည်းငယ်ကွာသွားနိုင်ပါကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အပိုင်းတွင်လည်း Common Position ရအောင် ဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် မြောက်ပိုင်းလေးဖွဲ့နှင့် ဆွေးနွေးရန်အဆင်သင့် ဖြစ်နေပါကြောင်း၊ မြောက်ပိုင်းလေးဖွဲ့ဘက်က တုံ့ပြန်ချက်ကို မိမိတို့စောင့်ဆိုင်းနေသည့် သဘောဖြစ်ပါကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် သတင်းမီဒီယာများ မေးမြန်းသည့် နိုင်ငံတော်သမ္မတအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားမှုကိစ္စ၊ ကိုဗစ်ကာကွယ်ဆေး ဝယ်ယူထားရှိမှု၊ ရောက်ရှိမည့်အချိန်နှင့် အလှူငွေရရှိမှုအခြေအနေ၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် ဒေသများ၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တပ်မတော်၏ တောင်းဆိုမှုအပေါ် အစိုးရ၏သဘောထား၊ နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ အီရန်နိုင်ငံတွင် ဖမ်းဆီးခံထားရသည့် မြန်မာသင်္ဘောသားများကိစ္စ၊ ကရင်ပြည်နယ် ရွှေကုက္ကိုဒေသနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေ၊ ဦးရဲမင်းဦးအနေဖြင့် အစိုးရရာထူးတာဝန်ယူပြီးနောက်ပိုင်း စီးပွားရေး နယ်ပယ်များတွင် ပတ်သက်မှုများရှိနေခြင်းနှင့် ပတ်သက်မှု ရှိ မရှိ၊ နိုင်ငံတော်က အလိုရှိသည့် တရားခံပြေးများ ဖမ်းဆီးရမိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှု အခြေအနေ၊ အလုပ်သင်ဆရာဝန်များ ခန့်ထားခြင်းကိစ္စ၊ Myanmar Now သတင်းဌာနမှ ကိုဆွေဝင်းကို သေနတ်ဖြင့် ပစ်ခတ်ခံရမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ စုံစမ်းဖော်ထုတ်နေမှု အခြေအနေ၊ မဲရုံမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာ၊ ဆရာမများအား တရားစွဲဆိုခံထားရမှုအား ဆောင်ရွက်ပေးမည့် အခြေအနေ၊ လက်ရှိ အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေး အခြေအနေ၊ တရုတ်–မြန်မာနယ်စပ် ခြံစည်းရိုးကိစ္စ၊ ကိုဗစ်ကာလတွင် တားမြစ်ထားသည့် ပုဒ်မများကို ဖောက်ဖျက်သည့်အတွက် အရေးယူထားသည့် KTV များသည် ဖြစ်စဉ်တူသော်လည်း တရားစွဲသည့် ပုဒ်မအမျိုးမျိုး ကွဲလွဲနေသည့်ကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ် ဦးထိုက်ဇော် အသတ်ခံရမှုနှင့်စပ်လျဉ်းပြီး စုံစမ်းဆောင်ရွက်နေသည့်ကိစ္စ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး လာရောက်မည့်ကိစ္စ၊ KNU နှင့် တပ်မတော်တို့ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေမှုအပေါ် အစိုးရအနေဖြင့် ဆောင်ရွက်နေမှု အခြေအနေ၊ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ မြိုင်ကြီးငူဒေသမှ ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးကိစ္စ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရေး ကိစ္စ၊ ကိုဗစ်ထောက်ပံ့ငွေများအား အလွဲသုံးစား ဆောင်ရွက်ခဲ့သည်ဟု တိုင်ကြားခဲ့မှုအပေါ် မည်သို့ဆောင်ရွက်သွားမည်ဆိုသည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**နိုင်ငံတော်သမ္မတအားပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် လျှောက်ထားမှုကိစ္စနှင့် စပ်လျဉ်း၍** ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အချက် (၃) ချက် ဖြင့် ရှင်းလင်းပြောကြားလိုပါကြောင်း၊ ပထမဆုံးအချက်အနေဖြင့် ဥပဒေကြောင်းအရ ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၁ ရက်တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေဖြစ်ပါကြောင်း၊ ယင်းဥပဒေ၏ ပုဒ်မ (၆)၊ ပုဒ်မခွဲ(က)တွင် “ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် (၁) နိုင်ငံတော် သမ္မတ၊ (၂) ဒုတိယ သမ္မတများ၊ (၃) ပြည်ထောင်စုဝန်ကြီးများ၊ (၄) ပြည်ထောင်စုရှေ့နေချုပ်၊ ပုဒ်မ(၆)၊ ပုဒ်မခွဲ (ခ) တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ကက်ဘိနက် အတွင်းရေးမှူး ဖြစ်သည်ဆိုသည်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းဥပဒေ၏ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ခ)တွင် ၎င်းအတိုင်း ပြဋ္ဌာန်းထားပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် – “၇။ (ခ) နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း သီးခြားခန့်အပ်တာဝန်ပေးခြင်းခံရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲ ကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။”

### အထင်အရှား တွေ့မြင်နိုင်

ယင်းဥပဒေပြဋ္ဌာန်းချက်များတွင် အထူးပြုရှင်းလင်းစေလိုသည့် စကားရပ်မှာ “နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူ ဖြစ်ပါက” ဆိုသည့် စကားရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပါဝင်ရွေးချယ်ခံမည့်သူများ ဖြစ်သည့်အတွက် ဥပဒေအရ ပေးအပ်ထားသည့် ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ဥပဒေနှင့် ညီညွတ်ကြောင်းကို အထင်အရှား တွေ့မြင်နိုင်ပါကြောင်း။

ဒုတိယအချက် အနေဖြင့် ရှင်းလင်းတင်ပြလိုသည်မှာ ဦးတင်အေး ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (၂)ခု၏ ထုတ်ပြန်ကြေညာချက်များ ဖြစ်ပါကြောင်း။ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဦးတင်အေး ကော်မရှင်၏ကြေညာချက် အမှတ် (၃၁/၂၀၁၅) နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဦးလှသိန်းကော်မရှင်၏ ကြေညာချက် အမှတ် (၁၁၇/၂၀၂၀) တို့ မည်သည့်အရာ ကွဲပြားသလဲ ကြည့်မယ်ဆိုလျှင် အပေါ်ဆုံးက ကြေညာချက်အမှတ်များ၊ ရက်စွဲများ ကွာပါကြောင်း၊ ပထမစာပိုဒ်တွင် ကွာခြားချက်က ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲ၊ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုသည့် ရက်စွဲတို့ ကွာခြားပါကြောင်း၊ ဒုတိယစာပိုဒ်တွင်လည်း ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲ၊ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုသည့် ရက်စွဲ ကွာခြားသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အောက်ဆုံးတွင် လက်မှတ်၊ စာအမှတ်။ ရက်စွဲ ယင်းတို့သာ ကွာခြားချက်ရှိသည်ကို တွေ့နိုင်ပါကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဦးတင်အေး ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခွင့်ပြုခဲ့သည့်အတိုင်း ထပ်တူထပ်မျှပင် ဦးလှသိန်း ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆောင်ရွက်ခွင့်ပြုခဲ့သည်ကို အထင်အရှား သိမြင်စေလိုပါကြောင်း။

တတိယအချက်အနေဖြင့် ရှင်းပြလိုသည်မှာ နိုင်ငံတော်သမ္မတ အပါအဝင် ၄ ဦးကို အာဏာပိုင်မေး စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဦးဇော်ဝိတ်က လျှောက်ထားလာသည့် ကိစ္စဖြစ်ပါကြောင်း၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအရ ညွှန်ကြားရေးမှူးချုပ်သည် စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာနှင့်အတူ စာရွက်စာတမ်းများ ပြည့်စုံမှုရှိလျှင် အထွေထွေ လျှောက်ထားမှု ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ ပြီးလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး (၃)ဦး ပါဝင်ဖွဲ့စည်းထားသည့် ကနဦး ကြားနာရေးအဖွဲ့သည် မိမိသဘောအရဖြစ်စေ၊ လျှောက်ထားသူအား ကြားနာ၍ဖြစ်စေ လျှောက်ထားခံရသူကို အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက်ချပေးနိုင်ပါကြောင်း၊ သို့မဟုတ် ငြင်းပယ်နိုင်ပါကြောင်း၊ လာမည့် ဇန်နဝါရီ ၂၉ ရက်တွင် Video Conferencing ဖြင့် ကြားနာရန် အမှုခေါ်စာရင်း ထုတ်ထားပါကြောင်း၊ လျှောက်ထားခံရသူ (၄) ဦး စာချွန်တော် ရုံးရှေ့ရောက်ရန် မလိုပါကြောင်း၊ တရားလွှတ်တော်ချုပ်က အမှုကို လက်ခံလိုက်ပြီ ဆိုသည်မှာ မဟုတ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၄၃ အရ နိုင်ငံတော် သမ္မတသည် “ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရလည်းကောင်း၊ မိမိအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိ” ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိနိုင်ပါကြောင်း။

### ရှင်းရှင်းလင်းလင်း အသိပေးလို

အချုပ်ဆိုရလျှင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေနှင့် မညီညွတ်သည့်ကိစ္စ တစ်ခုမျှလုပ်ဆောင်ခဲ့ခြင်း မရှိပါကြောင်း၊ ပြည်သူများကိုလည်း မီဒီယာကတစ်ဆင့် ယနေ့ ရှင်းရှင်းလင်းလင်း အသိပေးလိုပါကြောင်း၊ ရွေးကောက်ပွဲအရှုံးကို မခံယူနိုင်ကြသူများက အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုနေခြင်းများ ရှိနေသော်လည်း ပြည်သူများ ကိုယ်တိုင်သိပါကြောင်း၊ အမှန်တကယ် မဲပေးခဲ့ကြသည့် ပြည်သူလူထုက အသိဆုံးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က မဲရလဒ်များ မထုတ်ပြန်ခင်ကတည်းက မည်သူနိုင်မည်၊ မည်သူရှုံးမည် ဆိုသည်ကို ပြည်သူများက ရွေးချယ်ပြီးသားဖြစ်ပါကြောင်း၊ ပြန်ကြည့်လျှင် ယခုမှ မဟုတ်ပါကြောင်း။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ယခု ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း အပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပါကြောင်း၊ လူထု၏ သဘောထား၊ လူထု၏ ထောက်ခံမှုက ဒီအတိုင်း ရှိနေပါကြောင်း၊ ယင်းကို ကြည့်လျှင် ရှင်းနေပါကြောင်း၊ ထို့ကြောင့် မဟုတ်မမှန် ဝေဖန်ပြောကြားမှုများ လုပ်နေပါက ကိုယ့်နိုင်ငံရေး ကိုယ်ပြန်သတ်နေသည့် “Political Sucide” လုပ်နေခြင်းသာ ဖြစ်လိမ့်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အလုပ်သင်ဆရာဝန်များ ခန့်ထားရေး ကိစ္စတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က အထက်သို့ မတင်ပြဘဲ ၎င်းတို့သဘောဖြင့် ဖြတ်ချလိုက်သည်ဆိုသည့် သတင်းများ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် ကိစ္စနှင့်စပ်လျဉ်း၍** ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို တင်ပြသည့်ကိစ္စတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဆက်လက်တင်ပြခြင်းမရှိဘဲ ဆောင်ရွက်သည်ဆိုသည့် သတင်းများထွက်ပေါ်ခဲ့ပါကြောင်း၊ ယင်းမှာ သတင်းအမှားဖြစ်ပါကြောင်း၊ ယင်းသတင်းသည် ဌာနဆိုင်ရာများအကြားတွင်ဖြစ်ပေါ်သည့် သတင်းဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအကြားတွင်ဖြစ်သည့် ကန့်သတ်သတင်း၊ အပြင်လူများ မသိနိုင်သည့်သတင်းသည် လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့ခဲ့ပါကြောင်း၊ Office process တွင် မည်သည့်ကိစ္စဆိုလျှင် မည်သည့်ဌာနကို တင်ပြရမည်ဆိုသည့် သဘောသဘာဝရှိပါကြောင်း၊ ဥပမာ သမ္မတရုံးကို တင်ပြရမည့်ကိစ္စ၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးကို တင်ပြရမည့်ကိစ္စ၊ ကက်ဘိနက်ကို တင်ပြရမည့်ကိစ္စ စသည်ဖြင့်ရှိပါကြောင်း၊ ထိုသို့ တင်ပြရာတွင် မည်သို့အဆင့်ဆင့်သွားရသည်ဆိုသည်ကို နားမလည်သည့် ကိစ္စဟုမြင်ပါကြောင်း၊ ယင်းကိစ္စကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်တွင် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံးကို ညွှန်ကြားချက် ထွက်ထားပါကြောင်း၊ အစိုးရ၏ သတင်းအချက်အလက်များကို မသက်ဆိုင်သည့်သူများအား မပေးရန်နှင့် အကယ်၍ ပေးပို့ပါက အရေးယူမည်ဟု ပြောကြားထားပြီးဖြစ်ပါကြောင်း။

ယခုဖြစ်စဉ်သည် ရှိုသွားသည့် သတင်းအချက်အလက်အပေါ်မူတည်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ တိုက်ခိုက်မှုကြောင့် မိမိတို့ အချင်းချင်းအကြား၊ ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု အကြား၊ အစိုးရဌာန တစ်ခုနှင့် တစ်ခုအကြား အထင်အမြင်လွဲမှားမှုများ ဖြစ်လာပါကြောင်း၊ ထို့ပြင် ညီညွတ်ရေးကိုလည်း ထိခိုက်ပါကြောင်း၊ ထိခိုက်သည့်အတွက် သမ္မတရုံးက ညွှန်ကြားချက် ထပ်ထွက်ထားပါကြောင်း၊ ယင်းကိစ္စရပ်မျိုး မဖြစ်အောင် အလေးထားဆောင်ရွက်ရန်၊ ဖြစ်လာခဲ့လျှင် တာဝန်ရှိသူ အဆင့်ဆင့်ကို ဖော်ထုတ်ပြီး တည်ဆဲဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူရန် ညွှန်ကြားချက် ထွက်ရှိထားပါကြောင်း၊ ယခု ဖြစ်ပွားခဲ့သည့်ကိစ္စသည် နားလည်မှုလွဲမှားသည့် ပြဿနာ၊ ရုံးလုပ်ငန်း နားမလည်သည့်ပြဿနာဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းအရ တည့်မတ်ရမည့် ကိစ္စကို မလိုအပ်ဘဲ လူမှုကွန်ရက်တွင် ဖြန့်ချိခဲ့သည့်အတွက် မလိုလားအပ်သည့် တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**KNU နှင့် တပ်မတော်တို့ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေမှုအပေါ် အစိုးရအနေဖြင့် ဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍** အောက်ခြေ၌ တိုက်ပွဲဖြစ်ပွားချိန်တွင် KNU ဘက်က တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အား လိပ်မူကာ စာပေးပို့ခဲ့ပါကြောင်း၊ NRPC ဥက္ကဋ္ဌအား မိတ္တူသာ ပေးပို့ခဲ့ပါကြောင်း၊ မိတ္တူပေးပို့သည့်အတွက် KNU အား မိမိတို့အနေဖြင့် ရှင်းပြပါကြောင်း၊ စာ၏ သဘောသဘာဝအရ လိပ်မူဌာနက ပထမ ဦးစွာ အရေးယူဆောင်ရွက်ရပါကြောင်း၊ NRPC သို့ မိတ္တူပေးပို့သည့်အတွက် အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်၍ မရပါကြောင်း၊ ထို့ကြောင့် အစိုးရအား တာဝန်ယူဆောင်ရွက်စေလိုပါက အစိုးရကို လိပ်မူပေးပါဟု ပြောကြားခဲ့ပါကြောင်း။

### စာထပ်မံ ပြန်လည်ပေးပို့ခဲ့

ယခုဖြစ်စဉ်သည် မည်သို့ဖြစ်ပွားသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ သို့သော် မိမိတို့ထံတိုင်တည်ထားသည့် လိပ်စာမဟုတ်သည့်အတွက် ဆောင်ရွက်မရပါကြောင်း၊ ထို့ကြောင့် KNU မှ NRPC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ လိပ်မူပြီး စာထပ်မံ ပြန်လည်ပေးပို့ခဲ့ပါကြောင်း၊ ထိုသို့ တင်ပြစာထပ်မံပေးပို့သည့်အတွက် ၎င်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမည့်အကြောင်းအရာများအား တပ်မတော်နှင့် အလွတ်သဘောညှိနှိုင်းပြီး KNU ဘက်သို့ စာပို့ထားပါကြောင်း၊ ယင်းစာအား ခရစ္စမတ် မတိုင်မီကတည်းက ပေးပို့ထားပါကြောင်း၊ သို့သော် ခရစ္စမတ်၊ New Year ကာလဖြစ်သည့်အတွက် တွေ့ဆုံရန် အဆင်မပြေပါကြောင်း၊ ယခုကာလတွင်လည်း KNU ဘက်က ခရိုင်အလိုက် ရှင်းလင်းမှုများရှိပါကြောင်း၊ ယင်းသို့ သိရသည့်အတွက် ဇန်နဝါရီ ၅ ရက်မှ ၈ ရက်အတွင်း တွေ့ဆုံရန် အဆိုပြုပါကြောင်း၊ NRPC နှင့် KNU တွေ့ကြမည်ဟုပြောပါကြောင်း၊ ယင်းသို့တွေ့ရာတွင် နောက်တစ်ဆင့် တပ်မတော်နှင့် KNU တို့ သီးသန့်ဆွေးနွေးမည်၊ KNU ဘက်မှ မည်သည့် အကြောင်းအရာများ ဆွေးနွေးမည်ဆိုသည်ကို Agenda တောင်းပါကြောင်း၊ Agenda အား မိမိတို့ဘက်မှ ပေးပို့ခဲ့ပါကြောင်း၊ ယင်းသို့ပေးပို့ခဲ့သည့်အတွက် ယမန်နေ့က KNU ဒုတိယဥက္ကဋ္ဌနှင့် အဆက်အသွယ်ရပါကြောင်း၊ ၎င်းတို့ဘက်မှ မိမိတို့ဘက်မှပေးပို့ခဲ့သည့် Agenda နှင့်ပတ်သက်၍ ဆွေးနွေးနေသည်ဟု ပြောပါကြောင်း၊ မိမိတို့အနေဖြင့် အမြန်ဆုံးတွေ့ဆုံလိုသည်ဟု ပြောကြားခဲ့ပါကြောင်း၊ KNU ဘက်က လက်ခံပါကြောင်း။

### အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် မျှော်မှန်း

အစိုးရဘက်မှပြင်ဆင်ထားသည်မှာ ဘောဂလိ ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ KNU နှင့် ဆွေးနွေးရန် လျှပ်စစ်မှ တာဝန်ရှိသူများနှင့် အကြိုဆွေးနွေးထားရပါကြောင်း၊ ထို့ပြင် KNU က အဆိုပြုထားသည့် အဆိုပြုချက်များရှိပါကြောင်း၊ ယင်းအဆိုပြုချက်များအပေါ် မိမိတို့အနေဖြင့် မည်သို့ဖြေရှင်းဆောင်ရွက်ပေးရမည်ကို ဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ အစိုးရဘက်မှ အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် မျှော်မှန်းပါကြောင်း၊ ဆွေးနွေးမည့်ပုံစံမှာလည်း NRPC နှင့် တွေ့ဆုံသကဲ့သို့ တပ်မတော်နှင့်လည်း တွေ့ဆုံရန် ဖြစ်ပါကြောင်း၊ KNU ဘက်မှ တရားဝင်အကြောင်းပြန်ကြားချက်ကို စောင့်ဆိုင်းနေပါကြောင်း၊ ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းအရ အဆင်ပြေစေရန် အစိုးရဘက်မှ အဆင်ပြေအောင် လုပ်ဆောင်ပေးမည်ဟု ပြောကြားပြီးဖြစ်ကြောင်း၊ KNU ဘက်မှ အကြောင်း ပြန်ကြားချက်အား စောင့်နေသည့် အနေအထားဖြစ်ပါကြောင်း၊ ဖြစ်နေသည့် ပြဿနာပိုကြီးမလာအောင် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၁၂ သို့*

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ | | ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာ့လှည့် | လုပ်ငန်း | ကမ္ဘာ့လှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၇၄၇၄၁ | ၁၅၅၉၈ | ၀ | ၉၄၈ | |
| ၂ | မန္တလေးလေဆိပ် | ၄၂၀၄၆ | ၃၆၈၈ | ၀ | ၂ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၁၅၅ | ၂၈၈ | ၀ | ၀ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၁၃၂ | ၉၁ | ၀ | ၀ | |
| ၆ | မြဝတီ | ၂၃၂၀ | ၅၁၅၆ | ၀ | ၀ | |
| ၇ | ကော့သောင်း | ၃၀၃၃ | ၆၁ | ၀ | ၀ | |
| ၈ | ထီးခီး | ၇၇ | ၃၃ | ၀ | ၀ | |
| ၉ | တမူး | ၄၄၃ | ၅၂ | ၀ | ၀ | |
| ၁၀ | ရိခေါဒါရ် | ၃ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၁၂၇၉၅၀ | ၂၄၉၆၇ | ၀ | ၉၅၀ | |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့်ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာ့လှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာ့လှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ | ၃ | ၄၄၀ | ၄၄၃ |
| ၂ | နိုဝင်ဘာလ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ | ၀ | ၅၆၃ | ၅၆၃ |
| ၃ | ဒီဇင်ဘာလ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ | ၀ | ၉၅၀ | ၉၅၀ |
| ၄ | ဇန်နဝါရီလ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ | | | ၀ |
| ၅ | ဖေဖော်ဝါရီလ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ | | | ၀ |
| ၆ | မတ် | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ | | | ၀ |
| ၇ | ဧပြီ | ၀ | ၆၁ | ၆၁ | | | ၀ |
| ၈ | မေ | ၀ | ၁၀၂ | ၁၀၂ | | | ၀ |
| ၉ | ဇွန် | ၁ | ၂၇၈ | ၂၇၉ | | | ၀ |
| ၁၀ | ဇူလိုင် | ၀ | ၄၂၆ | ၄၂၆ | | | ၀ |
| ၁၁ | ဩဂုတ် | ၀ | ၁၁၇၅ | ၁၁၇၅ | | | ၀ |
| ၁၂ | စက်တင်ဘာ | ၀ | ၃၄၅ | ၃၄၅ | | | ၀ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | စုစုပေါင်း | ၅၂၀၆၆၅ | ၁၅၂၃၉၁ | ၆၇၃၀၅၆ | ၃ | ၁၉၅၃ | ၁၉၅၆ |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့်ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

### နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ မိုး/ဇလ

## တနင်္သာရီမြို့၌ နေအိမ်ဆောက်ရန် မြေတူးစဉ် အရှေ့အိန္ဒိယကုမ္ပဏီ ရှေးဟောင်းဒင်္ဂါးပြား ၁၇၂ ပြားတွေ့ရှိ

**တနင်္သာရီ ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သုခလမ်းနေ ဦးသီဟအေး၏ နေအိမ်အဟောင်းကို ဖျက်၍ အသစ်ဆောက်လုပ်ရန် မြေတူးဖော်စဉ် ဇန်နဝါရီ ၆ ရက်က ရှေးဟောင်းငွေဒင်္ဂါးပြား ၁၇၂ ပြား တွေ့ရှိကြောင်း သိရသည်။ **(ယာပုံ)**

ဦးသီဟအေး၏နေအိမ်အဟောင်းကိုဖျက်၍ အသစ်ဆောက်လုပ်ရန်အတွက် ဖောင်ဒေးရှင်းမြေတူးနေစဉ် အနက် ၃ ပေခန့် အရောက်တွင် အချင်း ၈ လက်မခန့်၊ အဝအကျယ် ၃ ဒသမ ၅ လက်မခန့်နှင့် အမြင့် ၈ လက်မခန့်ရှိ စဥ့်အိုးတစ်လုံးကို တွေ့ရှိရကြောင်း သိရသည်။ ယင်းစဥ့်အိုးအတွင်းမှ ခေါင်းဘက်တွင် VICTORIA QUEEN စာတန်း၊ ဘုရင်မဦးခေါင်းပုံနှင့် ပန်းဘက်တွင် EAST INDIA COMPANY ONE RUPEE 1840 စာတန်းပါ ငွေဒင်္ဂါးပြား ၅၀၊ ခေါင်းဘက်တွင် VICTORIA QUEEN စာတန်းနှင့်ဘုရင်မဦးခေါင်းပုံနှင့် ပန်းဘက်တွင် ONE RUPEE 1862 စာတန်းပါ ငွေဒင်္ဂါးပြား ၅၀၊ ခေါင်းဘက်တွင် WILLIAN-III, KING စာတန်းနှင့် ဘုရင်ဦးခေါင်းပုံ၊ ပန်းဘက်တွင် EAST INDIA COMPANY ONE RUPEE 1835 စာတန်းပါ ငွေဒင်္ဂါးပြားခုနစ်ပြား၊ ခေါင်းဘက်တွင် VICTORIA QUEEN စာတန်းနှင့် ဘုရင်မဦးခေါင်းပုံ၊ ပန်းဘက်တွင် TWO ANNAS INDIA 1862 စာတန်းပါ ငွေဒင်္ဂါးပြား လေးပြား၊ ခေါင်းဘက်တွင် VICTORIA QUEEN စာတန်းနှင့် ဘုရင်မဦးခေါင်းပုံ၊ ပန်းဘက်တွင် HALF RUPEE 1835 စာတန်းပါ ငွေဒင်္ဂါးပြား ငါးပြား၊ ခေါင်းဘက်တွင် VICTORIA QUEEN စာတန်းနှင့် ဘုရင်မဦးခေါင်းပုံ၊ ပန်းဘက်တွင် EAST INDIA COM-PANY 1/4 RUPEE 1840 စာတန်းပါ ငွေဒင်္ဂါးပြား ၂၃ ပြား၊ ခေါင်းဘက်တွင် WILLIAN-II, KING စာတန်းနှင့် ဘုရင်ဦးခေါင်းပုံနှင့် ပန်းဘက်တွင် 1/4 RUPEE INDIA 1862 စာတန်းပါ ငွေဒင်္ဂါးပြား ၃၃ ပြား စုစုပေါင်း ဒင်္ဂါးပြား ၁၇၂ ပြားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းရှေးဟောင်းငွေဒင်္ဂါးပြားများကို တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သုခလမ်းရှိ ဦးသီဟအေး၏ မိခင်ဖြစ်သူ ဒေါ်သောင်းရီ၏ နေအိမ်၌ ထိန်းသိမ်းထားရှိကြောင်း သိရသည်။




အဆိုပါ ရှေးဟောင်းငွေဒင်္ဂါးပြားများ တွေ့ရှိကြောင်းကို တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ဆက်လက်သတင်းပို့တင်ပြခဲ့ရာ ယင်းဒင်္ဂါးများသည် ရှေးဟောင်းဒင်္ဂါးများ ဖြစ်သော်လည်း နိုင်ငံခြားသုံးငွေများ ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိဟု ပြန်လည်ဖြေကြားထားကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါ ငွေဒင်္ဂါးများကို ဘုရားကျောင်းကန်များသို့ ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း ယင်းရှေးဟောင်း ငွေဒင်္ဂါးပြားများကို ထိန်းသိမ်းထားသည့် ဒေါ်သောင်းရီ၏ သားဖြစ်သူ ဦးရီအေးက ပြောကြားသည်။

ယင်းငွေဒင်္ဂါးများ တူးဖော်တွေ့ရှိသောနေအိမ်သည် ဦးသီဟအေး၏ မိခင်ဖြစ်သူ ဒေါ်သောင်းရီ၏ ဖခင် ဦးဉာဏ်ရွှေ - မိခင် ဒေါ်ဉာဏ်ရင်တို့ လက်ထက်ကတည်းက နေထိုင်ခဲ့သော နေအိမ်ဖြစ်ပြီး နေအိမ်သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ခန့်ရှိပြီဖြစ်ကာ ယခုအခါ မြေးဖြစ်သူ ဦးသီဟအေးတို့ မိသားစုနေထိုင်လျက်ရှိသည့် နေအိမ်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီခန့်တွင် တာချီလိတ်မြို့နယ် ဖန်မင်-ဇော့လေလန်ကျေးရွာသွားကားလမ်းတွင် စိုင်းရွက်မောင်းနှင်လာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ်(မက်အဖက်တမင်း) ၁ ကီလို၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည်ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီတွင် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာနေ အိုက်ခေါက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်ခြံဝင်းအတွင်း ရပ်တန့်ထားသည့် Fortuner အမျိုးအစား မော်တော်ယာဉ်၏ နောက်ခန်းအတွင်းနှင့် နေအိမ်မြေအောက်ခန်းအတွင်းတို့မှ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၉ သိန်း၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၅၈ ကီလို၊ အိုက်စ် (မက်အဖက်တမင်း) ၈၆ ဒသမ ၅ ကီလို၊ ဘိန်းဖြူ ၂၃ ဒသမ ၁ ကီလို၊ လက်ပစ်ဗုံးတစ်လုံး၊ ကျည်မျိုးစုံ ၅၄ တောင့်နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းရွက် (၃၇) နှစ်၊ အိုက်ခေါက် (ဖမ်းမမိ) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

**ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရေးကိစ္စနှင့်စပ်လျဉ်း၍** ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးသည် အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား၏ အောက်ခြေဖြစ်သည့်အတွက် အဓိကကျသည့် ရွေးချယ်မှုဖြစ်ပါကြောင်း၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲလုပ်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမှူးများ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတသက်တမ်းနှင့် တူညီပါကြောင်း၊ လာမည့် ဧပြီလ ၁ ရက်နေ့တွင် အုပ်ချုပ်ရေးမှူးအသစ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခန့်အပ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် ၃ ရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ နည်းဥပဒေကို ပြင်ဆင်ပြီး ထုတ်ပြန်ထားပါကြောင်း၊ နည်းဥပဒေပါ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းစီမံချက်ရေးဆွဲထားပြီး ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမှူးများ ခန့်အပ်သည့်လုပ်ငန်းစဉ်ပြီးသည်နှင့် ၎င်းတို့ကို လုပ်ငန်းခွင်ဝင် သင်တန်းပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမှူးတစ်ဦးလုပ်ဆောင်ရမည့် တာဝန်များကို ယခုအစိုးရလက်ထက်တွင် အုပ်ချုပ်ရေးမှူးလက်စွဲကို ထုတ်ထားပြီးဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် မိသားစုများကို ထောက်ပံ့သည့်အချိန်တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍတွင် အငြင်းပွားစရာများဖြစ်ပွားခဲ့ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် လူထုကို စိတ်ဝင်စားစေလိုပါကြောင်း။

ယခုပြင်ဆင်လိုက်သည့် နည်းဥပဒေသည် ယခင်နည်းဥပဒေထက် ပွင့်လင်းမြင်သာမှု ရှိလာပါကြောင်း၊ ရွေးချယ်သည့်ပုံစံကိုလည်း ပို၍စနစ်တကျ ဆောင်ရွက်လာနိုင်ပါကြောင်း၊ ကိုဗစ်ကာလတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အဓိကဆောင်ရွက်ရပါကြောင်း၊ လူစာရင်းကောက်ခြင်း၊ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းခြင်းစသည်ဖြင့် တကယ်လက်တွေ့လုပ်ရသည့်အဖွဲ့များဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို နည်းစနစ်ကျကျ ပိုပြီးအရည်အသွေးရှိရှိ ဆောင်ရွက်နိုင်ဖို့ စီစဉ်နေပါကြောင်း၊ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်လိုသူများအတွက် လိုအပ်သည့် အချက်အလက်များကို ဖြန့်ဝေရန် ရှိပါကြောင်း၊ ပြည်သူလူထုအားလုံးအနေဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရေး လုပ်ငန်းစဉ်များကို စိတ်ဝင်စားစေလိုပါကြောင်း၊ ယင်းမှာ ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါကြောင်း၊ ကိုယ်တိုင်ရွေးချယ်တင်မြှောက်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် ယင်းကို လက်လွှတ်မခံသင့်ပါကြောင်းဖြင့် ပြောကြားသည်။

**သတင်း-မျိုးမင်းနိုင်**
**ဓာတ်ပုံ- အေးသန်း**

○ *ကျောဖုံးမှ*

နယူးကာဆယ်အသင်းအနေဖြင့် ရလဒ်ပိုင်းဆိုးရွားနေမှုကို ယခုအာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ချေဖျက်ကာ အက်ဖ်အေဖလား နောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အခြားသော စိတ်ဝင်စားဖွယ်ရာပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ ဆုံတွေ့နေသည်။ အဆိုပါပွဲစဉ်ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၂ နာရီခွဲတွင် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်ရှိ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသည် စီးရီးအေကလပ် အတ္တလန္တာအသင်းမှ အိုင်ဗရီကို့စ်တောင်ပံကစားသမား ဒီရယ်လိုကို အပိုဆုကြေး ပေါင် ၁၈ ဒသမ ၂ သန်းအပါအဝင် ပေါင် ၁၉ သန်းဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှုတိုးနေပြီး ဘောလုံးအသင်းများတွင်လည်း ဗိုင်းရပ်စ်ကူးစက်မှုများပြားလာသည့်အတွက် ပွဲစဉ်အချို့ရွှေ့ဆိုင်းဖွယ်ရှိနိုင်သည်။

**အောင်ဇော်**

# ကာကွယ်ဆေးစတင်ထိုးနှံသည့်အချိန်မှစကာ ဂျာမနီနိုင်ငံတွင် လူပေါင်းလေးသိန်းကျော် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

ဘာလင် ဇန်နဝါရီ ၈

**ဂျာမနီနိုင်ငံတွင် ကာကွယ်ဆေးစတင်ထိုးနှံသည့်အစီအစဉ် ဒီဇင်ဘာ ၂၇ ရက်က စတင်၍ ယခုအချိန်အထိ လူပေါင်း ၄၁၇၀၀၀ ကာကွယ်ဆေးထိုးပေးပြီးပြီဖြစ်ကြောင်း ရောဘတ်ကို့စ်အဖွဲ့အစည်းက ယမန်နေ့က ကြေညာခဲ့သည်။**

ကျန်းမာရေး ဝန်ထမ်းပေါင်း ၂၀၁၀၀၀ ကျော်နှင့် သက်ကြီးစောင့်ရှောက်ရေးဂေဟာနေသူ ၁၆၈၀၀၀ ကျော် ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်ကြောင်း ရောဘတ်ကို့စ်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ကာကွယ်ဆေး ပြတ်လပ်မှုကြောင့် အသက် ၈၀ ကျော်အရွယ်ရှိ သက်ကြီးရွယ်အိုများ၊ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်သူများနှင့် ဝန်ထမ်းများကို ဦးစားပေးအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးရန် ကျန်ရှိနေသေးကြောင်း ဂျာမန်အစိုးရက ပြောကြားလိုက်သည်။

အသက်အန္တရာယ်စိုးရိမ်ရသူများကို ပထမဆုံး ကာကွယ်ပေးချင်ကြောင်း၊ အမှန်တကယ် လိုအပ်နေသူများနှင့် သက်ကြီးရွယ်အိုများကို ကာကွယ်ဆေး ထိုးပေးနိုင်သည်နှင့် ကူးစက်ရောဂါ၏ ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းမှုများကို ဖယ်ရှားနိုင်မည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျန်စပန်က ဇန်နဝါရီ ၆ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။


ဥရောပဆေးဘက်ဆိုင်ရာ အဖွဲ့၏ ထောက်ခံချက်ရရှိပြီးနောက် ဇန်နဝါရီ ၆ ရက်က ဥရောပကော်မရှင်သည် ဒုတိယမြောက် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို အတည်ပြုခဲ့သည်။ အဆိုပါ ကာကွယ်ဆေးကို အမေရိကန်ဆေးကုမ္ပဏီ မော်ဒါနာက ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

ဖိုက်ဇာ– ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးကို အတည်ပြုပြီးဖြစ်ရာ ဂျာမနီနိုင်ငံသည် ယခုနှစ်တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးသန်း ၁၃၀ နီးပါး ရရှိမည်ဖြစ်ကြောင်း စပန်က ပြောကြားလိုက်သည်။

ရောဘတ်ကို့စ်အဖွဲ့၏နောက်ဆုံး ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ ကာကွယ်ဆေးထိုးခြင်းကို မတူညီသော ပုံစံမျိုး၊ မတူညီသော ချဉ်းကပ်မှုများနှင့် ပြုလုပ်သွားမည်ဖြစ်သည်။

သို့သော်လည်း ကာကွယ်ဆေးများကို အသက် ၈၀ ကျော် အရွယ်များအား ဦးစားပေးထိုးနှံသွားမည် ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



ဂျာမနီတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၈ သန်း ကျော်လွန်လာ

**ဝါရှင်တန် ဇန်နဝါရီ ၈**

ကမ္ဘာတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ယခုအခါတွင် ၈၈ သန်းကျော်လွန်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က ထုတ်ပြန်လိုက်သော စာရင်းများအရ သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်– ၁၉ ကူးစက်မှုသည် ဇန်နဝါရီ ၈ ရက် ကမ္ဘာ့စံတော်ချိန် ယူတီစီ ၆ နာရီအထိ ၈၈၀၄၂၇၆၂ ဦး ရှိလာခဲ့သည်။

ကိုဗစ်– ၁၉ ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူပေါင်း ၁၈၉၈၅၃၀ ရှိလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်– ၁၉ ကူးစက်မှုအများဆုံးဖြစ်ပြီး စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ ၂၁၅၇၄၀၄၃ ဦးရှိသည်။

ထို့နောက် အိန္ဒိယနိုင်ငံသည် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၀၄၁၃၄၁၇ ဦးဖြင့် ဒုတိယနေရာမှ ရပ်တည်လျက်ရှိကာ ဘရာဇီးနိုင်ငံသည် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၇၉၆၁၆၇၃ ဦးဖြင့် တတိယနေရာတွင် ရှိသည်။

ယင်းနောက် ရုရှားနိုင်ငံသည် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၂၉၇၈၃၃ ဦးဖြင့် စတုတ္ထနေရာမှ ရပ်တည်လျက်ရှိပြီး ဗြိတိန်သည် ၂၈၉၈၀၅၂ ဦးဖြင့် ရုရှားနိုင်ငံနောက်မှ ထက်ကြပ်မကွာ လိုက်လျက်ရှိသည်။

ထို့အတူ အမေရိကန်နိုင်ငံသည် ကိုဗစ်– ၁၉ ကြောင့် သေဆုံးမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကာ သေဆုံးသူ ၃၆၅၂၀၈ ဦးရှိသည်။ ဘရာဇီးနိုင်ငံသည် သေဆုံးသူ ၂၀၀၄၉၈ ဦးဖြင့် သေဆုံးမှုစာရင်းတွင် ဒုတိယနေရာမှ ရပ်တည်လျက်ရှိပြီး အိန္ဒိယသည် သေဆုံးသူ ၁၅၀၅၇၀ ဖြင့် တတိယနေရာမှ ရပ်တည်လျက်ရှိသည်။

ထို့နောက် မက္ကဆီကိုသည် သေဆုံးသူ ၁၃၁၀၃၁ ဦးနှင့် ဗြိတိန်သည် သေဆုံးသူ ၇၈၆၃၂ ဦးဖြင့် စတုတ္ထနှင့် ပဥ္စမ နေရာတို့မှ အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ




ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်တွင် ကိုဗစ်– ၁၉ စစ်ဆေးရန် လူများတန်းစီစောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

## အီတလီတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံနေချိန်တွင် ကျောင်းများကို ပြန်လည်ဖွင့်လှစ်သွားမည်

**ရောမ ဇန်နဝါရီ ၈**

အီတလီနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုး လှုပ်ရှားမှုများ ဆောင်ရွက်နေချိန်တွင် မူလတန်း၊ အလယ်တန်း အရွယ် ကျောင်းသားပေါင်း ၅ ဒသမ ၈ သန်း ကျောင်းပြန်တက်ရန် အခွင့်အရေးရရှိတော့မည် ဖြစ်ကြောင်း သိရသည်။

**သတင်းထုတ်ပြန်**

အီတလီနိုင်ငံတွင် ဇန်နဝါရီ ၇ ရက်က ကိုဗစ်– ၁၉ ဖြစ်ပွားသူ ၁၈၀၂၀ ရှိခဲ့ပြီး သေဆုံးသူ ၄၁၄ ဦး ရှိခဲ့မှုနှင့်အတူ စုစုပေါင်း နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၇၇၂၉၁ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

တစ်ချိန်တည်းတွင် နိုင်ငံအတွင်းရှိ အထက်တန်းကျောင်းသား ၂ ဒသမ ၆ သန်းတို့သည် ဇန်နဝါရီ ၁၁ ရက်တွင် ကျောင်းပြန်တက်ရောက်ရန် စီစဉ်ခဲ့သလို အဝေးရောက် သင်ကြားသင်ယူစနစ်ဖြင့်လည်း ဆက်လက်တက်ရောက်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

**ဆိုးရွားနေသေး**

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားကတည်းက နိုင်ငံသား ၂၇ ဦးလျှင် တစ်ဦးနှုန်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ အခြေအနေအားလုံးကို လွှမ်းခြုံကြည့်လျှင် ဆိုးရွားနေသေးကြောင်း သိရသည်။

တစ်ပတ်မပြည့်မီကာလအတွင်း နိုင်ငံသား ၃၂၆၄၉ ဦးကို ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ကိုဗစ်–၁၉ ဆိုင်ရာ အရေးပေါ်အဖွဲ့၏ တာဝန်ရှိပုဂ္ဂိုလ် အာခူရီက ပြောကြားလိုက်သည်။ ကာကွယ်ဆေးထိုးနှံပေးခဲ့သူများတွင် ကျန်းမာရေးဝန်ထမ်း ၂၇၆၉၂၅ ဦး ပါကြောင်းနှင့် ဆေးဝန်ထမ်းမဟုတ်သူ ၃၁၆၃၀ ပါဝင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဘိုးဘွားရိပ်သာများတွင် တာဝန်ထမ်းဆောင်နေသူ ၁၈၀၉၄ ဦးလည်း ပါဝင်ကြောင်း အစိုးရသတင်းအချက်အလက်များအရ သိရသည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံက တရုတ်နိုင်ငံမှ ကိုဗစ်– ၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ဝယ်ယူမည်

**ဆော်ပိုလို ဇန်နဝါရီ ၈**

ဘရာဇီးနိုင်ငံအစိုးရနှင့် ဆော်ပိုလိုပြည်နယ် ဘူတန်တန်အဖွဲ့တို့ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီးနောက် တရုတ်နိုင်ငံ ဆီနိုဗက်ဘိုင်ရွန်တက်ခ်ကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သော ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေသန်းပေါင်း ၁၀၀ ကို ဝယ်ယူသွားရန် စီစဉ်ထားကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အက်ဂွာဒိုပါဇူလိုက ယမန်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

ဘူတန်တန်အဖွဲ့အား ယခုနှစ်ဧပြီလ မကုန်မီ ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၄၆ သန်းကို ပေးအပ်သွားမည် ဖြစ်ပြီး ကျန်ရှိနေသော ကိုဗစ်– ၁၉ ကာကွယ်ဆေး အလုံးရေ ၅၄ သန်းအား ယခုနှစ်တွင် ပေးအပ်သွားရန် စီစဉ်ထားကြောင်း ပါဇူလိုက ပြောကြားလိုက်သည်။

ထို့အပြင် ပါဇူလိုက ဘူတန်တန် အင်စတီကျူသည် ကိုရိုနာဗက် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးအား အမျိုးသား ကာကွယ်ဆေး အစီအစဉ်အတွင်းသို့ ထည့်သွင်းခဲ့ပြီးနောက်တွင် အချိုးအစားအတိုင်း ပြည်နယ်အသီးသီးအား ကာကွယ်ဆေးများကို ခွဲဝေပေးသွားမည် ဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံတွင် အစောဆုံး ယခုလ ၂၀ ရက်တွင် ကာကွယ်ဆေးများ စတင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း အလေးထား ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံ ကျန်းမာရေးဌာန၏ ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်ကြေညာချက်အရ အဆိုပါနေ့တွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၈၇၈၄၃ ဦးရှိခဲ့ကာ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစပြီး တစ်နေ့အတွင်း လူဦးရေအများဆုံး ရောဂါထပ်မံကူးစက်ခံရခြင်းဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံတွင် ကိုဗစ်– ၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၇၉၆၁၆၇၃ ဦးရှိခဲ့သည်။



ဘရာဇီးကျန်းမာရေးဝန်ကြီးကို တွေ့ရစဉ်။

ကိုဗစ်–၁၉ ကြောင့် ဇန်နဝါရီ ၇ ရက်တွင် ထပ်မံသေဆုံးသူ ၁၅၂၄ ဦး ရှိခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးခဲ့သူ စုစုပေါင်း ၂၀၀၄၉၈ ဦးရှိခဲ့ရာမှ ပြန်လည်သက်သာလာသူ ၇၀၉၆၉၃၁ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်သမ္မတထရမ့် ၎င်း၏သက်တမ်းပြီးဆုံးသွားပြီဟု အသိအမှတ်ပြု ချောမွေ့စွာ အာဏာလွှဲပြောင်းပေးရေးအတွက် ကတိပြုပြောကြား



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

**ဝါရှင်တန် ဇန်နဝါရီ ၈**

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ထောက်ခံသူများက အမေရိကန်လွှတ်တော်အတွင်းသို့ ချိုးဖောက်ဝင်ရောက်ပြီး နောက်ပိုင်းတွင် သမ္မတထရမ့်က ၎င်း၏သမ္မတသက်တမ်းမှာ ပြီးဆုံးသွားပြီဟု အသိအမှတ်ပြုပေးခဲ့ပြီး ဂျိုးဘိုင်ဒင်ထံ အဆင်ပြေချောမွေ့စွာ အာဏာလွှဲပြောင်းပေးရေးအတွက် ကတိပြုပြောကြားခဲ့သည်။**

လွှတ်တော်အဆောက်အအုံအတွင်းသို့ ချိုးဖောက်ဝင်ရောက်မှုအပြီးတွင် ထရမ့်အစိုးရအဖွဲ့မှ ဝန်ကြီးနှစ်ဦးမှာ ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ လွှတ်တော်အဆောက်အအုံအတွင်း ချိုးဖောက်ဝင်ရောက်ကာ ၎င်း၏ အမည်ဆိုးရွှားစေခဲ့သည့် အဓိကရုဏ်းတွင် ပါဝင်ခဲ့ကြသူများကိုလည်း ထရမ့်က ရှုတ်ချခဲ့သည်။

ယခုအချိန်သည် ပြန်လည်ကုစားရမည့် အချိန်နှင့် ပြန်လည်သင့်မြတ်ရမည့်အချိန်ဟု ထရမ့်က ပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၀ ရက်တွင် အစိုးရအဖွဲ့သစ် ရာထူးအပ်နှင်းမည်ဖြစ်သည်။ ယခုအချိန်တွင် ထရမ့်မှာ အာဏာလွှဲပြောင်းရေးတွင် အစီအစဉ်တကျ ချောမွေ့စွာပြုလုပ်နိုင်ရေးအတွက်သာ အာရုံစိုက်ထားကြောင်း ပြောကြားခဲ့သည်။

သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခံရခြင်းကို ဘဝတစ်လျှောက်လုံး ဂုဏ်ယူနေမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ လွှတ်တော်မှ ဒီမိုကရက်တစ် အမတ်နှစ်ဦးမှာ ထရမ့်ကို ဖယ်ရှားပေးရေးအတွက် တိုက်တွန်းပြီးနောက် ယခုလို မမျှော်လင့်ဘဲ ပြောင်းလဲမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ပေးဆောင်ရန် ဘိုးရင်းကုမ္ပဏီက သဘောတူ

**ချီကာဂို ဇန်နဝါရီ ၈**

လူပေါင်းများစွာကို သေစေခဲ့သော 737– MAX လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး ရာဇဝတ်မှုတရားစွဲဆိုမှုများကို ဖြေရှင်းရန်အတွက် ဘိုးရင်းကုမ္ပဏီက ဒဏ်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ပေးဆောင်ရန် သဘောတူထားပြီးဖြစ်သည်ဟု အမေရိကန်တရားရေးဌာနက ပြောသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၌ အင်ဒိုနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့တွင် ပျက်ကျခဲ့သည့် လေယာဉ်ပျက်ကျမှုများတွင် လူပေါင်း ၃၄၆ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ဘိုးရင်းကုမ္ပဏီသည် လေယာဉ်ကို တည်ငြိမ်အောင်လုပ်သည့်စနစ်တွင် ချွတ်ယွင်းချက်ရှိသည်ကို သတိပြုမိသော်လည်း အာဏာပိုင်များထံ တင်ပြရန် ပျက်ကွက်ခဲ့သည်ဟု အမေရိကန်လွှတ်တော်က အစီရင်ခံခဲ့သည်။




ဘိုးရင်းကုမ္ပဏီထုတ် 737–MAX လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ထို့အတွက် ဒဏ်ကြေးငွေ ၂ ဒသမ ၅ ဘီလီယံ ပေးဆောင်ရန် ဘိုးရင်းကုမ္ပဏီက သဘောတူပြီးဖြစ်ကြောင်း၊ ယင်းငွေကြေးများထဲမှ သေဆုံးသူများ၏ မိသားစုဝင်များကို နစ်နာကြေးပေးသွားမည်ဖြစ်ကြောင်း အမေရိကန်တရားရေးဌာနက ပြောသည်။ လေယာဉ်ထုတ်လုပ်မှု ကြီးကြပ်စစ်ဆေးသူများထံ ပွင့်လင်းမြင်သာစွာ အသိပေးရမည့်ဝတ္တရားမှာ မည်မျှအရေးကြီးသည်ကို ယခုဖြစ်ရပ်က သတိပေးလျက်ရှိသည်ဟု ဘိုးရင်းကုမ္ပဏီစီအီးအို ဒေးဗစ်ကယ်ဟွန်းက ဝန်ထမ်းများကို ပြောကြားခဲ့သည်။

737 – MAX လေယာဉ်ပြေးဆွဲမှုကို နှစ်နှစ်နီးပါးကြာ ရပ်နားထားရပြီးနောက် လွန်ခဲ့သည့်လအတွင်းက ပြန်လည်စတင်ခွင့်ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဟန်ဂေရီနိုင်ငံတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဖေဖော်ဝါရီ ၁ ရက် အထိ ရက်တိုးချဲ့

**ဘူဒါပတ် ဇန်နဝါရီ ၈**

ဟန်ဂေရီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် တစ်စိတ်တစ်ပိုင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုချမှတ်ထားရာ ယင်းကန့်သတ်ချက်ကို ဖေဖော်ဝါရီ ၁ ရက်အထိ တိုးချဲ့လိုက်ကြောင်း ဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ဇန်နဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည်။

ယင်းကန့်သတ်ချက်တွင် ည ၈ နာရီမှ နံနက် ၅ နာရီ အထိ အပြင်မထွက်ရ အမိန့်ပါဝင်ပြီး လူစုလူဝေးများ ပြုလုပ်ခြင်းကိုလည်း ကန့်သတ်ထားသည်။ ထို့ပြင် ပါးစပ်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်ထားသည်။ ဟန်ဂေရီနိုင်ငံ၏ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့က လတ်တလောကန့်သတ်ချက်များကို အချိန်ကာလတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်ဟု ဟန်ဂေရီဝန်ကြီးချုပ်က အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

ကာကွယ်ဆေးလုံလုံလောက်လောက်မရသေးသရွေ့ ကန့်သတ်ချက်များကို လုပ်နိုင်သည့်ဘက်မှ အချိန်ကာလတိုးမြှင့်သွားရန် ၎င်းက ပြောကြားခဲ့သည်။ မူလတန်းနှင့် သူငယ်တန်းများကိုမူ ဆက်လက်ဖွင့်ထားဆဲဖြစ်သည်။ ဇန်နဝါရီ ၈ ရက်တွင် ဟန်ဂေရီ၌ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၁၅ ဦး ထပ်တိုးခဲ့ပြီး စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၁၀၄၄၀ အထိ ရှိလာခဲ့သည်။ ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ ၅၂၈၇ ဦးရှိပြီး ၃၇၂ ဦးမှာ အသက်ရှူအထောက်ကူပြုကိရိယာများ တပ်ဆင်ထားရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသူ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့စာရင်းအတွက် အပြီးသတ်ရွေးချယ်

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဂျိုးဘိုင်ဒင်သည် ဇန်နဝါရီ ၂၀ ရက်တွင်ပြုလုပ်မည့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ အစိုးရအဖွဲ့အတွက် လူစာရင်းကို အပြီးသတ်ပြုလုပ်ခဲ့သည်ဟု သိရသည်။

စီးပွားရေးအဖွဲ့အတွက် နောက်ထပ်တိုးလာသူများကိုလည်း ဇန်နဝါရီ ၇ ရက်က ကြေညာခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီးအဖြစ် ရုဒ်အိုင်လန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျီနာရေမွန်ဒိုကို အဆိုပြုထားသည်။ ၎င်းသည် အမေရိကန်အရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ရုဒ်အိုင်လန်တွင် အသေးစားကုမ္ပဏီများ တိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် လုပ်ဆောင်ခဲ့သူလည်း ဖြစ်သည်။

၎င်းကုန်သွယ်ရေးဝန်ကြီးဖြစ်လာလျှင် တရုတ်နိုင်ငံနှင့် နည်းပညာကဏ္ဍပြိုင်ဆိုင်မှုတွင် အဓိကနေရာမှ ပါဝင်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ အလုပ်သမားဌာနကို ဦးဆောင်ရန်အတွက်လည်း ဘော့စတွန်မြို့တော်ဝန် မာတီဝေါ့ရှ်ကို ဂျိုးဘိုင်ဒင်က ရွေးချယ်ထားသည်။

မာတီဝေါ့ရှ်မှာ ယခင်က အလုပ်သမားသမဂ္ဂခေါင်းဆောင်ဖြစ်ပြီး အလုပ်အကိုင်နေရာများ တိုးတက်လာရေးအတွက် ဦးဆောင်ကာ ကြိုးပမ်းသွားမည်ဟု မျှော်လင့်ထားသည်။ အစိုးရအဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်းခံရသူများမှာ အမေရိကန်အထက်လွှတ်တော်၏ အတည်ပြုချက်ရရှိရန် လိုအပ်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်လွှတ်တော်အတွင်းသို့ ဆန္ဒပြသူများ ချိုးဖောက်ဝင်ရောက်မှုဖြစ်စဉ်အတွက် ဝမ်းနည်းဒေါသထွက်မိသည်ဟု ဂျာမနီဝန်ကြီးချုပ်ပြော

**ဘာလင် ဇန်နဝါရီ ၈**

အမေရိကန်သမ္မတထရမ့်ကို ထောက်ခံသူများက ဇန်နဝါရီ ၇ ရက်တွင် လွှတ်တော်အဆောက်အအုံအတွင်းသို့ ချိုးဖောက်ဝင်ရောက်ခဲ့မှုဖြစ်စဉ်မှာ ဒေါသထွက် ဝမ်းနည်းစရာ ကောင်းသည်ဟု ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်ကပြောသည်။ အမေရိကန် လွှတ်တော်အဆောက်အအုံအတွင်း အဓိကရုဏ်းဖြစ်မှုပုံရိပ်များကို တွေ့ရသည့်အတွက် စိတ်ဆိုးဝမ်းနည်းမိကြောင်း ဗီဒီယိုကြေညာချက်တွင် အင်ဂျလာမာကယ်က ဖော်ပြခဲ့သည်။

နိုဝင်ဘာလအတွင်းကတည်းက သမ္မတက ရွေးကောက်ပွဲတွင် ရှုံးနိမ့်ကြောင်း ဝန်မခံခဲ့သည့်အတွက် ဝမ်းနည်းဖွယ်ဖြစ်ရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး သံသယဖြစ်စရာ ရလဒ်များကြောင့် လောင်စာပေးသလို ဖြစ်ခဲ့ရပြီး ယခုကဲ့သို့ဖြစ်ရပ်မျိုးဖြစ်လာရသည်ဟု မာကယ်က ပြောသည်။ ဇန်နဝါရီ ၆ ရက်တွင် ဆန္ဒပြသူများသည် သမ္မတနှင့် ဒုသမ္မတတို့ကို ရွေးချယ်ရသော ပြည်ထောင်စုကိုယ်စားလှယ်အဖွဲ့၏ မဲရေတွက်မှုကို ရပ်နားရန် ဖိအားပေးခဲ့သည်။




ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ် မိန့်ခွန်းပြောကြားနေစဉ်။

ထို့နောက် အဓိကရုဏ်းများဖြစ်ပေါ်ပြီးနောက် လူလေးဦးသေဆုံးစေခဲ့ပြီး လူအများအပြားဒဏ်ရာရရှိစေခဲ့သည်။ ယခုမြင်တွေ့ခဲ့ရသည့် မြင်ကွင်းမှာ လိမ်ညာမှုများ၏ ရလဒ်နှင့် ဒီမိုကရေစီကိုမထီမဲ့မြင် ပြုခြင်းပင်ဖြစ်သည်ဟု ဂျာမနီသမ္မတ ဖရန့်ခ်ဝေါလ်တာ စတိုင်းမိုင်ရာက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# သတိရှိပါ၊ သည်းခံကြပါ၊ အနာဂတ်ကို ရှေးရှုပြီး အားတင်းထားကြပါ



ပြည်သူအများ ယခုအချိန်မှာ အသိချင်ဆုံးကိစ္စကတော့ COVID ကာကွယ်ဆေး ထိုးပေးမယ့်အစီအစဉ် ဘယ်တော့ စတင်နိုင်မလဲဆိုတာ ဖြစ်ပါလိမ့်မယ်။ ပထမဆုံး ကာကွယ်ဆေးတစ်သုတ် အိန္ဒိယနိုင်ငံမှ ရရှိရေး အတွက် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုထားပြီးပါပြီ။ ကာကွယ်ဆေးသုံးစွဲခွင့်ကို အိန္ဒိယရှိ သက်ဆိုင်ရာဌာနက ထုတ်ပြန်ပြီးတာနဲ့ မြန်မာပြည်တွင်းကို သွင်းနိုင်ဖို့လည်း စီစဉ်ထားပါတယ်။ ဒီအစီအစဉ်အရ ဖေဖော်ဝါရီလမှာ ကာကွယ်ဆေးတွေကို ဦးစားပေးရမယ့် အစုအဖွဲ့ဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံး စတင်ထိုးပေးမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးရရှိရေး ကမ္ဘာ့နိုင်ငံအားလုံးက ဆောင်ရွက်နေတာကြောင့် ယှဉ်ပြိုင်မှုများပါတယ်။ ဒါပေမယ့်လည်း ၂၀၂၁ ခုနှစ် တစ်လျှောက် ကာကွယ်ဆေးထိုးပေးရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း၊ တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်နိုင်မယ်လို့ ယူဆရပါတယ်။ ကာကွယ်ဆေးမထိုးရသေးမီ ကာလအတွင်း ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး COVID အောင်နိုင်ရေးကို ပံ့ပိုးပေးဖို့ ပြည်သူတွေကို မေတ္တာ ရပ်ခံပါတယ်။ သတိရှိပါ၊ သည်းခံကြပါ၊ အနာဂတ်ကို ရှေးရှုပြီး အားတင်းထားကြပါ။ အားလုံး အတူရှိနေကြပါတယ်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူးအထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၁ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၈–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၇–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၁၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁၁) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၈–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၀၇၁) ခု | (၆၅) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၀၀) ခု | (၂၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၄၇) ခု | (၆၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၀) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၁၀) ခု | (၆) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၁) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၁) ခု | (၁၇) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၃၈) ခု | (၁၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၁၆၄) ခု | (၃၈၉) ဦး |
| **စုစုပေါင်း** | **(၂၀,၁၆၄) ခု** | **(၇၁၁) ဦး** |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၃၀–၁၂–၂၀ | ၃၁–၁၂–၂၀ | ၁–၁–၂၁ | ၂–၁–၂၁ | ၃–၁–၂၁ | ၄–၁–၂၁ | ၅–၁–၂၁ | ၆–၁–၂၁ | ၇–၁–၂၁ | ၈–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၅ | ၃.၇ | ၂.၆ | ၃.၆ | ၄.၁ | ၃.၅ | ၃.၃ | ၃.၅ | ၃.၁ | ၃.၅ |

**မှတ်ချက်။** COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၃၀–၁၂–၂၀၂၀)ရက်နေ့မှ (၈–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲ နမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး(၂၄,၀၀၇)ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၃၅၄) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၈–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၁၆၄) ဦး | (၁,၉၆၀,၇၈၅) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၇၁၁) ဦး | (၁၂၉,၄၈၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၈၂၈) ဦး | (၁၁၂,၈၇၆) ဦး |
| သေဆုံးလူနာ | (၁၃) ဦး | (၂,၈၁၂) ဦး |

- ယနေ့ **သေဆုံးသူ (၁၃) ဦး**အနက် ရောဂါအခံရှိသူ (၁၀) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော် ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၈၂၈) ဦးတွင် –
  - o ဆေးရုံများ – (၆၂၀) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၂၀၈) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁၈၀) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၇-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၈,၇၇၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၇-၁-၂၁) အထိ | (၂၅-၁၂-၂၀) ရက်နေ့မှ (၇-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ | ၆-၁-၂၁ | ၇-၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မင်္ဂလာဒုံ | ၅၉၁၉ | ၂၁ | ၂၀ | ၃၀ | ၁၇ | ၂၅ | ၂၅ | ၂၁ | ၉ | ၁၃ | ၂၁ | ၉ | ၁၄ | ၁၀ | ၂၂ |
| ၂ | သင်္ဃန်းကျွန်း | ၄၄၄၇ | ၄၂ | ၁၇ | ၂၈ | ၇ | ၈ | ၂၁ | ၄ | ၆ | ၂၂ | ၁၀ | ၁၃ | ၃၆ | ၇ | ၂၁ |
| ၃ | လှည်းကူး ** | ၁၀၈၉ | ၆ | ၁၁ | ၃ | ၂ | ၆ | ၃၀ | ၃ | ၁ | ၀ | ၆ | ၄ | ၁ | ၃ | ၁၈ |
| ၄ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၃၁၃၈ | ၆ | ၁၉ | ၂ | ၁၃ | ၁၄ | ၈ | ၁၆ | ၁၄ | ၆ | ၅ | ၃ | ၁၆ | ၁၀ | ၁၇ |
| ၅ | လှိုင်သာယာ | ၄၇၅၀ | ၉ | ၆ | ၂၃ | ၇ | ၇ | ၉ | ၁၃ | ၄ | ၃ | ၅ | ၁၃ | ၆ | ၈ | ၁၅ |
| ၆ | မရမ်းကုန်း | ၃၇၇၉ | ၃ | ၃ | ၃ | ၈ | ၇ | ၄ | ၁၄ | ၆ | ၆ | ၅ | ၉ | ၅ | ၇ | ၁၅ |
| ၇ | တာမွေ | ၂၉၆၁ | ၃ | ၂၄ | ၉ | ၃ | ၁၂ | ၆ | ၇ | ၅ | ၁၀ | ၁၅ | ၃ | ၁၈ | ၁၁ | ၁၂ |
| ၈ | စမ်းချောင်း | ၁၉၈၉ | ၁၇ | ၇ | ၁ | ၂၀ | ၆ | ၂ | ၁၅ | ၂ | ၃ | ၅ | ၁၁ | ၃ | ၅ | ၁၀ |
| ၉ | ကျောက်တန်း | ၉၂၁ | ၄ | ၅ | ၁ | ၃ | ၁ | ၂ | ၃ | ၁ | ၁၀ | ၀ | ၆ | ၄ | ၇ | ၁၀ |
| ၁၀ | ရွှေပြည်သာ | ၃၇၆၄ | ၉ | ၂၅ | ၁၁ | ၆ | ၁၀ | ၅ | ၁၇ | ၂ | ၈ | ၅ | ၁ | ၂ | ၅ | ၉ |
| ၁၁ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၂၃၇ | ၈ | ၃ | ၂ | ၉ | ၈ | ၁၄ | ၁၃ | ၆ | ၁၉ | ၅ | ၆ | ၉ | ၇ | ၉ |
| ၁၂ | လှိုင် | ၂၉၃၀ | ၁၃ | ၅ | ၃ | ၁၂ | ၁၂ | ၂ | ၃ | ၁၄ | ၀ | ၂ | ၁ | ၂ | ၇ | ၈ |
| ၁၃ | သာကေတ | ၂၃၆၀ | ၃ | ၉ | ၄ | ၅ | ၃ | ၁၂ | ၂ | ၃ | ၆ | ၃ | ၅ | ၃ | ၃ | ၈ |
| ၁၄ | မြောက်ဥက္ကလာပ | ၅၇၄၀ | ၆ | ၁၇ | ၆ | ၁၈ | ၂၈ | ၂၀ | ၆ | ၁၂ | ၁၁ | ၅ | ၃ | ၁၄ | ၁၅ | ၇ |
| ၁၅ | မှော်ဘီ | ၂၀၄၀ | ၆ | ၁၉ | ၁၁ | ၁၂ | ၁၈ | ၁၀ | ၇ | ၂၁ | ၁၁ | ၂၁ | ၁၄ | ၇ | ၁၁ | ၇ |
| ၁၆ | ရန်ကင်း | ၁၂၆၀ | ၆ | ၄ | ၁ | ၁ | ၄ | ၄ | ၂ | ၄ | ၃ | ၀ | ၄ | ၆ | ၈ | ၇ |
| ၁၇ | သန်လျင် | ၂၈၁၁ | ၂ | ၇ | ၅ | ၆ | ၆ | ၅ | ၁၆ | ၅ | ၁ | ၆ | ၃ | ၂ | ၂ | ၆ |
| ၁၈ | ဗိုလ်တထောင် | ၁၁၅၈ | ၀ | ၄ | ၀ | ၂ | ၂ | ၁ | ၁ | ၃ | ၃ | ၀ | ၂ | ၁ | ၂ | ၆ |
| ၁၉ | အင်းစိန် | ၄၅၅၆ | ၅ | ၉ | ၆ | ၂၃ | ၁၅ | ၁၉ | ၁၃ | ၁ | ၂၈ | ၈ | ၅ | ၂ | ၈ | ၄ |
| ၂၀ | ကမာရွတ် | ၂၄၄၅ | ၅ | ၇ | ၁၁ | ၉ | ၄ | ၁၀ | ၆ | ၁ | ၄ | ၆၅ | ၃ | ၃ | ၃ | ၄ |
| ၂၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၉၀၆ | ၂ | ၄ | ၉ | ၄ | ၃ | ၁၁ | ၇ | ၄ | ၂ | ၀ | ၄ | ၇ | ၁၁ | ၄ |
| ၂၂ | လမ်းမတော် | ၁၂၆၁ | ၂ | ၃ | ၁ | ၁ | ၁ | ၁ | ၃ | ၀ | ၁ | ၂ | ၇ | ၀ | ၁၀ | ၄ |
| ၂၃ | တိုက်ကြီး | ၆၄၅ | ၉ | ၁၁ | ၁၅ | ၉ | ၄ | ၄ | ၂ | ၁ | ၃ | ၂ | ၀ | ၃ | ၁ | ၄ |
| ၂၄ | တောင်ဥက္ကလာပ | ၂၉၁၃ | ၈ | ၈ | ၇ | ၁၅ | ၁၂ | ၅ | ၅ | ၂ | ၃ | ၇ | ၁၄ | ၁၀ | ၅ | ၃ |
| ၂၅ | ကြည့်မြင်တိုင် | ၂၀၁၁ | ၉ | ၄ | ၁ | ၆ | ၄ | ၀ | ၅ | ၀ | ၃ | ၁ | ၂ | ၂ | ၂ | ၃ |
| ၂၆ | မင်္ဂလာတောင်ညွန့် | ၁၈၁၃ | ၆ | ၃ | ၁ | ၂ | ၄ | ၂ | ၂ | ၂ | ၅ | ၂ | ၁ | ၅ | ၈ | ၃ |
| ၂၇ | ပန်းဘဲတန်း | ၈၆၇ | ၀ | ၁၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၃ |
| ၂၈ | ဗဟန်း | ၁၅၁၈ | ၁ | ၅ | ၀ | ၉ | ၆ | ၇ | ၃ | ၂ | ၄ | ၆ | ၃ | ၃ | ၄ | ၂ |
| ၂၉ | အလုံ | ၁၀၇၃ | ၁ | ၃ | ၁ | ၄ | ၁ | ၃ | ၀ | ၀ | ၆ | ၄ | ၃ | ၂ | ၁ | ၂ |
| ၃၀ | လသာ | ၇၆၉ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၄ | ၀ | ၁ | ၂ |
| ၃၁ | ဒဂုံ | ၆၈၇ | ၁ | ၂ | ၀ | ၀ | ၀ | ၂ | ၃ | ၂ | ၁ | ၁ | ၂ | ၂ | ၃ | ၂ |
| ၃၂ | ဒလ | ၁၄၀၇ | ၁ | ၀ | ၁ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၂ | ၁ |
| ၃၃ | ဒေါပုံ | ၁၀၈၉ | ၆ | ၁ | ၁ | ၀ | ၀ | ၈ | ၁ | ၀ | ၆ | ၄ | ၀ | ၄ | ၃ | ၁ |
| ၃၄ | ပုဇွန်တောင် | ၈၀၁ | ၄ | ၁ | ၅ | ၅ | ၇ | ၁၀ | ၀ | ၂ | ၂ | ၀ | ၀ | ၁ | ၀ | ၁ |
| ၃၅ | ထန်းတပင် | ၆၃၇ | ၀ | ၁ | ၆ | ၃ | ၂ | ၁၃ | ၁ | ၀ | ၃ | ၁ | ၂ | ၁ | ၀ | ၁ |
| ၃၆ | ကွမ်းခြံကုန်း | ၂၈၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ |
| ၃၇ | ဒဂုံဆိပ်ကမ်း | ၁၂၄၁ | ၄ | ၃ | ၉ | ၄ | ၃ | ၄ | ၁ | ၀ | ၁ | ၃ | ၈ | ၄ | ၀ | ၀ |
| ၃၈ | တွံတေး | ၉၀၂ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၀ |
| ၃၉ | ကျောက်တံတား | ၆၂၆ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၆ | ၁ | ၃ | ၁ | ၁ | ၀ | ၀ | ၀ |
| ၄၀ | ဆိပ်ကြီးခနောင်တို | ၄၃၁ | ၆ | ၀ | ၀ | ၅ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ |
| ၄၁ | ခရမ်း | ၄၃၀ | ၀ | ၃ | ၄ | ၀ | ၁ | ၄ | ၁ | ၀ | ၂ | ၁ | ၁ | ၃ | ၀ | ၀ |
| ၄၂ | သုံးခွ | ၄၁၃ | ၄ | ၄ | ၃ | ၃ | ၁ | ၂ | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ |
| ၄၃ | ကော့မှူး | ၃၁၄ | ၆ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၄၃၅၄ | ၂၄၆ | ၂၉၄ | ၂၂၉ | ၂၅၇ | ၂၅၃ | ၂၈၇ | ၂၂၈ | ၁၃၈ | ၂၁၇ | ၂၃၀ | ၁၇၄ | ၂၁၀ | ၁၉၃ | ၂၅၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | အောင်မြေသာစံ | ၂၃၄၃ | ၂၉ | ၂၈ | ၁၉ | ၂၃ | ၁၈ | ၄ | ၃၇ | ၁၃ | ၁၁ | ၂၆ | ၁၀ | ၁၃ | ၂၁ | ၂၁ |
| ၄၅ | ချမ်းအေးသာစံ | ၂၅၄၃ | ၁၂ | ၃၀ | ၂၀ | ၂၄ | ၂၀ | ၃ | ၃၈ | ၁၂ | ၂၂ | ၃၃ | ၁၂ | ၁၉ | ၂၅ | ၁၅ |
| ၄၆ | ချမ်းမြသာစည် | ၁၇၇၄ | ၂၉ | ၃၆ | ၂၀ | ၃၄ | ၁၅ | ၇ | ၃၀ | ၁၀ | ၂၄ | ၆ | ၃၀ | ၁၃ | ၁၄ | ၁၄ |
| ၄၇ | ပြည်ကြီးတံခွန် | ၈၆၄ | ၁၇ | ၇ | ၁၁ | ၁၉ | ၂၁ | ၃ | ၃၁ | ၁ | ၁၄ | ၇ | ၁၃ | ၉ | ၁၃ | ၁၁ |
| ၄၈ | အမရပူရ | ၁၅၀၅ | ၁၄ | ၁၇ | ၄ | ၁၄ | ၁၇ | ၂ | ၁၈ | ၁၂ | ၁၉ | ၁၃ | ၁၃ | ၁၂ | ၁၄ | ၉ |
| ၄၉ | တောင်သာ | ၁၉၆ | ၉ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၄ | ၃ | ၂ | ၁၄ | ၀ | ၇ |
| ၅၀ | မိတ္ထီလာ | ၂၂၁ | ၁ | ၁ | ၁ | ၃ | ၂ | ၁ | ၆ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၆ |
| ၅၁ | စဉ့်ကူး | ၁၆ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၅ |
| ၅၂ | မဟာအောင်မြေ | ၂၃၅၅ | ၂၈ | ၂၁ | ၃၀ | ၂၃ | ၂၃ | ၅ | ၅၁ | ၇ | ၁၅ | ၁၅ | ၂၂ | ၂၀ | ၁၄ | ၄ |
| ၅၃ | ပုသိမ်ကြီး | ၅၉၉ | ၈ | ၆ | ၁ | ၁၁ | ၁၄ | ၁ | ၃၉ | ၄ | ၁၂ | ၂၄ | ၁၈ | ၇ | ၆ | ၃ |
| ၅၄ | ပြင်ဦးလွင် | ၁၆၈ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၁ | ၃ |
| ၅၅ | ကျောက်ဆည် | ၁၅၉ | ၅ | ၄ | ၃ | ၁ | ၂ | ၁ | ၆ | ၀ | ၉ | ၂ | ၁ | ၁ | ၁ | ၁ |
| ၅၆ | ကျောက်ပန်းတောင်း | ၁၂၇ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၄ | ၀ | ၀ | ၂ | ၈ | ၂ | ၀ | ၁ |
| ၅၇ | သာစည် | ၁၁၃ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ |
| ၅၈ | မတ္တရာ | ၁၀၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ |
| ၅၉ | ငါန်းဇွန် | ၇၁ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ |
| ၆၀ | မိုးကုတ် | ၄၂ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၆၁ | သပိတ်ကျင်း | ၃၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ |
| ၆၂ | မြင်းခြံ | ၄၂၅ | ၁၁ | ၀ | ၅ | ၂၁ | ၂ | ၇ | ၁၇ | ၆ | ၆ | ၀ | ၉ | ၈ | ၁၀ | ၀ |
| ၆၃ | စဉ့်ကိုင် | ၂၇၄ | ၁၁ | ၅ | ၀ | ၀ | ၁ | ၉ | ၇ | ၀ | ၀ | ၃ | ၃ | ၉ | ၆ | ၀ |
| ၆၄ | ညောင်ဦး | ၁၂၈ | ၄ | ၀ | ၂ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၆၅ | ပျော်ဘွယ် | ၁၀၄ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၆ | ရမည်းသင်း | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၇ | နွားထိုးကြီး | ၉၁ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ |
| ၆၈ | မြစ်သား | ၈၃ | ၂ | ၀ | ၂ | ၁ | ၂ | ၀ | ၄ | ၀ | ၁ | ၄ | ၀ | ၂ | ၁ | ၀ |
| ၆၉ | ဝမ်းတွင်း | ၇၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၀ | ၁ | ၀ |
| ၇၀ | တံတားဦး | ၈၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၄ | ၀ | ၀ | ၁ | ၃ | ၂ | ၈ | ၀ |
| ၇၁ | မလှိုင် | ၄၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၆၂၆ | ၁၉၄ | ၁၅၈ | ၁၂၁ | ၁၈၄ | ၁၄၈ | ၄၉ | ၂၉၈ | ၆၉ | ၁၄၃ | ၁၅၀ | ၁၄၉ | ၁၃၈ | ၁၄၀ | ၁၀၅ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၂၉၉၃ | ၅၆ | ၃၆ | ၃၈ | ၂၄ | ၂၂ | ၄၇ | ၄၆ | ၄၄ | ၂၅ | ၇၁ | ၅၀ | ၂၇ | ၉၁ | ၂၈ |
| ၇၃ | လက်ပံတန်း | ၄၅၉ | ၁ | ၁၀ | ၁ | ၁ | ၀ | ၀ | ၉ | ၁၁ | ၂ | ၀ | ၃ | ၀ | ၀ | ၈ |
| ၇၄ | ဒိုက်ဦး | ၂၁၁ | ၂ | ၃ | ၀ | ၁ | ၄ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၅ |
| ၇၅ | ဖြူး | ၃၉၃ | ၂၆ | ၀ | ၀ | ၁၁ | ၀ | ၃ | ၄ | ၄ | ၄ | ၁၃ | ၂ | ၁၀ | ၅ | ၁ |
| ၇၆ | ကျောက်တံခါး | ၃၂၁ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၂ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၁ |
| ၇၇ | ညောင်လေးပင် | ၂၂၉ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၅ | ၀ | ၁ |
| ၇၈ | ပြည် | ၂၀၁ | ၀ | ၂ | ၁ | ၁ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၀ | ၀ | ၁ | ၁ |
| ၇၉ | တောင်ငူ | ၁၈၃ | ၁ | ၄ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ |
| ၈၀ | နတ်တလင်း | ၁၂၇ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ |
| ၈၁ | သာယာဝတီ | ၅၀၁ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁၁ | ၀ | ၀ | ၀ | ၀ |
| ၈၂ | ဝေါ | ၄၂၇ | ၀ | ၀ | ၅ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၁ | ၅ | ၁ | ၀ |
| ၈၃ | ကဝ | ၃၇၃ | ၁၀ | ၁ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၈၄ | မင်းလှ | ၂၃၁ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ |
| ၈၅ | အုတ်ဖို | ၁၉၀ | ၂ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ |
| ၈၆ | ရေတာရှည် | ၁၆၉ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ |
| ၈၇ | သနပ်ပင် | ၁၆၆ | ၁ | ၁ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၈၈ | ရွှေတောင် | ၁၆၆ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၈၉ | ကြို့ပင်ကောက် | ၁၂၂ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၀ | မိုးညို | ၁၁၅ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၉၁ | ပေါင်းတည် | ၁၁၂ | ၁ | ၆ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၂ | အုတ်တွင်း | ၁၁၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၃ | ပန်းတောင်း | ၉၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | သဲကုန်း | ၉၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၅ | ဇီးကုန်း | ၇၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ |
| ၉၇ | ကျောက်ကြီး | ၄၆ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ထန်းတပင် | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ |
| ၉၉ | ပေါက်ခေါင်း | ၄၇ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၂၈၁ | ၁၀၉ | ၆၄ | ၅၆ | ၆၁ | ၃၇ | ၆၈ | ၇၃ | ၆၉ | ၄၁ | ၁၁၀ | ၈၁ | ၅၃ | ၁၀၁ | ၄၇ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | အင်္ဂပူ | ၈၈ | ၀ | ၁ | ၀ | ၁ | ၆ | ၁ | ၃ | ၀ | ၁ | ၁၅ | ၁ | ၀ | ၃ | ၂၈ |
| ၁၀၁ | ပုသိမ် | ၆၉၀ | ၁၁ | ၂၄ | ၄ | ၆ | ၆ | ၄ | ၁၁ | ၈ | ၁၅ | ၁၂ | ၆ | ၁၂ | ၈ | ၂၁ |
| ၁၀၂ | ဘိုကလေး | ၂၂၇ | ၁ | ၀ | ၃၂ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၁ | ၁ | ၁၁ | ၁၃ |
| ၁၀၃ | မြောင်းမြ | ၂၀၈ | ၃ | ၂ | ၀ | ၁ | ၀ | ၅ | ၀ | ၀ | ၃ | ၅ | ၀ | ၀ | ၃ | ၄ |
| ၁၀၄ | ကျောင်းကုန်း | ၈၃ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၄ |
| ၁၀၅ | ဟင်္သာတ | ၅၃၇ | ၆ | ၁ | ၁ | ၈ | ၄ | ၁၁ | ၅၄ | ၁၂ | ၂ | ၅ | ၂၇ | ၄ | ၁၄ | ၃ |
| ၁၀၆ | မအူပင် | ၅၀၃ | ၂ | ၂ | ၂၃ | ၃ | ၂ | ၀ | ၁ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၁ |
| ၁၀၇ | မော်လမြိုင်ကျွန်း | ၄၉၀ | ၀ | ၀ | ၁၃ | ၉ | ၀ | ၁၁ | ၀ | ၂ | ၀ | ၉ | ၀ | ၁ | ၈ | ၁ |
| ၁၀၈ | ကျိုက်လတ် | ၂၃၉ | ၅ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၁၀၉ | ဇလွန် | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၁၀ | ဒေးဒရဲ | ၄၀၉ | ၁ | ၀ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၁၁၁ | ကျုံပျော် | ၂၆၉ | ၂ | ၀ | ၂ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၂ | ညောင်တုန်း | ၂၃၉ | ၂ | ၂ | ၁ | ၀ | ၅ | ၀ | ၁ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ |
| ၁၁၃ | လပွတ္တာ | ၂၄၂ | ၁၉ | ၂ | ၀ | ၂ | ၀ | ၁ | ၁၁ | ၀ | ၀ | ၂ | ၂ | ၁၄ | ၀ | ၀ |
| ၁၁၄ | ဖျာပုံ | ၂၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၇ | ၀ |
| ၁၁၅ | ရေကြည် | ၁၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၆ | ဝါးခယ်မ | ၁၀၃ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ဓနုဖြူ | ၉၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၁၁၈ | ကန်ကြီးထောင့် | ၆၇ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | အိမ်မဲ | ၆၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | လေးမျက်နှာ | ၄၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | မြန်အောင် | ၄၀ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၂၃ | ကြံခင်း | ၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၂၄ | သာပေါင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၁၂၁ | ၅၆ | ၃၉ | ၈၅ | ၃၅ | ၂၉ | ၃၄ | ၈၅ | ၂၇ | ၂၂ | ၅၆ | ၅၀ | ၃၆ | ၆၀ | ၇၇ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁၅၃၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၈ | ၃ | ၀ |
| ၁၂၇ | ကျောက်ဖြူ | ၄၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၀ |
| ၁၂၈ | မောင်တော | ၃၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၉ | ကျောက်တော် | ၂၆၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၀ | မြောက်ဦး | ၂၅၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၁ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | တောင်ကုတ် | ၁၇၉ | ၀ | ၀ | ၁ | ၀ | ၄ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ |
| ၁၃၃ | အမ်း | ၁၆၈ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁၈ | ၂ | ၀ | ၀ | ၁ | ၀ |
| ၁၃၄ | ရသေ့တောင် | ၁၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ပေါက်တော | ၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | သံတွဲ | ၁၁၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၁၈၅ | ၈ | ၀ | ၁ | ၁ | ၄ | ၂ | ၆ | ၃ | ၂၁ | ၅ | ၃ | ၁၂ | ၇ | ၀ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | မကွေး | ၃၈၀ | ၁ | ၈ | ၆ | ၁ | ၀ | ၈ | ၀ | ၀ | ၈ | ၁ | ၉ | ၆ | ၁၀ | ၈ |
| ၁၄၄ | အောင်လံ | ၅၆၆ | ၀ | ၉ | ၂ | ၃ | ၂ | ၉ | ၁ | ၁ | ၁၀ | ၃ | ၄ | ၂ | ၁ | ၄ |
| ၁၄၅ | မြို့သစ် | ၂၃၂ | ၀ | ၂ | ၀ | ၁၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၄၆ | တောင်တွင်းကြီး | ၂၄၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၄ | ၅ | ၅ | ၂ | ၀ | ၁ |
| ၁၄၇ | စလင်း | ၂၄၈ | ၀ | ၁၅ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၁၄ | ၆ | ၁ | ၁၉ | ၂ | ၁ |
| ၁၄၈ | မင်းဘူး | ၂၀၄ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၁ | ၆ | ၃ | ၁ |
| ၁၄၉ | ဂန့်ဂေါ | ၆၉ | ၀ | ၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၅၀ | နတ်မောက် | ၁၉၇ | ၀ | ၃ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၇-၁-၂၁) အထိ | (၂၅-၁၂-၂၀၂၀) ရက်နေ့မှ (၇-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ | ၆-၁-၂၁ | ၇-၁-၂၁ |
| ၁၅၁ | ရေနံချောင်း | ၁၃၅ | ၃ | ၀ | ၂ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၀ | ၀ |
| ၁၅၂ | ပခုက္ကူ | ၁၂၆ | ၀ | ၄ | ၀ | ၃ | ၂ | ၂ | ၁ | ၀ | ၃ | ၁ | ၃ | ၂ | ၀ | ၀ |
| ၁၅၃ | ချောက် | ၁၂၂ | ၀ | ၅ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၁၁ | ၂ | ၁ | ၀ |
| ၁၅၄ | ပွင့်ဖြူ | ၇၉ | ၀ | ၈ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၅၅ | မြိုင် | ၈၁ | ၀ | ၅ | ၀ | ၃ | ၂ | ၁ | ၂ | ၀ | ၃ | ၁ | ၀ | ၃ | ၀ | ၀ |
| ၁၅၆ | သရက် | ၆၇ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၅၇ | ဆင်ပေါင်ဝဲ | ၃၈ | ၀ | ၇ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၈ | ဆိပ်ဖြူ | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၅၉ | ရေစကြို | ၃၂ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၀ | မင်းလှ | ၃၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၄ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၂၉၇၈ | ၇ | ၇၅ | ၁၅ | ၃၄ | ၂၀ | ၂၄ | ၆ | ၂ | ၅၆ | ၂၀ | ၄၀ | ၄၇ | ၁၉ | ၁၇ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁၁၄၃ | ၀ | ၂၆ | ၄ | ၁၀ | ၁၁ | ၁၃ | ၁၅ | ၁၇ | ၁၀ | ၄၂ | ၂၀ | ၂၈ | ၂၃ | ၂၉ |
| ၁၆၉ | ရေး | ၁၀၂ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၇၀ | သထုံ | ၄၇၃ | ၁ | ၃ | ၁ | ၃ | ၄ | ၂ | ၂ | ၀ | ၁ | ၂ | ၀ | ၂ | ၁ | ၁ |
| ၁၇၁ | ပေါင် | ၁၂၆ | ၀ | ၄ | ၁ | ၁ | ၃ | ၄ | ၀ | ၄ | ၀ | ၃ | ၁ | ၄ | ၀ | ၁ |
| ၁၇၂ | သံဖြူဇရပ် | ၆၃ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၇၃ | မုဒုံ | ၆၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၇၄ | ချောင်းဆုံ | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ |
| ၁၇၅ | ကျိုက်ထို | ၃၀၈ | ၀ | ၃ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ |
| ၁၇၆ | ဘီးလင်း | ၁၆၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၇ | ကျိုက်မရော | ၅၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၂၅၄၁ | ၂ | ၃၈ | ၈ | ၁၈ | ၂၁ | ၂၂ | ၂၃ | ၂၁ | ၁၂ | ၄၉ | ၂၂ | ၃၈ | ၂၆ | ၃၆ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | စစ်ကိုင်း | ၄၇၃ | ၁၁ | ၀ | ၃၁ | ၁ | ၉ | ၂ | ၁၈ | ၀ | ၁ | ၁ | ၉ | ၂ | ၂ | ၁၁ |
| ၁၇၉ | တမူး | ၈၄ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၂ | ၀ | ၄ |
| ၁၈၀ | ရွှေဘို | ၁၉၈ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၈ | ၁ | ၂ |
| ၁၈၁ | ယင်းမာပင် | ၈၅ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၈၂ | ဝန်းသို | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၃ | ကလေး | ၃၉၃ | ၂ | ၃ | ၀ | ၁ | ၇ | ၁ | ၆ | ၀ | ၃ | ၂ | ၁ | ၄ | ၀ | ၀ |
| ၁၈၄ | မုံရွာ | ၁၄၈ | ၃ | ၂ | ၂ | ၁၁ | ၂ | ၄ | ၂ | ၄ | ၅ | ၁ | ၅ | ၀ | ၃ | ၀ |
| ၁၈၅ | ကန့်ဘလူ | ၇၁ | ၂ | ၂ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၈၆ | ဆားလင်းကြီး | ၅၈ | ၀ | ၁ | ၀ | ၀ | ၁၀ | ၀ | ၀ | ၁၁ | ၄ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၈၇ | တန့်ဆည် | ၄၇ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၈၈ | ဒီပဲယင်း | ၃၆ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၈၉ | ပုလဲ | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၀ | ရေဦး | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၁ | မင်းကင်း | ၃၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၂ | ဝက်လက် | ၃၀ | ၅ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၃ | ချောင်းဦး | ၃၃ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၂ | ၁ | ၃ | ၀ |
| ၁၉၄ | ဟုမ္မလင်း | ၂၉ | ၂ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၁၉၅ | ကောလင်း | ၂၅ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၆ | ခင်ဦး | ၂၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၇ | ကနီ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၈ | ဘုတလင် | ၂၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | မြင်းမူ | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၀၀ | ကသာ | ၂၅ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၀၁ | အင်းတော် | ၃၄ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁၀ | ၁ | ၂ | ၀ |
| ၂၀၂ | ကျွန်းလှ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၃ | အရာတော် | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၄ | မြောင် | ၁၅ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၀၅ | ကလေးဝ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၇ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဖန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၀၄၈ | ၃၀ | ၁၇ | ၃၉ | ၂၆ | ၃၄ | ၂၀ | ၅၆ | ၂၀ | ၃၀ | ၁၄ | ၃၁ | ၂၂ | ၁၁ | ၂၀ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | မြဝတီ | ၃၆၄ | ၀ | ၆ | ၁၃ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁၂ | ၂ | ၁ | ၀ | ၁၂ |
| ၂၁၅ | လှိုင်းဘွဲ့ | ၇၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၁၆ | ဘားအံ | ၄၉၈ | ၁ | ၀ | ၁ | ၃ | ၀ | ၁၃ | ၀ | ၉ | ၀ | ၁ | ၂ | ၃၂ | ၁ | ၁ |
| ၂၁၇ | ကော့ကရိတ် | ၂၁၆ | ၂ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၁၇၅ | ၃ | ၆ | ၁၄ | ၁၀ | ၀ | ၁၈ | ၀ | ၉ | ၀ | ၁၃ | ၄ | ၃၃ | ၁ | ၁၅ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၄၂၀ | ၅၆ | ၂၈ | ၁၄ | ၁ | ၄၀ | ၃၀ | ၃၇ | ၃၀ | ၁၃ | ၂၅ | ၀ | ၂၆ | ၁ | ၈ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၂၃ | ၁ | ၅ | ၃ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ |
| ၂၂၃ | လယ်ဝေး | ၉၉ | ၁ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၂ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၂၅ | ပျဉ်းမနား | ၉၆ | ၃ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၂၆ | ဥတ္တရသီရိ | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၇ | တပ်ကုန်း | ၄၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၀၇၀ | ၆၁ | ၃၆ | ၁၉ | ၂ | ၄၇ | ၃၄ | ၄၁ | ၃၁ | ၁၄ | ၂၇ | ၃ | ၃၅ | ၃ | ၁၀ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၄၁၉ | ၂၂ | ၁ | ၃ | ၃ | ၂ | ၁၀ | ၂ | ၀ | ၀ | ၀ | ၄ | ၁ | ၆ | ၄ |
| ၂၃၀ | ဗန်းမော် | ၁၆ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ |
| ၂၃၁ | မိုးညှင်း | ၄၃ | ၀ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ |
| ၂၃၂ | မြစ်ကြီးနား | ၉၈ | ၇ | ၃ | ၁ | ၀ | ၀ | ၂ | ၄ | ၄ | ၁ | ၀ | ၁၀ | ၃ | ၀ | ၀ |
| ၂၃၃ | မိုးကောင်း | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၄ | ရွှေကူ | ၂၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ပူတာအို | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၃၄ | ၃၃ | ၅ | ၇ | ၃ | ၆ | ၁၂ | ၆ | ၄ | ၃ | ၁၀ | ၁၆ | ၄ | ၆ | ၇ |
| ၁၂။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၄၀ | တီးတိန် | ၉၂ | ၀ | ၀ | ၀ | ၁၁ | ၂ | ၀ | ၀ | ၁၄ | ၀ | ၅ | ၄ | ၂ | ၇ | ၀ |
| ၂၄၁ | မင်းတပ် | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၄၂ | မတူပီ | ၂၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပလက်ဝ | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ထွန်းဇံ | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ဟားခါး | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၆ | ဖလမ်း | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကန်ပက်လက် | ၆ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၈ | ထန်တလန် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၅၇ | ၀ | ၄ | ၀ | ၁၁ | ၂ | ၀ | ၃ | ၁၄ | ၈ | ၇ | ၄ | ၂ | ၉ | ၀ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၉ | မြိတ် | ၃၀၂ | ၄ | ၁ | ၁ | ၀ | ၁ | ၁ | ၁၇ | ၀ | ၀ | ၅ | ၀ | ၃ | ၀ | ၃ |
| ၂၅၀ | လောင်းလုံ | ၄၄ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၅၁ | ထားဝယ် | ၁၀၉ | ၀ | ၀ | ၁ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၂ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၂၅၃ | ရေဖြူ | ၂၇ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | ကော့သောင်း | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | သရက်ချောင်း | ၁၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၈ | တနင်္သာရီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၉၀ | ၄ | ၁ | ၃ | ၁ | ၁၆ | ၁ | ၂၃ | ၀ | ၀ | ၉ | ၀ | ၃ | ၀ | ၄ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၉ | တောင်ကြီး | ၂၁၃ | ၂ | ၂ | ၀ | ၀ | ၁ | ၂ | ၃၁ | ၂ | ၄ | ၁ | ၃ | ၉ | ၁၀ | ၁ |
| ၂၆၀ | ရပ်စောက် | ၂၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၁ | ကလော | ၉၆ | ၁ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၆၂ | ရွာငံ | ၄၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၆၃ | ပင်လောင်း | ၂၀ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၆၄ | လွိုင်လင် | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ဆီဆိုင် | ၁၆ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | ပင်းတယ | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၆၇ | ညောင်ရွှေ | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ |
| ၂၆၈ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၉ | ဟိုပုံး | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၉၈ | ၄ | ၃ | ၄ | ၀ | ၁ | ၁၂ | ၃၄ | ၅ | ၅ | ၁ | ၆ | ၁၂ | ၁၄ | ၂ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | မူဆယ် | ၅၅ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၇၈ | လားရှိုး | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၉ | နောင်ချို | ၃၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ |
| ၂၈၀ | ကျောက်မဲ | ၂၇ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၈၁ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | ကွတ်ခိုင် | ၉ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | သီပေါ | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၈၄ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | မိုးမိတ် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | နမ္မတူ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၂၁ | ၀ | ၁ | ၅ | ၄ | ၀ | ၄ | ၄ | ၀ | ၀ | ၀ | ၄ | ၂ | ၃ | ၀ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၄၉ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၄ | ၀ | ၂ | ၀ | ၁ | ၀ | ၃ | ၂ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၃ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၄ | ၀ | ၂ | ၀ | ၂ | ၀ | ၃ | ၂ |
| | စုစုပေါင်း | ၁၂၈၇၇၂ | ၇၅၈ | ၇၄၁ | ၆၀၆ | ၆၄၈ | ၆၂၀ | ၅၈၇ | ၈၉၀ | ၄၁၂ | ၅၇၄ | ၇၀၁ | ၅၉၀ | ၆၄၇ | ၅၉၆ | ၅၉၄ |

စာမျက်နှာ ၁၈ သို့

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား ၁၄၂ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ (ယာပုံ)

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၆ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အလားတူ ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၂၅ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသဘော်သားများ ဝန်ထမ်းများ အလှည့်ကျ ပြောင်းလဲခြင်းကော်မတီ (CCSC) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI)ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သဘော်ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

မှတ်ချက်။ – (၇–၁–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ်ရှိပြီဖြစ်ပါသည်။
– အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** လှည်းကူးမြို့နယ်မှ (၂) ဦးသည် တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် ၎င်းတို့အား အသွားအလာ ကန့်သတ်ထားရှိခြင်းကို တင်းကြပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၈-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၃၇၀၀၉ | ၁၃၁၄၃၃၁၇ | ၃၇၄၁၉၇ |
| ၂။ | အိန္ဒိယ | ၁၀၄၁၄၀၄၄ | ၁၀၀၃၇၃၉၈ | ၁၅၀၆၀၆ |
| ၃။ | ဘရာဇီး | ၇၉၆၁၆၇၃ | ၇၀၉၆၉၃၁ | ၂၀၀၄၉၈ |
| ၄။ | ရုရှား | ၃၃၅၅၇၉၄ | ၂၇၃၁၁၂၉ | ၆၀၉၁၁ |
| ၅။ | ဗြိတိန် | ၂၈၈၉၄၁၉ | ၁၃၆၄၈၂၁ | ၇၈၅၀၈ |
| ၆။ | ပြင်သစ် | ၂၇၂၇၃၂၁ | ၁၉၈၇၅၆ | ၆၆၈၄၁ |
| ၇။ | တူရကီ | ၂၂၉၆၁၀၂ | ၂၁၇၂၂၅၁ | ၂၂၂၆၄ |
| ၈။ | အီတလီ | ၂၂၂၀၃၆၁ | ၁၅၇၂၀၁၅ | ၇၇၂၉၁ |
| ၉။ | စပိန် | ၂၀၂၄၉၀၄ | စိစစ်ဆဲ | ၅၁၆၇၅ |
| ၁၀။ | ဂျာမနီ | ၁၈၇၁၁၀၅ | ၁၄၇၄၀၀၀ | ၃၉၃၂၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈– ၁ – ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၀၈၃၄၀ | ၆၆၆၈၈၃ | ၂၃၇၅၃ |
| ဖိလစ်ပိုင် | ၄၈၃၈၅၂ | ၄၄၉၃၃၀ | ၉၃၆၄ |
| မလေးရှား | ၁၃၁၁၀၈ | ၁၀၅၄၃၁ | ၅၃၇ |
| မြန်မာ | ၁၂၉၄၈၃ | ၁၁၂၈၇၆ | ၂၈၁၂ |
| စင်ကာပူ | ၅၈၈၃၆ | ၅၈၅၆၂ | ၂၉ |
| ထိုင်း | ၉၈၄၁ | ၅၂၅၅ | ၆၇ |
| ဗီယက်နမ် | ၁၅၁၂ | ၁၃၅၇ | ၃၅ |
| ကမ္ဘောဒီးယား | ၃၈၆ | ၃၆၂ | ၀ |
| ဘရူနိုင်း | ၁၇၃ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |


## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ဇန်နဝါရီလ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၉ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လောဘ၊ ဒေါသ၊ မောဟကြီးခြင်းသည် အသက်ကိုပင် ရန်ရှာခံရတတ်ကြောင်းကို ကလေးတို့ သင်ခန်းစာယူနိုင်ရန် ရေးဖွဲ့တင်ပြထားသည့် "ပေါ်ဆန်းနှင့် လောဘ၊ ဒေါသ၊ မောဟ" မျက်နှာဖုံးကာတွန်း၊ ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးနေ့အကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်စေရန် တင်ဆက်ထားသည့် "ကရင်နှစ်သစ်ကူးနေ့" သုတ ကဏ္ဍ၊ ကလေးတို့ ငယ်စဉ် စကားသင်စအရွယ်၌ မှားတတ်သည့် စကားအသုံးအနှုန်းများကို သတိပြုမိစေရန် ချစ်စဖွယ် တင်ဆက်ထားသည့် "ဖိုးလုံး–"ယူ" နှင့် "ချီ" " နှစ်မျက်နှာ ကာတွန်း၊ ရိုးသားဖြောင့်မှန်သူ၏ ရှက်ခြင်း၊ ကြောက်ခြင်းကြောင့် အန္တရာယ်မှ လွတ်မြောက်ရပုံ အကြောင်းကို ရေးသားတင်ဆက်ထားသည့် "ရှက်ခြင်း၊ ကြောက်ခြင်း အန္တရာယ်ကင်း" ပုံပြင်ကဏ္ဍ၊ ကလေးတို့ ဆော့ကစားရာတွင် မိမိတစ်ဦးတစ်ယောက်ပျော်ရွှင်ရန်အတွက်သာ အဓိကမထားဘဲ အခြားတစ်ယောက်အား ထိခိုက်မှုမရှိစေရန် သတိပြုကစားရမည် ဖြစ်ကြောင်းကို သင်ခန်းစာပေးဖော်ပြထားသည့် "ကလေးများနှင့် ဖားကလေးများ" ပုံပြင်ကဏ္ဍ၊ အသံကြောင့်ဖားသေဟူသည့် မြန်မာစကားပုံကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ကလေးတို့ သင်္ချာဉာဏ်စွမ်းရည် ထက်မြက်စေရန် ဖော်ပြပေးထားသည့် "ဝက်ဝံနဲ့ ပျားရည်အိုး" ဉာဏ်စမ်းသင်္ချာကဏ္ဍ၊ ကလေးတို့ ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်း၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




*✻ကျောဖုံးမှ*

ဆိုတာတော့မသိနိုင်ဘူး လောလောဆယ်တော့ သစ်သီးဈေးကွက်ကအလွန်ရှုပ်ထွေးနေတယ်" ဟု ကုန်သည်များက ပြောသည်။

လက်ရှိ ဖရဲသခွားပေါက်ဈေးမှာ ၈၅၅ အစီးပြတ် တရုတ်ငွေ ယွမ် ၁၀၀၀၀– ၃၀၀၀၀ ထိ၊ ထျန့်ဝမ်ဖရဲထိပ်စ တရုတ်ငွေ ယွမ် ၃၀၀၀ – ၅၀၀၀ ထိ (တစ်တန်)၊ အစေ့မဲ့ တရုတ်ငွေ ယွမ် ၂၀၀၀–၃၀၀၀ ထိ(တစ်တန်)၊ ရွှေသခွား ၂၀၀၀ – ၃၀၀၀ ထိ (တစ်တန်)၊ ပိုက်/ဝူခုံး ထိပ်စသီး တရုတ်ငွေ ယွမ် ၁၅၀၀–၂၅၀၀ ထိ (တစ်တန်) ရှိကြောင်း၊ မူဆယ်(၁၀၅) မိုင်ကို ဝင်ရောက်လာသည့် အသီးကားများ တရုတ်ဘက်ကို အကုန်ဝင်နိုင်ကြောင်း၊ လက်ရှိအနေအထားအရ အရောင်းအဝယ် အေးနေကြောင်း၊ အရောင်းအဝယ်ဈေးမှာ အသီးအရည်အသွေးပေါ်မူတည်၍ အချိန်နှင့်အမျှ ပြောင်းလဲမှုရှိကြောင်း သိရသည်။

အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင်သော သစ်သီးရောင်းဝယ်ကွင်းမှ အထွေထွေမန်နေဂျာ ဦးဝင်းတိုးက "ဖရဲသခွား ဈေးကျရတဲ့အကြောင်းရင်းက တရုတ်ဘက်မှာ နှင်းမုန်တိုင်းကျနေပါတယ်။ ကိုဗစ်–၁၉ ရောဂါအခြေအနေကလည်း ထပ်ပြီးကူးစက်မှုရှိနေတယ်။ တချို့နေရာတွေမှာ ဂိတ်တွေ ပိတ်ထားတယ်။ ဒါကြောင့် ကုန်စည်စီးဆင်းမှုက အေးလာသလို သစ်သီးရောင်းဝယ်မှုဈေးကွက်လည်း အေးသွားတယ်။ လက်ရှိမှာ ဈေးကွက်ကို ထိန်းသိမ်းတဲ့အနေနဲ့ အရှေ့မြောက်တံခါး သစ်သီးကွင်းမှာ သစ်သီးကားတွေကို ထိန်းပြီး စေလွှတ်ပေးနေပါတယ်။ လောလောဆယ်တော့ သစ်သီးကွင်းမှာ အစီးရေ ၅၀၀ လောက်ရှိနေပါတယ်" ဟု ပြောသည်။

**သန့်ဇင် (မူဆယ်)**

*❖ကျောဖုံးမှ*

လာပြီး ယနေ့နံနက် ၁၀ နာရီ ၈ မိနစ်တွင် မာန်အောင် စမုံတဲလေဆိပ်သို့ ဆင်းသက်ခဲ့သည်။

ယခုပျံသန်းပြေးဆွဲသောလေယာဉ်လက်မှတ်ဈေးနှုန်းများမှာ ရန်ကုန်–မာန်အောင် ကျပ် ၉၈၀၀၀ ၊ မာန်အောင်–ရန်ကုန် ကျပ် ၉၆၀၀၀ နှုန်းဖြင့်တစ်ပတ်လျှင်တစ်ရက် သောကြာနေ့တိုင်း ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး လေယာဉ်စီးမည့်ခရီးသည်များအနေဖြင့် လေယာဉ်စတင်မထွက်ခွာမီ ၃၆ နာရီအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသောနေရာများတွင် ကိုဗစ် – ၁၉ ရောဂါပိုးစစ်ဆေးခံယူကာ ရောဂါကင်းရှင်းကြောင်း လက်မှတ်တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်း မာန်အောင်အများပိုင်ကုမ္ပဏီမှ သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**







# ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းဈေးအတွင်း၌ လူသုံးဦးကို စကေဘာဖြင့် ထိုးသူကို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

ကော့ကရိတ်မြို့နယ် ကော့ဘိန်းဈေးအတွင်း၌ လူသုံးဦးကို စကေဘာဖြင့် ထိုးသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာနေ မချိုချိုပြုံးသည် ဇန်နဝါရီ ၇ ရက် နံနက် ၆ နာရီခွဲက ကော့ဘိန်းဈေးအတွင်းရှိ ကုန်စုံဆိုင်၌ ဈေးရောင်းနေစဉ် ကော့ကရွက်ကျေးရွာနေ နွေဦးက ဆိုင်ရှေ့တွင် ရောင်းချရန် ခင်းကျင်းထားသော ဆီဘူးကို ခွဲယူသဖြင့် ၎င်းက အော်လိုက်စဉ် နွေဦးမှာ ဆီဘူးကို ဆိုင်အတွင်းပစ်ပေါက်ကာ ထွက်သွားကြောင်း၊ ငါးမိနစ်ခန့် အကြာတွင် နွေဦးက မချိုချိုပြုံး၏ ဆိုင်ဘေးတွင် ဈေးရောင်းသူ ဒေါ်နွဲ့ကြည်၊ ဦးမင်းရန်ကင်းနှင့် ကိုဝင်းလှိုင်တို့ကို စကေဘာဖြင့် လိုက်ထိုး၍ ဒေါ်နွဲ့ကြည်ပါ သုံးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် အရေးယူပေးရန် ဒေါ်ချိုချိုပြုံးက တိုင်တန်းသဖြင့် နွေဦး ကို ကော့ဘိန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင်၏ ကြီးကြပ်မှုဖြင့် ကော့ဘိန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို လိုက်လံဖမ်းဆီးခဲ့ရာ နံနက် ၁၀ နာရီတွင် နွေဦးအား သက်သေခံ စကေဘာနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၃၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၆၅ ကျပ် | ၆၆၅/၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၈၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၂၅ ကျပ် | ၆၅၅/၆၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၀၅/၇၄၀ ကျပ် | ၇၈၀/၈၀၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၈ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၄ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၀၄ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၂ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၄၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၈၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၈၀၀ | ၁၀၁၄ | ၉၈၃၀၈၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၂၀၁၂ | ၇၅၂၈၁၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂ | ၁၆၂၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁ | ၂၂၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉၀ | ၂၅၂၀၀၀ |
| EFR | ၃၆၀၀ | ၃၆၅၀ | ၄၃၀ | ၁၅၄၉၅၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ (၁၉)

## မောင်ခင်မင် (ဓနုဖြူ)

"ဗုဒ္ဓဝင်ကိုအခြေခံပြီး ပေါ်ပေါက်လာတဲ့ မြန်မာစာပေအကြောင်းလဲ သိချင်ပါတယ်ဆရာ။ စိတ်ဝင်စားပါတယ်"

"ပြောခဲ့တဲ့အတိုင်း 'ဗုဒ္ဓဝင်' ဆိုတာ ပါဠိလို 'ဗုဒ္ဓဝံသ' ပေါ့။ ဘုရားဖြစ်တော်စဉ်ပေါ့။ ဗုဒ္ဓဝံသ ပါဠိတော်ရော၊ အဋ္ဌကထာရော၊ ဋီကာရောရှိတယ်။ ပိဋကတ်သမိုင်းစာအုပ်မှာ လေ့လာကြည့်ပေါ့"

"ဟုတ်ကဲ့ပါ"

"မြန်မာလိုရေးတဲ့ ဗုဒ္ဓဝင်စာပေအကြောင်း မပြောခင် ဗုဒ္ဓဝင်ဆိုတဲ့ အသုံးအကြောင်းအရင် ပြောရအုံးမယ်။ လိုရင်းပြောရရင်တော့ ဂေါတမ ဘုရားရှင် ဗုဒ္ဓဝင်ရယ်၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ရယ် ခွဲပြီး ပြောနိုင်တယ်"

"ဪ၊ ဟုတ်ကဲ့"

"ဂေါတမဗုဒ္ဓဝင်ဆိုတာက ဂေါတမဘုရားရှင်ရဲ့ နောက်ဆုံးဘဝ မယ်တော်မာယာရဲ့ဝမ်းမှာ သန္ဓေယူပြီး သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်ရာက- ဘုရားဖြစ်ပြီး နောက်ဆုံးပရိနိဗ္ဗာန်ပြုတဲ့အထိ ဘုရားရှင်ရဲ့ဘဝဖြစ်စဉ်ကို ပြောတာပါ"

"ဟုတ်ကဲ့"

"နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ဆိုတာက ဂေါတမ ဘုရားရှင်ဟာ ဒီပင်္ကရာဘုရားရှင်ထံမှာ သုမေဓာ ရသေ့ဘဝက ဘုရားဆုပန်ဗျာဒိတ်ခံတဲ့အကြောင်း ကစတယ်။ ဒါပေမဲ့ ဒီပင်္ကရာဘုရားရှင် မတိုင်ခင်ပွင့် တော်မူတဲ့ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဆိုတဲ့ ဘုရားရှင်သုံးဆူပါထည့်ပြီး ဂေါတမ ဘုရား ရှင်အထိ ဘုရား ၂၈ ဆူပေါ့။ နှစ်ကျိပ်ရှစ်ဆူလို့ ခေါ်ကြတယ်။ အဲဒီ နှစ်ကျိပ်ရှစ်ဆူရဲ့ ဘဝဖြစ်စဉ် တွေကို နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်လို့ ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ...ဒါပေမဲ့ ဂေါတမဘုရားရှင် မတိုင်ခင် ဘုရားရှင် ၂၇ ဆူရဲ့ ဘဝဖြစ်စဉ်တွေကိုတော့ အကျဉ်းပဲ ဖော်ပြလေ့ရှိတယ်။ ဘုရားရှင်ရဲ့ တိုင်းပြည်၊ မယ်တော်၊ ခမည်းတော်၊ ဒုက္ကရစရိယာ ကျင့်ရတဲ့ကာလ၊ ဘုရားဖြစ်တဲ့အခါ ပွင့်တော်မူ တဲ့ဗောဓိပင်၊ အသက်တော် စသည်ဖြင့်ပေါ့၊ အဲဒီ အချက်တွေပါတယ်။ ဂေါတမဗုဒ္ဓဝင်ကိုတော့ မင်း ဖတ်ဖူးတဲ့အတိုင်း အကျယ်တဝင့် ရေးလေ့ရှိတယ်"

"နားလည်ပါပြီ ဆရာ"

"နောက် စိတ်ဝင်စားစရာတစ်ခုက ရှေးခေတ် ကနေခုခေတ်အထိ ပေါ်ပေါက်တဲ့ မြန်မာဗုဒ္ဓဝင် ဝတ္ထုတွေ မနည်းတော့ဘူး။ အဲဒီဝတ္ထုတွေအားလုံး ဂေါတမဘုရားရှင်ရဲ့ ဖြစ်တော်စဉ်ကို ရေးတာ ဟုတ်ပေမဲ့ ပါဝင်တဲ့အကြောင်းအရာ အနည်း အများတို့၊ အစီအစဉ်တို့ ကွဲပြားမှုတွေရှိတယ်"

"ဟင်... ဘာဖြစ်လို့ပါလဲ ဆရာ"

"ဗုဒ္ဓဝင်ပါဠိတော်ကို ဘုရားရှင်ဟောကြား တာက ဘုရားဖြစ်တော်မူခါစမှာ ရှင်သာရိပုတ္တရာ တောင်းပန်လို့ ဟောကြားတာလေ။ ဒီတော့ ဗုဒ္ဓဝင်ပါဠိတော်မှာ ဘုရားဖြစ်တော်မူခါစ အကြောင်းတွေအထိပဲ ပါတာပေါ့"

"ဪ၊ ဟုတ်ကဲ့ပါ"

"ဒါပေမဲ့ တခြားစာပေတွေမှာလဲ ဘုရားရှင်ရဲ့ အကြောင်းတွေ ပါတယ်လေ။ ဇိနာလင်္ကာရ၊ ဇာတတ္ထကီ၊ သောတ္တတကီ စတဲ့ ကျမ်းတွေထင်ရှား တယ်။ ပိဋကတ်စာပေတွေထဲမှာ ဘုရားရှင် အကြောင်းတွေက ပျံ့နှံ့နေတာပေါ့။ ဗုဒ္ဓဝင်ပြုစုတဲ့ ဆရာတော်တွေ၊ ပညာရှင်တွေက ပိဋကတ်စာပေ တွေထဲက ဘုရားရှင်အကြောင်း ကောင်းနိုးရာရာ တွေ ကိုးကားပြီးပြုစုကြလို့ မြန်မာဗုဒ္ဓဝင်ကျမ်း တွေ အများအပြား ပေါ်ပေါက်လာတယ်"

"ပြောပြပါ ဆရာ"

"ခုအထိ အစောဆုံးတွေ့ရတဲ့ ဗုဒ္ဓဝင်ကတော့ ညောင်ရမ်းခေတ်မှာ ဓမ္မနန္ဒထေရ်ပြုစုတဲ့ တထာ ဂတုပ္ပတ္တိကျမ်းပဲ။ အရင်က ပေမူနဲ့ပဲရှိတယ်။ သိပ် မကြာခင်က ပန်းရွှေပြည်စာအုပ်တိုက်က ပုံနှိပ် ထုတ်ဝေထားတယ်"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတဲ့ ဗုဒ္ဓဝင်ကျမ်းတွေ ကုန်းဘောင် ခေတ်မှာ ဆက်ပြီးပေါ်ပေါက်တယ်။ သီရိသဒ္ဓမ္မာ ဘိလင်္ကာရထေရ် ပြုစုတဲ့ တထာဂတဉဒါနဒီပနီ၊ ပထမခုနဲဆရာတော် ပြုစုတဲ့ မဟာဗုဒ္ဓဝင်ဝတ္ထု၊ ဒုတိယမဲထီးဆရာတော်ပြုစုတဲ့ မာလာလင်္ကာရ ဝတ္ထု၊ ကျီးသဲလေးထပ်ဆရာတော် ပြုစုတဲ့ ဇိနတ္ထ ပကာသနီ စသည်ဖြင့်ပေါ့။ ကိုလိုနီခေတ်မှာလဲ ဗုဒ္ဓဝင်ကျမ်းတွေ ဆက်ပြီး ပေါ်ပေါက်သေးတယ်။ လွတ်လပ်ရေးရပြီးချိန်မှာ ထင်ရှားတာကတော့ ရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး ရေးသားတဲ့ မဟာဗုဒ္ဓဝင်ဝတ္ထုကြီးပါပဲ"

> **"ထင်ရှားတဲ့ ဗုဒ္ဓဝင်ကျမ်းတွေ ကုန်းဘောင်ခေတ်မှာ ဆက်ပြီး ပေါ်ပေါက်တယ်။ သီရိသဒ္ဓမ္မာ ဘိလင်္ကာရထေရ် ပြုစုတဲ့ တထာဂတဉဒါနဒီပနီ၊ ပထမခုနဲဆရာတော် ပြုစုတဲ့ မဟာဗုဒ္ဓဝင်ဝတ္ထု၊ ဒုတိယမဲထီးဆရာတော်ပြုစုတဲ့ မာလာလင်္ကာရ ဝတ္ထု၊ ကျီးသဲလေးထပ်ဆရာတော် ပြုစုတဲ့ ဇိနတ္ထပကာသနီစသည်ဖြင့်ပေါ့။ ကိုလိုနီခေတ်မှာလဲ ဗုဒ္ဓဝင်ကျမ်းတွေ ဆက်ပြီး ပေါ်ပေါက်သေးတယ်။ လွတ်လပ်ရေးရပြီးချိန်မှာ ထင်ရှားတာကတော့ ရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး ရေးသားတဲ့ မဟာဗုဒ္ဓဝင်ဝတ္ထုကြီးပါပဲ"**

"ဟုတ်ကဲ့၊ ဆရာတော်ကြီးရဲ့ ဗုဒ္ဓဝင်ဝတ္ထုကြီး က ဘုရားရှင်အကြောင်း အပြည့်စုံဆုံးရေးထားတာ လို့ ကြားဖူးပါတယ် ဆရာ"

"ဗုဒ္ဓဝင်အကြောင်းပြောရင်း ဗုဒ္ဓဝင်ဝတ္ထု အမျိုးမျိုးအကြောင်း ရောက်သွားတာပါ။ အစပြန် ကောက်ရရင် ဗုဒ္ဓဝင်ဟာလဲ ဇာတကလိုပဲ ပုဂံခေတ် ကတည်းက မင်စာနဲ့ရေးတဲ့ ဗုဒ္ဓဝင်တွေရှိတယ်"

"ပြောပြပါ ဆရာ"

"အစောပိုင်းမှာတော့ ပါဠိဘာသာနဲ့ရေးတဲ့ ဗုဒ္ဓဝင်မင်စာတွေပေါ့။ ဂူဘုရားတွေရဲ့ အတွင်းနံရံ တွေမှာ ရေးဆွဲထားတဲ့ ပန်းချီပုံတွေကို ညွှန်းတဲ့ ပုံအညွှန်းစာတွေပေါ့ကွယ်"

"နောက်ပိုင်းမှာ မြန်မာလိုရေးတဲ့ ဗုဒ္ဓဝင် မင်စာတွေရှိမှာပေါ့နော် ဆရာ"

"ရှိပါတယ်။ ပုဂံ ဝိနည်းမိုရ်ဘုရားမင်စာကို ဆရာကြီးဦးဖေမောင်တင်နဲ့ ဆရာကြီးဂျီအိပ်ချ် လုစ်တို့ ပြုစုတဲ့ ပုဂံကျောက်စာ ညွှန့်ပေါင်းစာအုပ် ထဲမှာ ထည့်ထားတာ ဆရာတို့ ကျောင်းသားဘဝ ကတည်းက လေ့လာရတာပေါ့"

"နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ရောပါသလား ဆရာ"

"နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ကိုတော့ ဘယ်ဘုရား ရှင်က ဘယ်ဗောဓိပင်မှာ ပွင့်တယ်ဆိုတာလောက်ပဲ အကျဉ်းချုပ် ရေးထားတယ်။ ဂေါတမဘုရားရှင်ရဲ့ ဗုဒ္ဓဝင်ကိုတော့ ဘုရားလောင်း မယ်တော်မာယာ ဝမ်းမှာ သန္ဓေယူတာကစပြီး နောက်ဆုံးဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် ပထမသင်္ဂါယနာတင်တဲ့ အထိ ရေးထားတယ်။ တော်တော်ပြည့်ပြည့်စုံစုံပဲ"

"ဟုတ်ကဲ့ပါ"

"အင်းဝခေတ်မှာ ဗုဒ္ဓဝင်ပျို့တွေစပြီး ပေါ် ပေါက်လာတာပေါ့။ ရှင်မဟာသီလဝံသရဲ့ ပါရမီ တော်ခန်းပျို့နဲ့ ဆုတောင်းခန်းပျို့ဟာ ဗုဒ္ဓဝင် အဋ္ဌကထာကို အခြေခံပြီး ပျို့ဖွဲ့ထားတာပေါ့"

"ဪ - ဟုတ်ကဲ့ပါ"

"တစ်ခုတော့ရှိတာပေါ့။ အဲဒီပျို့တွေမှာ သုမေဓာ ဘုရားဆုပန်တဲ့အကြောင်းနဲ့ ပါရမီ ဆယ်ပါးကို ဆင်ခြင်တဲ့အကြောင်းတွေ ဖွဲ့ထား တာဆိုတော့ ဓမ္မကြောင်းတွေကို ပဓာနထားပြီး ဖွဲ့တာပေါ့။ ဇာတ်လမ်းက ပဓာနမဟုတ်ဘူးလေ"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"နောက်ပိုင်းမှာလဲ ဗုဒ္ဓဝင်ပျို့တွေ ပေါ်ပေါက် တယ်။ ဇာတကပျို့လောက်တော့ မများဘူး။ ရှင်တေဇောသာရရဲ့ ပြာဋိဟာခန်းပျို့တို့၊ ရှင်စန္ဒ မဉ္ဇူရဲ့ ယသောဓရာကန်တော့ခန်းပျို့တို့ ထင်ရှား တယ်"

"ဆရာ ဗုဒ္ဓဝင်ပြဇာတ်လဲရှိတယ်နော်"

"အေး၊ ကိုလိုနီခေတ်က ဆင်ဖြူကျွန်း ဆရာသင် ရေးတဲ့ ဗုဒ္ဓဝင်ပြဇာတ်ဆိုတာ ထင်ရှား တာပေါ့ကွယ်။ အရေးအဖွဲ့လဲ ကောင်းတယ်။ သတိရလို့ ပြောရအုံးမယ်။ ဆရာသင်က ဗုဒ္ဓဝင် ပြဇာတ်မှာ မူလဝတ္ထုမှာမပါတဲ့ ဇာတ်ဆောင် တစ်ယောက် ထည့်ထားတယ်ကွဲ့။ ဘဂဆိုတဲ့ အမတ်ပေါ့"

"ဪ...ဟုတ်ကဲ့"

"ဘုရားလောင်းလေးတင်ခန်းမှာ သိဒ္ဓတ္ထ မင်းသားက လေးတင်တဲ့အခါ လေးအတတ်အမျိုး မျိုးပြတယ် မဟုတ်လား။ အဲဒီအခါမှာ ပရိသတ် အားလုံး အံ့သြချီးကျူးကြတော့ ကာဠုဒါယီ အမတ်နဲ့ ဘဂအမတ်က မဏ္ဍပ်ကိုပတ်ပြီး သံချပ် ထိုးရင်း ကကြတဲ့ အခန်းပါတယ်။ တို့အရှင်သခင် မင်းသားကို နှယ်နှယ်ရရ မှတ်လို့လားဆိုတဲ့ အဓိပ္ပာယ်နဲ့ပေါ့"

"ဪ..."

"မူလဝတ္ထုမှာ မပါပေမဲ့ ပြဇာတ်မှာ အဲဒီဘဂ အမတ်ကိုထည့်လိုက်တော့ ဇာတ်ကပိုသွက်ပြီး အသက်ဝင်တာပေါ့ကွယ်။ အဲဒီ ဘဂအမတ်ကို သဘောကျလို့ ရွှေမန်းတင်မောင်ရဲ့ လေးတော် တင်ခန်းဇာတ်မှာလဲ ဘဂအမတ်ကြီးကို ဇာတ် ဆောင်တစ်ယောက်အဖြစ် ထည့်ထားတယ်လေ။ ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ဇာတ်ထုပ်ဓာတ်ပြား တွေ နားထောင်ဖူးရင် သိမှာပေါ့"

"နားထောင်ဖူးပါတယ် ဆရာ။ ဘဂအမတ် ကြီးက အပြောအဆိုသိပ်ကောင်းပါတယ်"

"အေး၊ ဝတ္ထုတွေ၊ ပြဇာတ်တွေလိုပဲ ရှေး သီချင်းကြီးတွေထဲမှာ တောထွက်ခန်းယိုးဒယား ဆိုတာ ဘုရားလောင်းတောထွက်တဲ့အကြောင်း ဖွဲ့ထားတာ။ 'သန်းခေါင်လယ် သန်းခေါင်လယ် ထွက်တော်မူ နန်းကခွာတယ်' ဆိုတဲ့ အဖွဲ့ကလေး ပါတယ်လေ"။ ။


# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## ကိုဗစ် - ၁၉ ကန့်သတ်မှုစည်းကမ်းများ ချိုးဖောက်သည်ဟူသည့် စွပ်စွဲချက်ကို ပရီယန်ကာချိုပရာ ငြင်းဆို

ရုပ်ရှင်မင်းသမီးပရီယန်ကာချိုပရာဟာ ယူကေမှာနေထိုင်စဉ်အတွင်း ကိုဗစ် - ၁၉ ကန့်သတ်ချက်စည်းကမ်းတွေကို ချိုးဖောက်ပြီး အလှပြင်ဆိုင်ကို သွားခဲ့ တယ်ဆိုတဲ့ စွပ်စွဲချက်တွေပေါ်ပေါက်လာပြီးတဲ့နောက် ၎င်းပြောရေးဆိုခွင့်ရှိသူက အဲဒီသတင်းနဲ့ ပတ်သက်ပြီး ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ ပရီယန်ကာဟာ အလှပြင်ဆိုင်သွားဖို့အတွက် တရားဝင်စာတင်ပြီးမှ သွားခဲ့တာလို့ ပြန်လည် တုံ့ပြန်ခဲ့ပါတယ်။

မကြာခင်မှာရိုက်ကူးမယ့် Text For You ရုပ်ရှင်ကားအတွက် ဆံပင်အရောင် ဆိုးဖို့ လိုအပ်နေတဲ့အတွက် အလှပြင်ဆိုင်သွားခဲ့တာပါလို့ ပြန်လည်ရှင်းလင်းခဲ့ ပါတယ်။ Text For You ဇာတ်ကားကိုတော့ လတ်တလောလန်ဒန်မှာ ရိုက်ကူးနေ တာပဲဖြစ်ပါတယ်။ ယူကေမှာ ဇာတ်ကားရိုက်ကူးရေးအတွက် ခွင့်ပြုချက်ရထားပြီး အစိုးရရဲ့ညွှန်ကြားမှုတွေအောက်ကပဲ လိုက်နာခဲ့တာပါလို့ ပြောကြားခဲ့ပါတယ်။ ပရီယန်ကာချိုပရာဟာ အလှပြင်ဆိုင်ကို မိခင်နဲ့အတူ ဇန်နဝါရီ ၆ ရက် နံနက် ၄ နာရီ ၅၅ မိနစ်မှာ လာရောက်ခဲ့တာဖြစ်ပြီး ယူကေမှာတော့ ကိုဗစ်-၁၉ ထိန်းချုပ် နိုင်ရေးအတွက် အပြည့်အဝ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ထား တာပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ စည်းကမ်းချက်တွေအရ အလှပြင်ဆိုင်တွေကို ပိတ်ထားရပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



ရုပ်ရှင်မင်းသမီး ပရီယန်ကာချိုပရာ။

## Britain's Got Talent ပြိုင်ပွဲ ရိုက်ကူးရေးဖျက်သိမ်းခဲ့ရ

လတ်တလောမှာ ကိုဗစ် - ၁၉ ကူးစက်မှုအန္တရာယ်ကြောင့် အသွားအလာပိတ်ဆို့ ကန့်သတ်မှုတွေ ပိုတိုးထားတဲ့အတွက် Britain's Got Talent ရိုက်ကူးထုတ်လုပ် ရေးကို ဖျက်သိမ်းလိုက်ရတယ်လို့ သိရပါတယ်။

ယခုလနှောင်းပိုင်း လန်ဒန်မှာ ရိုက်ကူးရေးပြုလုပ်ဖို့ စီစဉ်ခဲ့ပေမယ့် ကိုဗစ်- ၁၉ ကူးစက်မှုတွေ တဖြည်းဖြည်း များပြားလာတဲ့အတွက် အိုင်တီဗွီအနေနဲ့ ရိုက်ကူးရေးကို ဖျက်သိမ်းလိုက်ဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ ဇန်နဝါရီလ နှောင်းပိုင်းမှာ (၁၅) ကြိမ်မြောက် Britain's Got Talent ရိုက်ကူးရေးပြုလုပ်ဖို့ ရက်သတ်မှတ်ထားပေမယ့် အဲဒီအစီအစဉ်ကို ရက်ရွှေ့ဆိုင်းလိုက်ပြီလို့ အိုင်တီဗွီ က ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

Britain's Got Talent တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်မှုအစီအစဉ်ကို ဧပြီလ မှာစပြီး မေလမှာပြီးဆုံးလေ့ရှိပါတယ်။ အခုတော့ ရိုက်ကူးရေးတွေ နှောင့်နှေး ကုန်တာဖြစ်တဲ့အတွက် ပြသမယ့်ရက်တွေလည်း ပြောင်းလဲသွားမှာပါ။ စွမ်းရည် ကိုပြသတဲ့ ပြိုင်ပွဲကြီးမှာ လာရောက်ကြည့်ရှုသူပရိသတ် ၁၀၀ ကျော်ရှိပြီး ဒီလူတွေကို ကိုဗစ် - ၁၉ စည်းကမ်းချက်နဲ့အညီ ထိန်းသိမ်းသွားဖို့ဆိုတာ မလွယ်ကူလှပါဘူး။

**စကိုင်းနယူး**



# COVID - 19 ကပ်ရောဂါ၏ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍအပေါ် ထိခိုက်မှုများနှင့် လတ်တလောဖြေရှင်းမှုများအပါအဝင် ငါးစားသုံးမှုမြှင့်တင်ရေး

ဒေါက်တာအောင်နိုင်ဦး(ငါးလုပ်ငန်းဦးစီးဌာန)

*ယမန်နေ့မှအဆက်*

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍအပေါ်စီးပွားရေးထိခိုက်မှုများ ပြန်လည်ထူထောင်ရေးအစီအစဉ်များအနေဖြင့် COVID -19 Economic Relief Plan (CERP) ပါ Action Plan အရ COVID-19 ကာလအတွင်း ငါးမွေးမြူရေးကဏ္ဍအပေါ် ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရန်နှင့်အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ ငါးမွေးတောင်သူဦးရေ ၁၁၀၃၁ ဦး၊ ငါးမွေးကန်ဧက ၁၅၀၀၀၀ ၊ ငါးသားပေါက်ကောင်ရေ ၂၇၉၀ ဒသမ ၇၁ သိန်းကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ငါးဖမ်းဆီးခြင်းလုပ်ငန်းအား အထောက်အပံ့ဖြစ်စေရေးအတွက် “ပင်လယ်ငါးဖမ်းရေယာဉ်ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး (Safety at Sea) သင်တန်း”အား ငါးမဖမ်းရကာလဖြစ်သည့် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ကမ်းရိုးတန်းဒေသများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် သင်တန်းစုစုပေါင်းအကြိမ် ၃၀ နှင့် သင်တန်းသားစုစုပေါင်း ၁၂၆၈ ဦးတို့အား သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများ ချေးငွေသတ်မှတ်ချက်များနှင့်အညီ SME ချေးငွေရရှိရေးအတွက် ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။

ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် အများပြည်သူများသည် မိမိတို့အိမ်အတွင်း၌ နေထိုင်ကြရသဖြင့် စားသုံးသောအစားအစာများမှ အာဟာရဓာတ်မျှတစွာရရှိရေး ဂရုပြုစားသောက်ကြရပြီး ငါးစားသုံးပေးခြင်းဖြင့်လည်း ငါးအာဟာရတွင်ပါဝင်သော အထူးသဖြင့် ဗီတာမင်- ဒီနှင့် ဇင့်ဓာတ်ကိုရရှိ၍ ရောဂါပိုးများခုခံကာကွယ်ရန် ကိုယ်ခံစွမ်းအားကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ငါးရိက္ခာသည် အများပြည်သူဈေးနှုန်းသင့်တင့်စွာဖြင့် မြန်မာနိုင်ငံ၏ ဒေသအများစုမှာ လက်လှမ်းမီနိုင်သော စားသောက်ကုန်ဖြစ်ပါသည်။ များမကြာသေးမီနှစ်များမှာ ရရှိခဲ့သော သတင်းအချက်အလက်များအရ ငါးစားသုံးမှုအနေဖြင့် မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်း၊ မြေနိမ့်ပိုင်းနှင့် အနောက်ဘက်ပိုင်းဒေသများမှာ အမြင့်ဆုံးဖြစ်ပြီး လူတစ်ဦးချင်းတစ်နှစ်လျှင် ငါးစားသုံးမှုမှာ ၁၉ ဒသမ ၄ ကီလိုဂရမ်မှ ၂၅ ဒသမ ၁ ကီလိုဂရမ်အထိ ရှိပါသည်။ ငါးစားသုံးမှုအနိမ့်ဆုံးဒေသများကတော့ အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့ဖြစ်ပြီး လူတစ်ဦးကို တစ်နှစ်လျှင် ပျမ်းမျှ ၈ ဒသမ ၅ ကီလိုဂရမ် စားသုံးကြပါသည်။ ငါးစားသုံးမှုပုံစံအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ငါးခြောက်နှင့် အေးခဲပြုပြင်ထားသည့် ငါးများကို စားသုံးခြင်းက အမြင့်ဆုံးဖြစ်ပြီး ငါးစားသုံးမှု စုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းရှိပါသည်။ ငါးလတ်လတ်ဆတ်ဆတ်စားသုံးမှုအနေဖြင့် ရေချိုငါးဖမ်းလုပ်ငန်းမှ ငါးစားသုံးမှုသည် ငါးစားသုံးမှုစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်းရှိပြီး ငါးမွေးမြူရေးလုပ်ငန်းမှ ၂၁ ရာခိုင်နှုန်းနှင့် ရေငန်ငါးဖမ်းလုပ်ငန်းမှ ၁၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။ ငါးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသော ငါးထုတ်ကုန်များစားသုံးမှုသည် မြေနိမ့်ပိုင်းဒေသတွင် အများဆုံးဖြစ်ပြီး လူတစ်ဦးချင်းအနေဖြင့် တစ်နှစ်ကို ၅ ဒသမ ၅ ကီလိုဂရမ် စားသုံးကြောင်း လေ့လာသိရှိရပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ၈-၅-၂၀၂၀ ရက်နေ့ ၁၆:၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့သည့် Coronavirus Disease (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး၏ ကြိုတင်ကောက်နုတ်ချက်လမ်းညွှန်ချက်များမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ငါးစားသုံးခြင်းသည် ကျန်းမာရေး (အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး)အတွက် အကျိုးရှိကြောင်း ပြည်သူများသိရှိစေရေး လှုံ့ဆော်ဆောင်ရွက်ရေးအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနသည်



ငါးဖမ်းဆီးခြင်းလုပ်ငန်းအား အထောက်အပံ့ဖြစ်စေရေးအတွက် “ပင်လယ်ငါးဖမ်း ရေယာဉ်ရေလုပ်သားများအား လုပ်ငန်းခွင်ကျန်းမာရေးနှင့်အသက်အန္တရာယ်ကင်းရှင်းရေး (Safety at Sea) သင်တန်းဖွင့်လှစ် သင်ကြားပေးစဉ်။

**“ များမကြာသေးမီနှစ်များမှာရရှိခဲ့သော သတင်းအချက်အလက်များအရ ငါးစားသုံးမှုအနေဖြင့် မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်း၊ မြေနိမ့်ပိုင်းနှင့် အနောက်ဘက်ပိုင်းဒေသများမှာ အမြင့်ဆုံးဖြစ်ပြီး လူတစ်ဦးချင်းတစ်နှစ်လျှင် ငါးစားသုံးမှုမှာ ၁၉ ဒသမ ၄ ကီလိုဂရမ်မှ ၂၅ ဒသမ ၁ ကီလိုဂရမ်အထိ ရှိပါသည်။ ငါးစားသုံးမှုအနိမ့်ဆုံးဒေသများကတော့ အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့ဖြစ်ပြီး လူတစ်ဦးကို တစ်နှစ်လျှင် ပျမ်းမျှ ၈ ဒသမ ၅ ကီလိုဂရမ် စားသုံး”**

အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ ပြုစုပြင်ဆင်ပြီး ဖြန့်ဝေအသိပေးခြင်းဆောင်ရွက်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနနှင့် GIZ တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ့ရေသတ္တဝါမွေးမြူရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်စီမံကိန်း (Myanmar Sustainable Aquaculture Programme-MYSAP) မှ ဆောင်ရွက်လျက်ရှိသည့် အာဟာရပညာပေးလုပ်ငန်းရပ်များနှင့်ဆက်စပ်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ငါးစားသုံးခြင်းသည်ကျန်းမာရေး (အထူးသဖြင့်ကိုယ်ခံအားကောင်းမွန်ရေး)အတွက် အကျိုးရှိကြောင်းပြည်သူများသိရှိစေရေး ဗီဒီယိုရိုက်ကူး၍ ထုတ်လွှင့်ခဲ့ပါသည်။

CESD မှ စီးပွားရေးပညာရှင်ဖြစ်သူ ဒေါက်တာဇော်ဦးက MYSAP စီမံကိန်းအစီအစဉ်ဖြင့် ငါးမွေးမြူရေးကဏ္ဍအပေါ် ကိုဗစ် - ၁၉ ရောဂါ၏ သက်ရောက်မှုအပိုင်းကို အကဲဖြတ်မှုနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်လမှ ဩဂုတ်လအတွင်း အသေးစား၊ အလတ်စားနှင့် အကြီးစားငါးမွေးတောင်သူများနှင့် အကဲဖြတ်မှုများဆောင်ရွက်ခဲ့ရာ တွေ့ရှိချက်များအနေဖြင့် ထုတ်လုပ်မှုပမာဏသည်လည်း ဝယ်လိုအားကျဆင်းမှုကြောင့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားခြင်း၊ ၆၀ ရာခိုင်နှုန်းနီးပါးရှိသော လုပ်ငန်းရှင်အများစုသည် ထုတ်လုပ်မှုပမာဏ လျော့ကျခြင်းနှင့်ကြုံတွေ့ခဲ့ရခြင်း၊ ကိုဗစ်-၁၉ ရောဂါမဖြစ်ခင်ကာလများနှင့်နှိုင်းယှဉ်လျှင် သွင်းအားစုများရရှိခြင်း၊ ဈေးကွက်အတွင်းဝင်ရောက်နိုင်ခြင်း၊ ကြွေးမြီများရရှိခြင်းစသည့် အပိုင်းများတွင် ကြန့်ကြာမှုများ မကြာခဏကြုံတွေ့ရခြင်း၊ အလတ်စားနှင့် အကြီးစားလုပ်ငန်းရှင်များမှာ အသေးစားလုပ်ငန်းရှင်များထက် ပိုမိုခံစားခဲ့ရခြင်း၊ လုပ်ငန်းရှင်များအကြား ငွေကြေးဆုံးရှုံးမှုမှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နေသည်ကိုတွေ့ရခြင်း၊ ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို များစွာခံရသော်လည်း ငါးမွေးမြူရေးလုပ်ငန်းကွင်းဆက်၏ တန်ဖိုးမှာ ကြံ့ကြံ့ခံတည်တံ့နေသည်ကို တွေ့ရှိရခြင်း၊ အရေးအကြီးဆုံးစိန်ခေါ်မှုမှာ ဈေးမရခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး စိန်ခေါ်မှုများရှိခြင်း၊ ဈေးနှုန်းနိမ့်ကျခြင်းနှင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ငါးမွေးမြူသူများ၏ ဘဏ္ဍာရေးအခြေအနေသည် တည်ငြိမ်မှုမရှိဘဲငွေကြေးစီးဆင်းမှုနှေးကွေးခြင်း နေအိမ်ပြင်ပမထွက်ရခြင်းနှင့် ခရီးသွားလာမှုတားမြစ်ထားခြင်းတို့ကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများ၏ အခြေအနေကို ပိုမိုဆိုးရွားလာခြင်း၊ ထုတ်ကုန်များ မရောင်းချရခြင်းကြောင့် စုပုံလာခြင်း၊ အအေးခန်းသိုလှောင်ရုံများသည်လည်း စွမ်းဆောင်ရည်ပြည့်ဝစွာ မလည်ပတ်နိုင်ခြင်းတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ငါးဖမ်းဆီးထုတ်လုပ်ခြင်းလုပ်ငန်း၌လည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့မှစတင်ပြီး ငါးမဖမ်းရရာသီပိတ်သိမ်းကာလကျော်လွန်၍ ပင်လယ်ပြင်ငါးဖမ်းဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြသော်လည်း များမကြာသေးမီကာလက မြန်မာ့ပင်လယ်ရေထွက်ကုန်များ အားထားတင်ပို့နေသည့် ထိုင်းနိုင်ငံ မဟာချိုင် ငါးဈေး၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးရေးအစီအမံများကြောင့် ပြည်ပတင်ပို့မှုများ ထိခိုက်ခဲ့ရပါသည်။ ပြည်တွင်းဈေးကွက်အနေဖြင့်လည်း ကိုဗစ် - ၁၉ ရောဂါ ဒုတိယလှိုင်းကာလအတွင်း မန္တလေးမြို့ ငါးဈေး၌ ရောဂါဖြစ်ပွားမှုများ တွေ့ရှိခဲ့သဖြင့် ရောဂါပြန့်ပွားမှုကာကွယ်ရေးအစီအစဉ်အနေဖြင့် ဈေးပိတ်သိမ်းခြင်းများ လုပ်ဆောင်ခဲ့မှုအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် Stay at home အစီအစဉ်များ လုပ်ဆောင်ခဲ့သောကြောင့် မြန်မာနိုင်ငံမှ ငါးများပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုများ ကျဆင်းခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးအာဟာရစားသုံးမှုမြှင့်တင်ရေးလုပ်ငန်းများအနေဖြင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် MYSAP စီမံကိန်းတို့မှ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် MYSAP စီမံကိန်းအစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော အာဟာရပညာပေးအစီအစဉ်များတွင် ငါးစားသုံးမှုကို ဦးတည်အုပ်စုများအကြား မြှင့်တင်ရန်ဆောင်ရွက်ခြင်း၊ ငါးစားသုံးမှုမြှင့်တင်ခြင်း ပညာပေးအခမ်းအနားများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ အစာအုပ်စုမျိုးစုံ စားသုံးရန်ပညာပေးခြင်း၊ အထူးသဖြင့် ငါးသည်ကိုယ်ခန္ဓာတည်ဆောက်သောအစာအုပ်စုများအကြား အာဟာရမျိုးစုံပါဝင်၍ ဘေးကင်းသော အစာအာဟာရဖြစ်ကြောင်း ဂိမ်းကစားခြင်းများဖြင့်ပညာပေးခြင်း၊ အာဟာရဆိုင်ရာ ပညာပေးသရုပ်ဖော်ပြဇာတ်တင်ဆက်ကပြခြင်း၊ ငါးဟင်းချက်သရုပ်ပြသခြင်း၊ အထူးသဖြင့်ငါးဖြင့် ဖြည့်စွက်အာဟာရချက်ပြုတ်ပုံကိုတင်ဆက်ခြင်း၊ မြွေလှေကားဂိမ်းနှင့် ဈေးဝယ်ပြိုင်ပွဲဂိမ်းကစားခြင်းနှင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းခြင်းတို့တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ကျိုင်းတုံ၊ ပင်လောင်း၊ ရွှေဘို၊ ကလေး၊ အမရပူရ၊ ပုသိမ်နှင့် ရန်ကုန်မြို့တို့မှာ ငါးအာဟာရဆိုင်ရာ အသိပညာပေးပွဲများ ပြုလုပ်ပေးခဲ့ပြီး ငါးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် စီမံကိန်းဒေသများအပြင် အခြားသောဒေသများ၌ ငါးအာဟာရဆိုင်ရာ အသိပညာပေးခြင်းအနေဖြင့် “ငါးစားခရီးဆက်ဘဝတစ်သက်” အာဟာရအသိပညာပေးရုပ်ပြကာတွန်းကို ပိုမိုဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ရေထွက်ကုန်ပစ္စည်းများ ပြုပြင်ထုပ်ပိုးခြင်းဆိုင်ရာနည်းပညာပေးခြင်းအနေဖြင့် ငါးခြောက်၊ ပုစွန်ခြောက်များပြုလုပ်ခြင်း၊ ငါးပိ၊ ပုစွန်ငါးပိများပြုလုပ်ခြင်း၊ ငါးငံပြာရည်ပြုလုပ်ခြင်း၊ ငါးချဉ်ပြုလုပ်ခြင်း၊ ငါးအသားလုံး၊ ငါးအူချောင်းများပြုလုပ်ခြင်း စသည်တို့ကို အစားအစာဘေးအန္တရာယ်ကင်းစေရေးနှင့် အရည်အသွေးကောင်းများထုတ်လုပ်နိုင်ရန် နည်းပညာပေးလျက်ရှိသည့်အပြင် ပြည်တွင်း/ ပြည်ပဈေးကွက်များအတွက် တင်ပို့မည့် မြန်မာ့ရေထွက်ကုန်များ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များဖြစ်ရေးကိုလည်း ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုအနေဖြင့် Border Trade စစ်ဆေးရေးစခန်းများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ ရေထွက်ပစ္စည်းတင်ပို့မှု တန်ချိန် ၁၂၀၇၆၃ ဒသမ ၅၉၉ မက်ထရစ်တန်နှင့် တန်ဖိုး ၁၂၃ ဒသမ ၁၇၆ ဒေါ်လာသန်းတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် နှိုင်းယှဉ်လျှင် တန်ချိန် ၂၅၂၈၂ ဒသမ ၁၁၁ နှင့် တန်ဖိုး ၃၂ ဒသမ ၂၀၁ ဒေါ်လာသန်း လျော့နည်းတင်ပို့ခဲ့ပါသည်။ ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့နေသော စစ်ဆေးရေးစခန်းများဖြစ်သည့် ကော့သောင်း၊ မြဝတီ၊ ထီးခီးနှင့် မောတောင်စစ်ဆေးရေးစခန်းတို့သည် ကာလတူနှင့် နှိုင်းယှဉ်ရလျှင် တန်ချိန်နှင့် တန်ဖိုးများ တိုးတက်တင်ပို့နိုင်ခဲ့ပြီး မြိတ်စစ်ဆေးရေးစခန်းတစ်ခုသာလျှင် တန်ချိန်နှင့် တန်ဖိုးများကျဆင်းခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယတို့သို့ ရေထွက်ပစ္စည်းတင်ပို့သော စစ်ဆေးရေးစခန်းများဖြစ်သည့် စစ်တွေ၊ မောင်တော၊ တမူးနှင့် ရိဒ်စစ်ဆေးရေးစခန်းတို့သည် ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ဘက်ခြမ်းမှ ကုန်သွယ်မှုများရပ်ဆိုင်းထားခြင်းကြောင့် ရေထွက်ပစ္စည်းတင်ပို့မှု လုံးဝရပ်ဆိုင်းကာ ကာလတူထက် တန်ချိန်နှင့်တန်ဖိုးများလျော့နည်းကျဆင်းခဲ့ပါသည်။ တရုတ်နိုင်ငံသို့တင်ပို့သော စစ်ဆေးရေးစခန်းများဖြစ်သည့် မူဆယ်နှင့် ချင်းရွှေဟော်စစ်ဆေးရေးစခန်းများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း တရုတ်နိုင်ငံဘက်ခြမ်းမှ ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းများကြောင့် ရေငန်ငါး/ ပုစွန်မျိုးစုံ (Chilled Type/ Frozen Type)များမှာ တင်ပို့မှုများ လုံးဝရပ်နားထားရခြင်းနှင့် ရေထွက်ပစ္စည်းအရှင်များဖြစ်သည့် ကဏန်း၊ ငါးရှဉ့်နှင့် ခရု တင်ပို့မှုများကိုလည်း ရံဖန်ရံခါပိတ်ပင်မှုများကြောင့် တန်ချိန်နှင့် တန်ဖိုးများ သိသာစွာလျော့နည်းခဲ့ပါသည်။

သို့ဖြစ်၍ ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးအတွက် အက်ဖ်အေအို၏ အကြံပြုချက်ဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍအပေါ် ထိခိုက်မှုများကို လိုက်ပါပြောင်းလဲ လုပ်ဆောင်ချက် မဟာဗျူဟာတစ်ရပ်ဖြစ်သည့် ပြည်ပဈေးကွက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ပြီး ထုတ်လုပ်နိုင်စွမ်း၊ အရည်အသွေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရေးစံနှုန်းများကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် ပြည်တွင်းဈေးကွက် ခိုင်မာအားကောင်းလာစေခြင်း၊ ဒေသ၏စားသုံးသူများ ဝယ်ယူစားသုံးမှု တတ်နိုင်စေရန် ဆောင်ရွက်ပေးခြင်းနှင့် ဈေးကွက်လမ်းကြောင်းများနှင့် ထုတ်ကုန်အမျိုးအမည်စုံလင်စေရေးတို့ကို ဆောင်ရွက်စေခြင်းအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ မွေးမြူ ဖမ်းဆီးထုတ်လုပ်သော ရေချို/ရေငန်ငါးပုစွန် ရေထွက်ကုန်ပစ္စည်းများ ပြည်တွင်းရှိ အများပြည်သူများ လွယ်လင့်တကူ စားသုံးနိုင်ရေးအတွက် ထုတ်လုပ်သူများနှင့် သမဝါယမဦးစီးဌာနတို့ ချိတ်ဆက်ပြီး ဖြန့်ဖြူးရောင်းချနိုင်ရေး အစီအစဉ်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းကောင်းပေး တင်ပြလိုက်ပါသည်။ ။

## အထူးဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်မှ ဖော်ပြပါ ဆရာတော်ကြီး(၃)ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ဖြင့် **ဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းအတွက် တာမွေမြို့နယ် ၊ ဥပထမ္ဘက အဖွဲ့မှ အထူးဂုဏ်ယူဝမ်းမြောက် ပူဇော်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

၁။ **ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၊** ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့၊
သာသနဇောတိပါလ စာသင်တိုက် ကျောက်မြောင်းအရှေ့ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ **ဆရာတော် ဘဒ္ဒန္တခေမာစိဏ္ဏ၊** အောင်မင်္ဂလာစာသင်တိုက်၊ ဘိုးလိန်းအောင်မင်္ဂလာ ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ **ဆရာတော် ဘဒ္ဒန္တ ဩဘာသ၊** မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**
**မြို့နယ်ဥပထမ္ဘကအဖွဲ့၊ တာမွေမြို့နယ်**



## အထူးဝမ်းမြောက်ဂုဏ်ပြုချီးကျူးပူဇော်လွှာ

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အနန္တဂုဏ်ရည် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် **ဘဒ္ဒန္တဃောသိတ** သည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် (၇၃)နှစ်မြောက် လွတ်လပ်ရေး နေ့တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းအပ်နှင်းခြင်း ခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ပြုချီးကျူး ပူဇော်အပ်ပါသည် ဘုရား။

**ထန်းပင်ကုန်းရပ်မိရပ်ဖအဖွဲ့**
**ထန်းပင်ကုန်းဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**ထန်းပင်ကုန်းမိသားစုသာသနာ့ရံသီအဖွဲ့**
**ဒါယကာ၊ ဒါယိကာမများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့်

၁။ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဦးတင်မောင် (စန္ဒီပရဆေး) (လူမှုထူးချွန်)

၂။ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါက်တာငွေငွေရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

၃။ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါ်သန်းသန်းစိန် (UKK Longyi)

၄။ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော အကယ်ဒမီ ခန့်စည်သူ

၅။ သီရိသုဓမ္မသီဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါ်အေးမော်စီ (အောင်သမာဓိရွှေဆိုင်)

၆။ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ကိုမျိုးမင်းစိုး (Designer) နှင့်

၇။ ဗေဒ္ယာစက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ချီးမြှင့်ခံရသော ကိုကျော်သက်နိုင် (ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

၈။ ဗေဒ္ယာစက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ချီးမြှင့်ခံရသော ဦးမြင့်ဇော် (MD အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

တို့အား မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သီရိသုဓမ္မမဏိဇောတဓရ မုံရွာဆရာမိုး**
**သား ဗိုလ်မှူးကျော်ကိုကိုရှိန်း + သမီး သီရိသုဓမ္မသီဂီ ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း**
**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်**
**KS DIAMOND Diamonds & Jewellery စိန်ရတနာဆိုင်နှင့် ရွှေသု By KS DIAMOND ရတနာရွှေဆိုင်မိသားစု**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်(၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)အရ နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော သာသာနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **အဂ္ဂမဟာသီရိသုဓမ္မသီဂီ** ဘွဲ့ ချီးမြှင့်ခံရသော အထက(၂)စမ်းချောင်း၊ ကျောင်းအကျိုးတော်ဆောင်– ဘဏ္ဍာရေးမှူး၊ ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ **ဒေါက်တာ ဒေါ်ငွေငွေရီ**အား အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာသာသနာအကျိုး၊ မိမိရပ်ရွာတိုင်းပြည် အကျိုးကို ယခု ထက်ပိုမိုဆောင်ရွက်နိုင်ပြီး မိသားစုအားလုံးလည်း စီးပွားဥစ္စာများ တိုးတက်၍ ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာ စန္ဒာမြင့်ငြိမ်း ကျောင်းအုပ်ကြီး**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း**
**အထက(၂)စမ်းချောင်း ဆရာမများ၊ ဝန်ထမ်းများနှင့် ပညာရေးမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂) ၊ စောမဟာလမ်း၊ မြေကွက်အမှတ်(၂၉၅)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးသာနိုးအောင် (၁၂/မရက(နိုင်)၀၂၅၃၁၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ခြေရင်းဘက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းညွန့်. (၁၂/တမန(နိုင်)၀၀၄၇၂၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေယာ ဂဒသမ၁၄၆ကော၊ မြေကွက်အမှတ် (ဥ-၆၀၄၂)၊ ဒေါ်ခိုင်မြနွယ် (ဘ)ဦးကက်စိန် ၁၂/ကမရ(နိုင်) ၀၁၃၀၆၉ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်စန္ဒာဘို (ဘ)ဦးဘိုသောင်း ၉/မမန(နိုင်)၀၇၈၅၉၄ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ဓမ္မစေတီ)၊ ဦးပိုင်အမှတ် (၁၅၀)၊ ရေယာ ဂဒသမ၁၅၉ကေအနက်မှ ရေယာ ဂဒသမ၀၆၂ကေအား ဒေါ်ဖြူဖြူသွယ်(ဘ)ဦးမျိုးမြင့် ၉/တကန(နိုင်)၀၉၉၄၄၅မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၇၈၄/၂၀၂၀)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှား စာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

